www.burmeseclassic.com

မင်းမြတ်သူရ

# ဆုကြီးပန်ချမ်းသာ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| ထုတ်ဝေခြင်း | - | တတိယအကြိမ် |
| | - | အောက်တိုဘာလ၊ ၂၀၁၅ ခုနှစ် |
| အုပ်ရေ | - | ၁၀၀၀ |
| မျက်နှာဖုံးဒီဇိုင်း | - | ကိုလတ် (၀၉၂၅၁၅၁၇၆၈၇) |
| မျက်နှာဖုံးပန်းချီ | - | ချင်းလေး |
| စာပြင် | - | တင်မိနိုင် |
| ထုတ်ဝေသူ | - | ဒေါ်သိမ့်သူစိုး |
| ပုံနှိပ်သူ | - | ဒေါ်သီရိနိုင် |
| | | ငါတို့စာပေပုံနှိပ်တိုက် (၀၀၇၀၇) |
| စာအုပ်ချုပ် | - | ရွှေသမီး |
| ဖြန့်ချိရေး | - | မဟာစာပေ |
| | | ဖုန်း - ၀၉ ၂၅၁၅၁၇၆၈၈ |
| | | ၀၉ ၇၉၁၅၈၄၁၁၈ |
| တန်ဖိုး | - | ၂၀၀၀ ကျပ် |

မင်းမြတ်သူရ

ဆုကြီးပန်ချမ်းသာ / မင်းမြတ်သူရ- ရန်ကုန်
မဟာစာပေ ၊ ၂၀၁၅
စာမျက်နှာ ၁၇၂ ၊ ၂၀.၅ × ၁၂.၅ စင်တီ
(၁) ဆုကြီးပန်ချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com

# မင်းမြတ်ရှု၏

# အကြိုးမှန်ချမ်းသာ



( တ စဉ် - ၃ )

www.burmeseclassic.com

www.burmeseclassic.com

**ဆုကြီးပန်ချမ်းသာ** ဟာ ကျွန်တော် အရင် ရေးနေကျပုံစံကနေ လိုင်းခွဲထွက်ထားတဲ့ စာအုပ်တစ်အုပ်ပါ။ **ဆုကြီးပန်ချမ်းသာ** ကို သေသေချာချာ ဖတ်ပြီး တိတိကျကျလိုက်နာမယ်ဆိုရင် စာဖတ်သူတွေအတွက် ရွှေလိုချင် ရွှေဖြစ်ရမယ်၊ ငွေလိုချင် ငွေဖြစ်ရမယ်လို့ ကျွန်တော် အာမခံပါတယ်...

အာမခံတာမှ ရိုးရိုးအာမခံတာမဟုတ်ပါဘူး ... မဟာပထဝီမြေကြီးကို သက်သေပြုပြီး အာမခံပါတယ်... ဒီစာအုပ်ထဲမှာ ဘဝအောင်မြင်ဖို့အတွက် လက်တွေ့ကျတဲ့ နည်းလမ်းတွေပါပါတယ်... ကျွန်တော် အလွန်နှစ်သက်တဲ့ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတွေရဲ့ အဆိုအမိန့်တွေ၊ ဘဝအောင်မြင်မှုတွေကို စာအုပ်အနေနဲ့ ရေးသားထားတာပါ... ဒါကြောင့် **ဆုကြီးပန်ချမ်းသာ**ဟာ ဝတ္ထုမဟုတ်ဘူးလို့ ပြောချင်ပါတယ်... ဒါပေမဲ့ ဝတ္ထုလည်းပဲ ဖြစ်နေပါတယ်...

လူငယ်တွေကို စကားလက်ဆောင်ပေးချင်ပါတယ်... လူ့ဘဝမှာ အရေးအကြီးဆုံးက တရားမွေ့ကို သိဖို့အတွက် သာယာလှပတဲ့ လူ့ဘောင် သစ်ကြီးကို သိဖို့လိုပါတယ်... ဗိုက်ထဲမှာ အစာမရှိတဲ့သူဟာ တရားမွေ့ကို

www.burmeseclassic.com

www.burmeseclassic.com

မသိနိုင်ပါဘူး... သာယာလှပတဲ့ လူ့ဘောင်သစ်ကြီးဖြစ်ဖို့ ယနေ့လူငယ်တွေရဲ့ အနာဂတ်ဟာ အလွန်အရေးကြီးပါတယ်...

လူငယ်တွေဘဝမှာ သက်သက်သာသာမနေဘဲ အရည်အချင်းတွေ အများကြီးရှိအောင် ကြိုးစားပါ...အရည်အချင်း များများရှိလေ လူ့ဘဝကို ကျေနပ်လေပါပဲ...ဘဝကို ကျေနပ်ဖို့အတွက် အလုပ်လုပ်နိုင်တဲ့ စွမ်းရည်တွေကို များများထုတ်သုံးမှ ဘဝကို ကျေနပ်မှုရမှာပါ... ကျွန်တော် ဒီလိုပြောတာ ငွေတွေကို အရှုံးအမူးရှာပြီး တိုက်တွေ၊ ကားတွေ ပိုင်ရမယ်လို့ မဆိုလိုပါဘူး... ပိုက်ဆံချမ်းသာတဲ့သူဌေးတော်တော်များများမှာ တိုက်တွေ၊ ကားတွေ၊ အခြွေအရံတွေနဲ့ပြည့်စုံပြီး ဘာကိုမှ မလိုအပ်တဲ့အချိန်မှာတောင် ဘဝကို မကျေနပ်နိုင်ကြဘူး... ပညာတတ် အသိုင်းအဝိုင်းမှာလည်း ဘွဲ့တွေ ဒီဂရီတွေ အများကြီးယူပြီးတာတောင် ဘဝကို မကျေနပ်နိုင်ကြဘူး...

ဘာကြောင့်လဲဆိုတော့ လူဟာ ပစ္စည်းဥစ္စာနဲ့ ပညာ ဘယ်လောက်ရှိရှိ ကိုယ်ပိုင်အရည်အသွေးကြောင့်ရတယ်လို့မယူဆရင် ဘဝကို ကျေနပ်မှု မရကြပါဘူး... ကိုယ်ပိုင်အရည်အသွေးဆိုတာ မိမိစွမ်းရည်ကို မိမိ လေးလေးနက်နက် ယုံကြည်စိတ်ချပါ... လူဟာ ပင်ပင်ပန်းပန်းကြိုးစားပြီး ကိုယ်ပိုင်အရည်အသွေးနဲ့ ဘဝအောင်မြင်မှုရလာမှ ဘဝကို ကျေနပ်မှု ပြည့်ပြည့်ဝဝ ရမှာပါ...

ပစ္စည်းဥစ္စာတွေနဲ့ ဘယ်လောက်ပင်ပြည့်စုံပါစေ အဓိပ္ပာယ်ရှိတဲ့ အလုပ်တစ်ခုကို မရပ်မနား လုပ်နေသင့်ပါတယ်... ဒါမှ မိမိကိုယ်မိမိ ယုံကြည်မှု ပြည့်စုံမှာပါ... လူဟာ သက်သက်သာသာ နေပါများရင် အရည်အချင်းမဲ့ပြီး ယုံကြည်မှုတွေ နည်းလာနိုင်ပါတယ်...

လူငယ်တွေ ဘာသာရေးနယ်ပယ်၊ လူမှုရေးနယ်ပယ်၊ ပညာရေး နယ်ပယ် ကြိုက်တဲ့နယ်ပယ်မှာ အရည်အချင်းရှိအောင် ကြိုးစားပါ... အောင်မြင်မှုရအောင် ကြိုးစားကြပါ...

အလုပ်သိပ်လုပ်ပြီး ပင်ပင်ပန်းပန်းကြိုးစားတဲ့ လူငယ်တိုင်းအတွက် ဘဝက အောင်မြင်မှုတံခါးကို ဖွင့်ထားပါတယ်...

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ မြေလတ်ပိုင်းမြို့တစ်မြို့၏ ကျယ်ဝန်းသောဘုန်းကြီးကျောင်းဝန်းအတွင်း၌ အသက်တစ်ဆယ့်လေးနှစ်အရွယ် လူငယ်တစ်ဦးသည် မနက်စောစောထ၍ ခရေပန်းများကောက်ယူနေလေ၏။ လူငယ်သည် ကောက်၍ရရှိသော ခရေပွင့်များကို သန့်စင်သောငှက်ပျောရွက်တစ်ရွက်ပေါ်တွင် စုပုံထားလေ၏။ ထိုစဉ်လူငယ်၏အနောက်မှ ရွရွလေးနင်းလာသော ခြေသံကို ကြားလိုက်ရ၏။

လူငယ်လှည့်ကြည့်လိုက်သောအခါ သူနှင့်ရွယ်တူ ဂါဝန်ဝတ် မိန်းကလေးတစ်ယောက်ကိုမြင်လိုက်ရ၏။ လူငယ်သည် မိန်းကလေးကိုမြင်၍ မျက်လုံးပြူးသွားပြီးလျှင်

"နင် ဘယ်သူလဲ"

ဟုမေးမြန်းလေ၏။ မိန်းကလေးက တစ်ဖက်ခြံသို့လက်ညှိုးညွှန်ပြ၍

"ငါက ဟိုဘက်ခြံကလေ"

ဟုဖြေလေ၏။ လူငယ်က

"ဪ... နင်က အသစ်ရောက်လာတဲ့ အရေးပိုင်ကြီးသမီးပေါ့။ နင်ဘာလာလုပ်တာလဲ"

www.burmeseclassic.com



ဟုမေးမြန်းလေ၏။ မိန်းကလေးက

"ငါ မနက်အစောကြီး အိပ်ရာကနိုးလို့ ဝရန်တာကကြည့်လိုက်တော့ ခရေပင်အောက်မှာ နင့်ကိုတွေ့တယ်၊ ဒါကြောင့် နင်နဲ့အတူ ခရေပန်းကောက်ဖို့ ဆင်းလာတာ၊ ငါက ခရေပန်းသိပ်ကြိုက်တယ်"

ဟုဖြေလေ၏။ လူငယ်က မိန်းကလေးကို ကြည့်၍ခေါင်းယမ်းကာ

"နင် ခရေပန်းမကောက်ပါနဲ့"

ဟုပြောလေ၏။ လူငယ်၏စကားကြောင့် မိန်းကလေးကမျက်လုံးပြူး သွားပြီး

"ဘာဖြစ်လို့လဲဟင်"

"နင့်ကိုငါကောက်ပေးပါ့မယ်... ငါကောက်နေတုန်း နင်က အပင် အောက်မှာစောင့်နေပေါ့"

လူငယ်၏စကားကြောင့် မိန်းကလေး၏မျက်နှာ ပြုံးယောင်သန်းသွား ပြီးလျှင် သူမ၏ဂါဝန်ကိုလက်ဖြင့်သိမ်း၍ သစ်မြစ်ဆုံတွင်ထိုင်လိုက်ပြီး

"သိုင်းခရုပဲ"

ဟုပြောလေ၏။ လူငယ်က မျက်မှောင်ကြုပ်၍

"သိုင်းခရုဆိုတာ ဘာလဲ"

"သိုင်းခရုဆိုတာ ကျေးဇူးတင်တယ်လို့ပြောတာ... နင်ကလည်း ဟယ်၊ ဒါတောင်မသိဘူးလား၊ နင့်တီချယ်က တစ်ခုခုပေးရင် ကျေးဇူးတင် တယ်လို့ ပြောရမယ်ဆိုပြီး သင်မပေးဘူးလား"

"တီချယ်ဆိုတာ ဘာလဲ"

"တီချယ်ဆိုတာ ဆရာမကိုပြောတာ"

"ငါ့မှာ ဆရာမမှ မရှိတာ"

"အိုး... ဆောရီး...ဆောရီး၊ နင်က ဘုန်းကြီးကျောင်းသားပဲ၊ ဘယ်လိုလုပ် တီချယ်ရှိရမှာလဲ"

"ဆောရီး ဆိုတာဘာလဲ"

"ဆောရီးဆိုတာ ဝမ်းနည်းတာကိုပြောတာဟဲ့"

"နင်ကလည်းဟယ်၊ တီချယ်မရှိတာနဲ့ ဝမ်းနည်းရမှာလား၊ ဒါဟာ ဝမ်းနည်း စရာမဟုတ်ပါဘူး၊ ငါ့မှာ ဆရာတော်ရှိတယ်၊ ဆရာတော်အ



www.burmeseclassic.com

www.burmeseclassic.com



လောကနီတိလည်း သင်ပေးပြီးပြီ၊ ငါက အတွင်းအောင်ခြင်း၊ အပြင်အောင် မြင်အောင်ကျွတ်လို့ ရတနာရွှေချိုင့်တောင်အံ့နေပြီ"

လူငယ်က ခပ်ကြွားကြွားပြောလိုက်သောအခါ မိန်းကလေးက စိတ်ညစ်ဟန်ဖြင့် ခေါင်းကိုကုတ်လိုက်ပြီး

"ငါပြောတဲ့ဆောရီးက ငါစကားမှားသွားလို့ ဝမ်းနည်းပါတယ်လို့ပြောတာဟဲ့"

ဟုဖြေရှင်းလိုက်လေရာ လူငယ်က မျက်မှောင်ကျုတ်၍

"စကားမှားသွားတာလေးနဲ့များ ဝမ်းနည်းစရာမလိုပါဘူး၊ ငါတို့ ကျောင်းမှာ ကျောင်းသားတွေရော၊ ကိုရင်တွေပါ စာအံရင် ခဏခဏမှားကြတာပဲ၊ နင်ပြောသလို မှားတိုင်းသာ ဝမ်းနည်းရမယ်ဆိုရင် ငါတို့တစ်ကျောင်းလုံး ဝမ်းနည်းလို့ဆုံးမှာမဟုတ်တော့ဘူး"

ဟုပြောလေ၏။ မိန်းကလေးသည် လူငယ်အား ရှင်းလေရှုပ်လေ ဖြစ်နေသဖြင့် ရှင်းရန် မကြိုးစားတော့ဘဲ စကားလွှဲသည့်အနေဖြင့်

"ထားပါတော့ဟယ်... နင်ပြောတဲ့အထဲမှာ လောကနီတိဆိုတာပါ တယ်၊ အဲဒီ လောကနီတိ ဆိုတာဘာလဲ"

ဟုမေးမြန်းလေ၏။ လူငယ်ကမိန်းကလေးကို အထင်သေးဟန်ဖြင့် ကြည့်၍

"လောကနီတိတောင်မသိဘူးဆိုရင်တော့ နင်အတော်ညံ့သေးတာပဲ၊ ဆရာတော်ကမိန့်တယ်၊ လောကနီတိဆိုတာ လူတွေ လိုက်နာကျင့်သုံးရမဲ့ကျမ်း တဲ့၊ နီတိက သုံးမျိုးတောင်ရှိတယ်၊ လောကနီတိ၊ ဓမ္မနီတိ၊ ရာဇနီတိတဲ့၊ ဓမ္မနီတိဆိုတာက ဘုရားဟောကျမ်းကိုဆိုတာ၊ ရာဇနီတိကတော့ မင်းအစိုးရ တွေသုံးတဲ့ကျမ်းတဲ့ မှတ်ထား"

လူငယ်က ဆရာကြီးလုပ်ကာ ပြောလိုက်သောစကားကြောင့် မိန်းက လေးကမျက်လုံးပြူးသွားပြီး

"နင်က ပညာရှိပဲ"

ဟုချီးမွမ်းလိုက်လေ၏။ လူငယ်ကရီမော၍

"အဲဒီလောက်လေး ပြောတတ်ရုံနဲ့ ပညာရှိဆိုရင်တော့ ငါတို့ကျောင်း က ကျောင်းသားတွေအကုန်လုံး ပညာရှိဖြစ်ကုန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုလိုက်ရာ မိန်းကလေးကပြုံး၍

"လောကနီတိထဲက နည်းနည်းလောက် ရွတ်ပြစမ်းပါ"

"သဗ္ဗာနဒီ၊ ခပ်သိမ်းသောမြစ်တို့သည်၊ ဝင်္ကနဒီ၊ ကောက်ကွေ့သော သဘော ရှိကုန်၏။ သဗ္ဗေဝနာ၊ ခပ်သိမ်းသော တောတို့သည် ကဋ္ဌမယာ၊ ထင်းဖြင့်သာ ပြီးကုန်၏။ သဗ္ဗဝတ္တိယော ခပ်သိမ်းသောမိန်းမတို့သည်၊ နဝါတကေ၊ ဆိတ်ငြိမ်သော အရပ်ကို ရသည်ရှိသော်၊ မကောင်းမှုကို၊ ကရေ၊ ပြုမြဲတည်းတဲ့ မှတ်ထား"

"နင်တို့စာကလည်း မိန်းမတွေမကောင်းကြောင်းကိုရေးထားတာပဲ"

"ငါလည်း မသိပါဘူးဟယ်... ဆရာတော်သင်ပေးတာကို ရွတ်ပြတာ လေ"

လူငယ်သည် ပြောပြောဆိုဆိုနှင့် မိန်းကလေးအတွက် ခရေပန်းများကို ကောက်ပေးနေ၏။ မိန်းကလေးသည် ဂါဝန်ကိုသိမ်း၍ သစ်မြစ်ဆုံတွင် ထိုင်စောင့်၏။ ခဏကြာလျှင် ခရေပန်းများ အသင့်အတင့်ရပြီဖြစ်ရာ လူငယ်က မိန်းကလေး၏ လက်ဖဝါးထဲသို့ ထည့်ပေးလေ၏။ မိန်းကလေးသည် ခရေပန်းများကို အားရပါးရနမ်းရှုပ်၍

"အား ... သိပ်မွှေးတာပဲ၊ သိုင်းခရ ... သိုင်းခရ"

ဟုပြောလေရာ လူငယ်က

"ကျေးဇူးတင်တယ်လို့ပြောတယ်ပေါ့ ... ကျေးဇူးတင်ရင် နောက်နေ့ လာခဲ့ဦးလေ"

"ကျေးဇူးတင်တာနဲ့ ငါက ဘာလို့လာရမှာလဲ"

"နင့်မျက်နှာကိုမြင်ရင် ငါစိတ်ချမ်းသာတယ်... ဒါကြောင့် နင့်ကို အမြဲလာခိုင်းတာ"

"အို၊ ဘာတွေလျှောက်ပြောနေတာလဲ....... ငါသွားတော့မယ်"

မိန်းကလေးသည် လူရွယ်၏စကားကြောင့် ရှက်ကိုးရှက်ကန်း ဖြစ်သွားပြီးလျှင် ဂါဝန်လေးအား လေထဲတွင် တလူလူလွင့်အောင် ပြေးထွက် သွားလေ၏။

လူငယ်သည် မိန်းကလေး၏ နောက်ကျောကို မျက်စိတစ်ဆုံးကြည့်၍ ကြည်နူးချမ်းမြေ့ပြီး ကျန်ရစ်ခဲ့လေ၏။ ထိုနေ့က လူငယ်သည် မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com

ချကြီးပန်ချမ်းသာ

အကြောင်းစဉ်းစားနေ၍ ယာဂုကို နောက်ကျလေ၏။

********



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးဘုဦးပေးရန် အာရုဏ်ဆွမ်းနောက်ကျသဖြင့် ဦးပဥ္စင်းကြီးက လူငယ်၏ခေါင်းကိုခေါက်၏။ လူငယ်ကဝမ်းမနည်းဘဲ စပ်ဖြီဖြီလုပ်၍သာ နေ၏။ လူငယ်သည် ထိုနေ့တစ်နေ့လုံး မိန်းကလေးအကြောင်းကိုသာ စဉ်းစားနေလေ၏။ နောက်တစ်နေ့သို့ရောက်သောအခါ လူငယ် ခရေပန်းကောက်နေသောနေရာသို့ မိန်းကလေးရောက်လာပြန်၏။

မိန်းကလေးသည် သစ်မြစ်ဆုံတွင်ထိုင်မနေတော့ဘဲ လူငယ်နှင့်အတူ ခရေပန်းများကို ကောက်လေ၏။ လူငယ်က

"နင်ထိုင်နေပါဟယ်၊ နင့်အတွက် ငါကောက်ပေးပါ့မယ်"

ဟုပြောလေရာ မိန်းကလေးက

"နင်တစ်ယောက်တည်း ကောက်ရင် ပင်ပန်းပါတယ်၊ ငါလည်း ကူကောက်ပေးပါ့မယ်"

ဟုဆိုကာ ခရေပန်းများကို လူငယ်နှင့် အတူကောက်လေ၏။

မြေပေါ်သို့ကြွေကျနေသော ခရေပန်းများကို အပြိုင်အဆိုင်ကောက်ကြရင်း တစ်ဦးနှင့်တစ်ဦးတွန်းထိုးမိကြ၏။ ထိုအခါ မိန်းကလေးသ



www.burmeseclassic.com

www.burmeseclassic.com



[illegible]လွှင်လွှင်ကလေးနှင့် ရယ်မောလေ၏။ ခရေပန်းများကောက်ပြီးသောအခါ [illegible]လေးက သူမ၏ဂါဝန်အိတ်ထဲမှ လက်တစ်ဝါးခန့်ရှိသောစက္ကူပတ် [illegible] ကိုထုတ်၍ လူငယ်အားပေးလေ၏။ လူငယ်ကကြည့်၍

"ဘာလဲဟင်"

"နင်စားဖို့ယူလာတာ...ချောကလက်လို့ခေါ်တယ်"

"ချောကလက်ဟုတ်လား၊ ငါမကြားဖူးပါလား၊ ငါကြားဖူးတာက [illegible]သည်း၊ မုန့်ဗိုင်းတောင့် မုန့်စိမ်းပေါင်းတွေပဲ"

"နင် ဘယ်ကြားဖူးမလဲ... ဒါက ဘိလပ်ကလာတဲ့မုန့်ပဲ၊ နင်စား [illegible]ည့်ပါလား၊ ချိုဆိမ့်နေတာပဲ"

"ဘိလပ်ရည်ကိုတော့ ဆရာတော်ကြီးစွန့်လို့ ငါသောက်ဖူးတယ်၊ [illegible] ပြောတဲ့မုန့်ကိုတော့ ငါမစားဖူးသေးဘူး"

လူငယ်သည် ပြောပြောဆိုဆိုနှင့် စက္ကူပတ်ကိုခွာ၍ မိန်းကလေးကျွေး [illegible] ချောကလက်ကို တစ်ကိုက်ကိုက်လေ၏။ ပြီးနောက် လျှာပေါ်တွင် [illegible]ရသာခံ၍

"အေး, ဟုတ်တယ်၊ သိပ်ကောင်းတာပဲ၊ ချိုဆိမ့်နေတာပဲ"

ဟုချီးမွမ်းလေ၏။ မိန်းကလေးကပြုံး၍

"နင်ကြိုက်ရင် ငါ နောက်ယူလာခဲ့ဦးမယ်၊ ဒီနေ့တော့ ငါပြန်တော့ မယ်"

ဟုနှုတ်ဆက်လေရာ လူငယ်ကခေါင်းညိတ်လေ၏။ လူငယ်သည် မိန်းကလေး၏ နောက်ကျောကိုကြည့်နေရာမှ ယာဂုကျိုရန်သတိရသဖြင့် ကျောင်းသို့ပြေးလေ၏။

နောက်တစ်နေ့သို့ရောက်သောအခါ မိန်းကလေးက လူငယ်စားရန် ဘိလပ်မှမုန့်တစ်မျိုး ယူလာပြန်၏။ မိန်းကလေးက သူမ၏ဂါဝန်ထဲ သို့ လက်ဖြင့်နှိုက်၍ တစ်စုံတစ်ခုကို ထုတ်ယူကာ

"ရော့, နင့်အတွက်ချိ(စ်)"

ဟုဆိုလိုက်ရာ လူငယ်ကနှာခေါင်း ရှုံ့၍

"ချိး, ဟုတ်လား ... ငါမစားချင်ပါဘူး၊ ရွံစရာကြီး"

ဟုဆိုလိုက်၏။ မိန်ကလေးကရယ်မော၍



www.burmeseclassic.com

www.burmeseclassic.com



"ချီးမဟုတ်ပါဘူးဟဲ့ ... ချီ(စ်)ပါ၊ မြန်မာလို ဒိန်ခဲလို့ခေါ်တယ်။ စားကြည့်စမ်း"

ဟုပြောလေရာ လူငယ်က မဝံ့မရဲနှင့် ချိစ်တစ်တုံးကိုယူ၍ ဝါးစားကြည့်လေ၏။ ပြီးနောက်

"ငံကျိကျိအရသာကြီး ... ငါမကြိုက်ပါဘူး"

ဟုပြောလေ၏။ မိန်းကလေးက လူငယ်၏အမူအယာကို ကြည့်၍ ရယ်မောလေ၏။ မိန်းကလေးက ရယ်မောပြီးသည်နှင့်

"ငါတို့နှစ်ယောက် ခင်တာကြာပြီ၊ တစ်ယောက်နဲ့တစ်ယောက် နာမည်မသိရသေးဘူး၊ နင့်နာမည်ပြောပါဦး"

ဟုမေးမြန်းလေရာ လူငယ်က

"ငါ့နာမည်က ချမ်းသာ"

ဟုပြောလေ၏။ မိန်းကလေးက

"ချမ်းသာ ... ချမ်းသာ နာမည်လေးကခေါ်လို့ကောင်းသားပဲ၊ ငါ့နာမည်ကလူစီတဲ့"

"ဘာ ... လူစည်... ဟုတ်လား၊ နင့်နာမည်က နားရှက်စရာကြီး ငါမခေါ်ရဲပါဘူး"

"ကျောင်းနာမည်ကိုပြောတာပါဟယ်... မြန်မာနာမည်က သီတာတဲ့၊ သီတာလို့ပဲခေါ်ပေါ့"

"သီတာဆိုတော့ သီတာဒေဝီမင်းသမီးပေါ့... ဒီနာမည်ကိုတော့ ငါကြိုက်တယ်၊ သီတာလို့ပဲခေါ်မယ်"

ဤသို့ဖြင့် ဘုန်းကြီးကျောင်းသားမောင်ချမ်းသာနှင့် ကွန်ဗင့်ကျောင်းသူကလေး သီတာသည် အဆွေခင်ပွန်းဖွဲ့၍ နေထိုင်ခဲ့လေ၏။

ချမ်းသာသည် ဘုန်းကြီးကျောင်းသားများလုပ်လေ့ရှိသော ယာဂုကျိုခြင်း၊ တုံးခေါက်ခြင်း၊ ရေငင်ခြင်း၊ ကနုတ်ဆေးခြင်း စသော အလုပ်များကို လုပ်ကိုင်ပြီးသည်နှင့် ကျောင်းအနောက်ဘက် ခရေပင်ကြီးအောက်သို့ သွားကာ စာကျက်လေ့ရှိ၏။

ထိုအချိန်မျိုးတွင် သီတာသည် ခြံစည်းကိုကျော်၍ ချမ်းသာ ရှိရာသို့ ရောက်လာလေ့ရှိ၏။ ချမ်းသာ စားသောက်ရန် စားသောက်ဖွယ်ရာ အမျိုး



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်းယူလာလေ့ရှိ၏။ ချမ်းသာသည် သီတာမရောက်လာသည့်နေ့များတွင် ခြစည်းရိုးကိုသာ တမျှော်မျှော် လုပ်နေမိ၏။ သူသည် စာကျက်၍ မရသဖြင့် ရေပင်ကြီးအောက်တွင် ငူငူငိုင်ငိုင်ကြီးထိုင်နေလေ၏။

ညသို့ရောက်သောအခါ ဦးပဥ္စင်းကြီးရှေ့တွင် ကောင်းစွာ စာမပြန်နိုင်သဖြင့် ဦးပဥ္စင်းကြီး၏ အရိုက်အနက်ကိုခံရလေ၏။

နောက်တစ်နေ့သို့ ရောက်သောအခါရေပင်ကြီးအောက်သို့ သီတာ ရောက်လာ၏။

"မာမီနေမကောင်းလို့ ဖဲဝိုင်းမသွားဘူးချမ်းသာ...ဒါကြောင့် ငါအပြင်ကို ထွက်မလာတာ"

ဟုပြောလေ၏။ သီတာ၏အမေသည် မင်းကတော်များစု၍ ရိုက်လေ့ရှိသော ဖဲဝိုင်းသို့ နေ့စဉ်သွားလေ့ရှိ၏။ သီတာ၏ဖခင် အရေးပိုင်ကြီးကမူ မြို့လယ်ကောင်ရှိရုံးသို့ မနက်စောစော ထွက်လေ့ရှိ၏။ ထိုအချိန်မျိုးတွင် သီတာသည် ချမ်းသာတို့ ဘုန်းကြီးကျောင်းဝင်းဘက်သို့ ကူးသန်းလာလေ့ရှိ၏။

တစ်နေ့သ၌ ချမ်းသာသည် မာလကာပင်ပေါ်သို့တက်၍ မာလကာသီးခူးရင်း သီတာတို့ခြံဘက်သို့ကြည့်လိုက်ရာ ဂါဝန်လေးတဖားဖားဖြင့် စက်ဘီးစီးနေသော သီတာကိုမြင်လိုက်ရ၏။ သီတာ၏စက်ဘီးသည် ဘိလပ်မှ မှာယူထားသောစက်ဘီးဖြစ်သဖြင့် အလွန်လှ၏။

နောက်တစ်နေ့တွင် သီတာနှင့် တွေ့သောအခါ ချမ်းသာက

"သီတာ ... နင်မနေ့က စက်ဘီးစီးနေတယ်နော်"

"ဟုတ်တယ်လေ ... ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး သီတာရယ် ... နင်စက်ဘီးစီးတာ ကြည့်လို့ ကောင်းလို့ပါ"

ချမ်းသာ၏ စကားကြောင့် သီတာပြုံး၍

"နင်စက်ဘီးစီးတတ်သလား"

ဟုမေးလေ၏။ ချမ်းသာက ခေါင်းခါ၍

"ဘယ်စီးတတ်ပါ့မလဲ သီတာ... စက်ဘီးဈေးက ကြီးပါဘိသနဲ့၊ ဘုန်းကြီးကျောင်းသားနဲ့ စက်ဘီး တခြားစီပါ"

ဟုပြောလေရာ သီတာက



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် နင့်ကိုငါ စက်ဘီးစီးသင်ပေးမယ်" ဟုပြောလေ၏။

ချမ်းသာသည် ရေငတ်တုန်း ရေတွင်းထဲကျသကဲ့သို့ လွန်စွာပျော်ရွှင်သွားလေ၏။

သူသည် စက်ဘီးစီးချင်သူ မဟုတ်ပါလား။ မြို့ထဲသို့ ဆွမ်းခံထွက်ရင်း သူနှင့်ရွယ်တူ ကောင်လေးများ စက်ဘီးစီးသွားသည်ကိုမြင်လျှင် တအံ့တဩ ငေးမောကြည့်ဖူးလေ၏။ ၎င်းတို့၏ကံကြမ္မာသည် ကောင်းမွန်ပေစွဟုလည်း တွေးတောခဲ့ဖူး၏။

ယခုတော့ သူလည်း ကံကောင်းသူတစ်ယောက် ဖြစ်ပေတော့မည်။ ထိုညက သူသည် ညနက်သည်အထိ အိပ်စက်၍မပျော်ပေ။ အိပ်မက်ထဲတွင် စက်ဘီးကို ကျွမ်းကျင်စွာ စီးနေလေ၏။

သီတာသည် ညနေစောင်းသောအခါ စက်ဘီးယူလာ၍ ကျောင်းအနောက်ဘက်ရှိ မြေနီလမ်းပေါ်တွင် ချမ်းသာအား စက်ဘီးစီးသင်ပေးလေ၏။ ချမ်းသာသည် အလဲလဲ အပြိုပြိုနှင့် ဒဏ်ရာများစွာရရှိသော်လည်း စက်ဘီးစီးချင်ဇောဖြင့် အနာခံ၍ သင်ယူလေ၏။

သီတာကလည်း ချမ်းသာ၏ခန္ဓာကိုယ်ကြီးကို မနိုင့်တနိုင်ဖြင့် ထိန်းကိုင်ပေးရှာ၏။ သီတာ၏ ထိန်းကိုင်ပေးမှုကြောင့် ချမ်းသာမှာ အထိမနာခဲ့ပေ။ အတန်ကြာအောင် စက်ဘီးစီးသင်ပြီးနောက် သီတာက

"လမ်းပေါ်ထွက်ရအောင် ချမ်းသာ"

ဟုဆိုလေရာ ချမ်းသာက မဝံ့မရဲဖြင့်

" ဖြစ်ပါ့မလား သီတာ"

ဟုပြောလေ၏ ။ သီတာက

" ဖြစ်ပါတယ်ဟာ ... နင့်ကို ငါ နောက်ကနေ ထိန်းပေးမှာပေါ့"

ဟုပြောလေ၏။

ဤသို့ဖြင့် ချမ်းသာသည် လမ်းမပေါ်သို့ စက်ဘီးတွန်းယူခဲ့လေ၏။ လမ်းပေါ်သို့ရောက်သောအခါ ချမ်းသာက စက်ဘီးပေါ်သို့တက်လေ၏။ သီတာက ထိုင်ခုံကို လက်ဖြင့်ထိန်း၍

"ကိုယ်ကို မတ်မတ်ထား ချမ်းသာ"

ဟုဆိုကာ နောက်မှ ထိန်းကိုင်ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာသည် ကိုယ်ခန္ဓာကို အတတ်နိုင်ဆုံး ထိန်းသိမ်း၍ မပြုံလဲရန် ကြိုးစားလေ၏။ ကုန်းဆင်းဖြစ်သဖြင့် စက်ဘီး၏အရှိန်လည်း တဖြည်းဖြည်း မြန်လာ၏။ ထိုစဉ် သီတာ၏လက်ကို တစ်စုံတစ်ယောက်ကဆွဲကိုင်၍

"ဟဲ့ သီတာ ... အောက်တန်းစားတွေကို ဘာလို့ စက်ဘီးစီးသင်ပေးနေတာလဲ" ဟုဆိုလေရာ သီတာကလှည့်ကြည့်ပြီး

"ဟင်... အစ်ကိုလေး၊ သီတာ့လက်ကိုလွှတ်ပါ၊ သူမစီးတတ်သေးဘူး လဲကျလိမ့်မယ်"ဟုဆိုကာ အတင်းရုန်းကန်လေ၏။

ထိုသူမှာ သီတာ၏ အစ်ကိုဝမ်းကွဲတော်သော ဘကြိုင်ဆိုသူဖြစ်၏။ သဘောဆိုးသော ဘကြိုင်သည် သီတာ၏လက်ကို မလွှတ်ဘဲ

"ဟားဟားဟား...အောက်တန်းစားကောင်တွေ ဒီလို အထိနာမှ မှတ်မှာကွ" ဟုပြောဆိုလေ၏။

ချမ်းသာသည် စက်ဘီးကို ကုန်းဆင်းအတိုင်း အရှိန်နှင့် ယိုင်ထိုးယိုင်ထိုး စီးနင်းလာလေရာ မထိန်းနိုင်သည်နှင့်

"သီတာ... သီတာ လုပ်ပါဦး" ဟု ထိတ်လန့်တကြား အော်ဟစ်လေ၏။ သို့သော် စက်ဘီးသည် အရှိန်တဖြည်းဖြည်းမြန်လာပြီး ကွေ့တစ်ခုသို့ ရောက်သောအခါ ဒလိမ့်ခေါက်ကွေး မှောက်လေတော့၏။ ချမ်းသာသည် မြေပေါ်တွင် နှစ်ပတ်သုံးပတ်လိမ့်၍ ခေါင်းနှင့်ကျောက်ခဲ ဆောင့်မိကာ သွေးများဖြာကျလာလေ၏။ သီတာသည် ငယ်သံပါအောင်အော်ဟစ်၍ ချမ်းသာ၏အနီးသို့ ပြေးလိုက်လာ၏။ သို့သော် သီတာ၏အစ်ကို ဘကြိုင်က သူမ၏လက်ကိုချုပ်ကိုင်ထားပြီး

"တန်ရာတန်ရာ မနေတဲ့အကောင် ...ဖြစ်တာနည်းသေးတယ်" ဟုဆိုကာ စက်ဘီးကိုယူ၍ သီတာကို ဆွဲခေါ်သွားလေ၏။ သီတာသည် ရုန်းကန်ရင်း သူမ၏အစ်ကိုနောက်သို့ ပါသွားရာ၏။

ချမ်းသာသည် လဲကျနေရာမှ လူးလဲထ၍ ဘုန်းကြီးကျောင်းဘက်သို့ ပြန်ခဲ့လေ၏။ သီတာ၏အစ်ကိုဆိုသူက သူ့အား လက်ညှိုးငေါက်ငေါက်ထိုး၍ အောက်တန်းစားကောင်ဟုပြောသွားခဲ့၏။

သူ့ဘဝသည် ဤမျှ အောက်တန်းကျနေလေပြီလား... ဘုန်းကြီးကျောင်းသားဘဝသည် မျက်နှာငယ်လှပါတကား၊ သူတို့ဘုန်းကြီးကျောင်းသား



www.burmeseclassic.com

www.burmeseclassic.com



အများစုသည် ဗုဒ္ဓ၏ ထီးရိပ်အောက်တွင်ခိုလှုံ၍ ကောင်းမှုကုသိုလ်များကို နေ့စဉ် လုပ်ကိုင်ရ၏။ ဤလူများသည် အောက်တန်းစားကောင်းများ ဖြစ်လေပြီလား။ ဤဖြစ်ရပ်လေးသည် မပြောပလောက်သော်လည်း နုနယ်သော ချမ်းသာ၏ နှလုံးသားထဲသို့ ဆူးတစ်ချောင်းနှယ် စတင်စူးနစ်ခဲ့သည်ဟု ဆိုနိုင်၏။ ချမ်းသာသည် အသက်တစ်ဆယ့်ငါးနှစ်အရွယ်အထိ တစ်ကြိမ်တစ်ခါမှမလုပ်ခဲ့ဖူးသောအလုပ်ကို စတင်လုပ်ခဲ့လေပြီ။ ထိုအလုပ်မှာ သူ့ဘဝကို စတင်သုံးသပ်သောအလုပ်ပင်ဖြစ်၏။

*******



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မှစ၍ သီတာသည် တွေ့နေကျ ခရေပင်ကြီးအောက်သို့ ရောက်မလာခဲ့ပေ။ ချမ်းသာသည် ခရေပင်အောက်တွင် စာကျက်ရင်း သီတာကို စောင့်မျှော်နေမိ၏။

သီတာရောက်မလာသဖြင့် စာကျက်၍ မရဘဲရှိနေ၏။ စာပြန်ချိန်သို့ ရောက်သောအခါ ဦးပဥ္စင်းကြီးက

"စာမကျက်တဲ့ကောင် ဒသပေတော့"

ဟုဆိုကာ ကြိမ်လုံးဖြင့် ထုအားလွှဲရိုက်လေ၏။ ဦးပဥ္စင်းကြီး ရိုက်သော အနာသည် ချမ်းသာ၏ ရင်တွင်းအနာကို မမီနိုင်ခဲ့ပေ။

မနက်စောစော ခရေပင်ကြီးအောက်တွင် ခရေပန်းထကောက်တိုင်း သီတာကို သတိရနေမိ၏။ နေ့လယ်ခင်း ခရေပင်ကြီးအောက်တွင် စာကျက်တိုင်း သီတာကို မျှော်နေမိ၏။ သီတာကျွေးသော ချောကလက်စက္ကူပတ်လေးများကို သူသိမ်းထားသည်။ ချောကလက်စက္ကူပတ်လေးများ၊ လှပသော ခဲတံရောင်စုံကလေးများနှင့် လက်ကိုင်ပဝါဖြူဖြူလေးများသည် သီတာပေးသော လက်ဆောင်ပစ္စည်းများပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်ခန့် ကြာသောအခါ သီတာသည် ခရေပင်ကြီးအောက်သို့ ရောက်လာ၏။ ချမ်းသာသည် သီတာ့ကိုမြင်သည်နှင့် လွန်စွာပျော်ရွှင်သွားပြီး

"သီတာရယ် ... မတွေ့ရတာ (၇) ရက်တောင်ရှိနေပြီ"

ဟုဆိုလိုက်ရာ သီတာက

"ဟုတ်တယ်ချမ်းသာ... နင့်ကို စက်ဘီးစီးသင်ပေးတဲ့နေ့က ငါ့အစ်ကို ဘကြိုင်ရောက်လာပြီး ငါ့ကို မာမီနဲ့တိုင်ပြောတယ်လေ၊ ဒါကြောင့် မာမီက ဘုန်းကြီးကျောင်းဝင်းထဲကို မသွားရဘူးလို့ အမိန့်ထုတ်ထားတယ်၊ အစေခံတွေလည်း ငါ့ကိုစောင့်ကြည့်ဖို့ မှာထားတယ်၊ ဒီနေ့တော့ နင်နဲ့ တွေ့ချင်လွန်းလို့ အစေခံတွေကို လာဘ်ထိုးပြီး လာတွေ့တာ၊ နင့်ကိုငါ သိပ်သတိရတာပဲ"

ဟုပြောလေ၏ ။ သီတာ့စကားကိုနားထောင်၍ ချမ်းသာက

"နင့်မာမီက ဘုန်းကြီးကျောင်းဝင်းထဲကို မသွားရဘူးဆိုတော့ ငါနဲ့မတွေ့စေချင်လို့ပေါ့၊ ငါက ဘာဖြစ်နေလို့လဲ"

ဟုမေးမြန်းလေရာ သီတာက

"နင်တို့ ဘုန်းကြီးကျောင်းသားတွေက အောက်တန်းကျတယ်၊ အဆင့်အတန်းမရှိဘူးတဲ့၊ ဒီလိုလူမျိုးတွေနဲ့ အရောတဝင် မနေရဘူးလို့ မာမီက ပြောတယ်"

ဟုပြောလေ၏။ ချမ်းသာက သီတာ၏စကားကို သံယောင်လိုက်၍

"ဘုန်းကြီးကျောင်းသားတွေက အောက်တန်းကျတယ် ဟုတ်လား။ ငါတို့က မနက်အစောကြီးထပြီး ယာဂုကျိုတယ်၊ တံခါးခေါက်တယ်၊ ပန်းခူးတယ်၊ ဝတ်လည်းတက်ရတယ်၊ဆွမ်းခံထွက်ရင် လိုက်ရတယ်၊ အောက်တန်းကျတဲ့ အလုပ်ကို ဘာမှမလုပ်ပါဘူး၊ အားလပ်ချိန်တွေမှာလည်း စာတွေကို မနားမနေ ကျက်ရတယ်၊ မေတ္တာသုတ်တွေရွတ်ရတယ်၊ ဘုရားဂုဏ်တော်တွေရွတ်ရတယ်၊ လောကနီတိကိုလည်း ကျွမ်းကျွမ်းကျင်ကျင်တတ်တယ်၊ လောကနီတိကို မတတ်တဲ့သူတွေသာ အကန်းနဲ့တူတာ၊ နင့်အစ်ကိုဘကြိုင်ဆိုတဲ့ကောင်ဟာ လောကနီတိကို တတ်ပုံမရဘူး၊ ဒီကောင်ဟာ အကန်းနဲ့တူတယ်"

ဟုပြောလေ၏။ သီတာက

"ငါလည်းမသိပါဘူး ချမ်းသာရယ် ... ငါကတော့ နင်နဲ့အတူတူ

www.burmeseclassic.com

www.burmeseclassic.com



နေရတာ ပျော်တယ်၊ နင်နဲ့ စကားပြောနေရရင် အချိန်ကုန်လို့ကုန်မှန်းမသိဘူး၊ သိပ်စိတ်ချမ်းသာတာပဲ"

ဟုပြောလေရာ ချမ်းသာ၏ ရင်ထဲတွင် အမျိုးအမည်မဖော်နိုင်သော ဝေဒနာတစ်မျိုး ဖြစ်ပေါ်ခဲ့လေ၏။ ထိုဝေဒနာသည် မည်သည့်ဝေဒနာဖြစ်မှန်း ချမ်းသာကိုယ်တိုင်လည်း အဓိပ္ပာယ်မဖော်နိုင်ခဲ့ပေ။

ထိုနေ့က သီတာသည် ချမ်းသာနှင့်အချိန်ကြာကြာနေခဲ့ပြီးနောက်

"ငါသွားမယ်ချမ်းသာ... နောက်လည်း အခွင့်အရေးရရင် ငါထွက်လာခဲ့မယ်၊ ငါ့အစ်ကိုဘကြိုင်နဲ့ တွေ့ရင်သာ နင်သည်းခံပြီးနေပါ"

ဟုမှာကြားလေ၏။ ချမ်းသာက ခေါင်းညိတ်၍

"ဒီအတွက် နင်မပူပါနဲ့ ... ငါတို့ဘုန်းကြီးကျောင်းသားတွေ သည်းခံတတ်ပြီးသားပါ၊ ဒုဋ္ဌနာ၊ သူယုတ်တို့သည်။ ဒေါသ၊ အမျက်ကို၊ ဣစ္ဆန္တိ၊ အလိုရှိကုန်၏တဲ့၊ အမျက်ဒေါသကို သူယုတ်တွေသာ အလိုရှိတာပါ"

ဟုလေးနက်စွာ ပြောဆိုလေတော့သတည်း။

*******



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ သီတာသည် ချမ်းသာစာကျက်ရာ ခရေပင်ကြီးအောက်သို့ မနက်စောစော ရောက်လာပြီးလျှင်

"ဗွတ်မောနင်း ချမ်းသာ"

ဟုနှုတ်ဆက်လိုက်လေရာ ချမ်းသာက မျက်မှောင်ကြုတ်၍

"ဘာအဓိပ္ပာယ်လဲ"

ဟုမေးမြန်းလေ၏။ သီတာက ရယ်မော၍

"ဘိုလိုနှုတ်ဆက်တာဟဲ့ ... ခေတ်ဆန်တဲ့လူတွေ တစ်ယောက်နဲ့တစ်ယောက်တွေ့ရင် ဒီလိုပဲနှုတ်ဆက်တယ်၊ ကောင်းသော နံနက်ခင်းပါလို့ အဓိပ္ပာယ်ရတယ်"

ဟုရှင်းပြလေ၏။ ချမ်းသာက

"နင်တို့နှုတ်ဆက်တာကြီးကလည်း အဓိပ္ပာယ်မရှိလိုက်တာ၊ မနက်ခင်းမှာ ကောင်းခြင်းလည်းမရှိဘူး၊ ဆိုးခြင်းလည်းမရှိဘူး၊ နံနက်ခင်းဟာ နံနက်ခင်းပဲ"

ဟုဆိုလိုက်ရာ သီတာက ခေါင်းကုတ်၍



www.burmeseclassic.com

www.burmeseclassic.com



"ငါမသိဘူးချမ်းသာ... မာမီတို့ကတော့ တစ်ယောက်နဲ့တစ်ယောက်တွေ့ရင် ဒီလိုပဲနှုတ်ဆက်တယ်၊ နံနက်ပိုင်းတွေ့ရင် ကောင်းသောနံနက်ခင်းပါလို့ နှုတ်ဆက်တယ်၊ ညနေပိုင်းတွေ့ရင်လည်း ကောင်းသောညနေခင်းပါလို့ နှုတ်ဆက်ကြတယ်"

ဟုဆိုလေ၏။ သီတာစကားကြောင့် ချမ်းသာက ထိုင်ရာမှ ထ၍

"နင်တို့နှုတ်ဆက်တာက ရယ်စရာကြီးပါလား၊ ကောင်းသောနံနက်ခင်းပါလို့ နှုတ်ဆက်ရင် ဆိုးသောနံနက်ခင်းပါလို့ရော နှုတ်မဆက်ဘူးလား"

ဟုဆိုလေ၏။ သီတာက နှာခေါင်းရှုံ့၍

"ဒီလိုတော့ ဘယ်နှုတ်ဆက်ပါ့မလဲဟာ၊ ကဲ. ချမ်းသာ ပလိစ်စစ်ခေါင်း"

ဟုဆိုလိုက်ရာ ချမ်းသာက မျက်မှောင်ကြုတ်၍

"လာပြန်ပြီ ဘာအဓိပ္ပာယ်လဲ"

ဟုမေးမြန်းလေ၏ ။ သီတာက တစ်ဖန်ရယ်မော၍

"ကျေးဇူးပြုပြီး ထိုင်ပါလို နင့်ကိုပြောတာ"

ဟုရှင်းလင်းရပြန်၏။ ချမ်းသာက

"ငါ့ကိုထိုင်ခိုင်းတာတော့ဟုတ်ပါပြီ... ဘာဖြစ်လို့ ရှေ့ကနေ ကျေးဇူးပြုပြီးလို့ ပြောရတာလဲ၊ နင်ထိုင်စေချင်ရင် ငါကထိုင်မှာပေါ့၊ ကျေးဇူးပြုပြီးလို့ ပြောစရာမလိုပါဘူး"

ဟုကတ်သီးကတ်သပ်ပြောပြန်၏။ သီတာက ခေါင်းကုတ်၍

"နင်နဲ့တော့ခက်ပါပြီဟယ်၊ ယဉ်ကျေးသိမ်မွေ့တဲ့ သူတွေဟာ တစ်ခုခုခိုင်းရင် ရှေ့ကနေ ကျေးဇူးပြုပြီးလို့ ထည့်ပြောကြတယ်၊ ရေတစ်ခွက်ယူပေးပါဆိုရင် ကျေးဇူးပြုပြီး ရေတစ်ခွက် ယူပေးပါလို့ပြောတယ်"

ဟုဆိုလေ၏။ ချမ်းသာက ခေါင်းကုတ်၍

"ဆရာတော်ကြီး ငါ့ကိုရေခပ်ခိုင်းတိုင်း 'ချမ်းသာ ရေတစ်ခွက်ယူလာစမ်း' လို့ပဲမိန့်တယ်၊ တစ်ခါမှ ကျေးဇူးပြုပြီး ရေတစ်ခွက်ယူလာစမ်းလို့ မမိန့်ပါဘူး၊ နင်ပြောသလိုဆိုဆရာတော်ကြီးက ယဉ်ကျေးသိမ်မွေ့တဲ့ သူမဟုတ်ဘူးပေါ့"

ဟုဆိုလေရာ သီတာသည် ရှင်းလေရှုပ်လေဖြစ်သဖြင့် ခေါင်းရှုပ်



www.burmeseclassic.com

www.burmeseclassic.com



မကြိုးစားတော့ဘဲ ဆိတ်ဆိတ်နေလေ၏။ ချမ်းသာက ဆက်လက်၍

" 'သူတစ်ပါးရဲ့ ကျေးဇူးသိတတ်ခြင်းက မင်္ဂလာမည်၏' တဲ့ မင်္ဂလာတရားတော်ထဲမှာပါတယ်၊ အကတညုနှ၊ သူ့ကျေးဇူးကို မသိတတ်သောသူနှင့် နိဝါသော၊ နေရခြင်းသည်။ ဒုက္ခဆင်းရဲ၏ တဲ့၊ လောကနီတိထဲမှာ ဆိုထားတယ်၊ သူတပါးကျေးဇူးကိုသိတတ်ဖို့ဆိုတာ အလွန်ရေးကြီးပါတယ်၊ ဒါကြောင့် ကျေးဇူးတင်တယ် ဆိုတဲ့စကားကို နေရာတိုင်းမှာ အလွယ်တကူမပြောပါနဲ့ဟ၊ ကျေးဇူးစကားဆိုတာ အလွယ်ပြောရတဲ့စကားမဟုတ်ဘူး၊ ငါတို့မြန်မာတွေဟာ ကျေးဇူးစကားကို နေရာတိုင်းမှာမပြောဘူး၊ အလွန်အဖိုးတန်တဲ့စကားကို ပေါ့ပျက်ပျက်ဖြစ်အောင် မလုပ်ရဘူးလို့ ဆရာတော်ကြီးက မိန့်ကြားဖူးတယ်"

ဟုလေးနက်သောစကားတို့ကို ပြောကြားလေရာ ကွန်ဗင့်ကျောင်းသူကလေးသည် ဘုန်းကြီးကျောင်းသား၏ စကားကို တအံ့တဩ နားထောင်နေရှာ၏။ ခဏကြာမှ သီတာက

"ဒါတွေ ထားလိုက်ပါတော့ဟယ်၊ ငါ နင့်အတွက် ချောကလက်ယူလာတယ်၊ ရော့"

ချမ်းသာသည် ချောကလက်ကိုယူရန် ဟန်ပြင်လိုက်၏။ ထိုစဉ်ခရေပင်ကြီးအောက်မှ သီတာ့အစ်ကို ဘကြိုင်ထွက်လာပြီး သီတာ၏ လက်ကို ပုတ်ထုတ်လိုက်၏။

"ဟင် ... အစ်ကိုလေး"

ဘကြိုင်သည် မြေပေါ်သို့ ကျနေသော ချောကလက်တုံးကလေးကို ခြေဖြင့် နင်းချေလိုက်ပြီး

"သီတာ၊ နင်မိုက်လှချည်လား၊ အောက်တန်းစားကောင်နဲ့ မပေါင်းရဘူးလို့ အန်တီက မှာထားတယ်မဟုတ်လား၊ သွား အိမ်ကိုပြန်စမ်း"

ဟုပြောလေ၏။ သီတာသည် ဘကြိုင်၏စကားကို မတုံ့ပြန်ဘဲ ခေါင်းငုံ့နေရှာ၏။ ဘကြိုင်က ချမ်းသာဘက်သို့လှည့်၍

"အောက်တန်းစားကောင်၊ မင်းနဲ့ငါ့ညီမ အဆင့်ချင်းတူလို့လား"

ဟုမေးလေ၏။ ချမ်းသာသည် ဘကြိုင်ကို စေ့စေ့ကြည့်၍

"ကျုပ်ကိုအောက်တန်းစားကောင်လို့ မခေါ်ပါနဲ့၊ ကျုပ်အောက်တန်းစားမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်ရာ ဘကြိုင်က တဟားဟားရယ်မော၍

"ဘုန်းကြီးကျောင်းသားက အောက်တန်းစားမဟုတ်ဘူးလား၊ မင်းက ငါတို့လို အင်္ဂလိပ်ကျောင်းနေနိုင်လို့လား၊ အင်္ဂလိပ်စကားပြောတတ်လို့လား၊ ဘီလပ်ကလာတဲ့ အစားအစာတွေစားဖူးလို့လား၊ အောက်တန်းကျလို့ အောက်တန်းကျတယ်ပြောတာ မခံနိုင်ဘူးလား"

ဟုပြောလေ၏။ ချမ်းသာက ခေါင်းခါယမ်း၍

"ကျုပ်တို့က အောက်တန်းကျတဲ့အလုပ် ဘာတစ်ခုမှမလုပ်ဘူး၊ ကောင်းမှုကုသိုလ်အလုပ်ပဲ လုပ်တယ်၊ ဒါကြောင့် အောက်တန်းစားမဟုတ်ဘူး"

ဟုဆိုလိုက်ပြန်ရာ ဘကြိုင်က တဟားဟားရယ်မော၍

"အောက်တန်းစားဟာ အောက်တန်းစားပါပဲကွာ၊ မင်း နောက်တစ်ကြိမ် ငါ့ညီမနဲ့ စကားပြောတာတွေ့ရင် ငါ့လက်သီးနဲ့တွေ့မယ်"

ဟုကြိမ်းမောင်းပြီး သီတာ၏လက်ကိုဆွဲကာ ဘုန်းကြီး ကျောင်းဝင်းထဲမှ ထွက်သွားလေ၏။ ချမ်းသာသည် ဒေါသကြောင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်ပြီး ကျန်ရစ်ခဲ့လေ၏။ သီတာက သူ့အစ်ကိုနှင့်တွေ့လျှင် သည်းခံရမည်ဟု မှာကြားထားဖူး၏။ သူမည်မျှ သည်းခံနေရမည်နည်း။ ဘကြိုင်သည် သူ့အား အကြိမ်ကြိမ်စော်ကားနေလေ၏။ ထိုစဉ် ချမ်းသာ၏ နောက်မှကပ္ပိယကြီး ရောက်လာပြီး

"စိတ်မကောင်းဖြစ်နေပြီလား ချမ်းသာ၊ လောကနီတိထဲမှာ ဆိုထားတယ်လေကွာ၊ ကုလပ္ပမာဏံ၊ အမျိုးယုတ်မြတ်ကိုကား။ ကထိတဝါကျံ၊ ဆိုသောစကားဖြင့်သိအပ်၏တဲ့ မင်းနဲ့ဒီကောင် ဘယ်ကောင်က အောက်တန်းစားဆိုတာ ပေါ်လွင်နေပါပြီကွာ"

ဟုနှစ်သိမ့်လေ၏။ ချမ်းသာက ခေါင်းကို ဖြည်းညင်းစွာခါယမ်း၍

"မဟုတ်ဘူးကပ္ပိယကြီး၊ ကျုပ်တို့တစ်ခုခုမှားနေပြီနဲ့တူတယ်၊ ဆရာတော်ကြီးက လောကနီတိ မတတ်တဲ့သူဟာ အကန်းနဲ့တူတယ်တဲ့၊ ကျုပ်ဟာ လောကနီတိကို ထုံးလိုမွှေ ရေလိုနှောက်နိုင်တယ်၊ မင်္ဂလာတရားတော်ကိုလည်း ကျွမ်းကျင်တယ်၊ ဒါပေမဲ့ ကျုပ်ကို သီတာအမေကြီးက အောက်တန်းစားလို့ ပြောတယ်၊ အဆင့်အတန်းမရှိဘူးလို့ဆိုတယ်၊ သီတာ့အစ်ကို ကလဲ အောက်တန်းစားကောင်တဲ့၊ လောကမှာ အောက်တန်းကျခြင်း၊ အဆင့်



www.burmeseclassic.com

www.burmeseclassic.com



အတန်းမြင့်ခြင်းဆိုတာ ဘာကိုခေါ်တာလဲ၊ ကျုပ်က တကယ်ပဲ အောက်တန်းစားကောင်ဖြစ်နေပြီလား၊ သီတာ့အစ်ကိုနဲ့ အမေကတော့ အောက်တန်းစားကောင်လို့ မြင်နေတာ သေချာတယ်၊ ကျုပ်နဲ့ သူတို့သမီးပေါင်းတာကို လုံးဝမကြိုက်ဘူး၊ ဒီကိစ္စ ကျုပ်အတွက် သိပ်အရေးကြီးတယ်၊ ဒီကိစ္စကို ကျုပ်သိမှဖြစ်မယ်၊ ကပ္ပိယကြီးသိရင် ရှင်းပြပါ ကပ္ပိယကြီးရယ်၊ ကျုပ်တောင်းပန်ပါတယ်"

ဟုလေးနက်စွာပြောလေ၏။ ကပ္ပိယကြီးက ခေါင်းတဆတ်ဆတ်ညိတ်၍

"ချမ်းသာ ဒီမေးခွန်းကို ငါဖြေခဲ့ရင် မင်းဘဝတစ်ခုလုံး အကြီးအကျယ် ပြောင်းလဲသွားလိမ့်မယ်၊ ဒါပေမဲ့ ငါမဖြေလို့လည်း မရတော့ဘူး၊ အမေးရှိတော့လည်း အဖြေရှိရတော့မှာပေါ့"

ဟုပြောလေ၏။ ကပ္ပိယကြီးက ဆက်လက်၍

"လောကကြီးမှာ သူတစ်ပါးကို ဖိနှိပ်ချုပ်ချယ်သူ၊ ယုတ်မာရိုင်းစိုင်းသူ၊ သနားကြင်နာမှုမရှိသူ၊ မနာလိုဝန်တိုမှုရှိသူ၊ တစ်ကိုယ်ကောင်းကြံသူ၊ ကိုယ်ကျင့်တရားမကောင်းသူတွေကို အောက်တန်းကျတယ်၊ အဆင့်အတန်းမရှိဘူးလို့ ဆိုနိုင်တယ်၊ ဒါပေမဲ့ လူညံ့လူဖျင်းတွေကတော့ အဲဒီအရာကို အောက်တန်းကျတယ်လို့မထင်ဘူး၊ ရွှေမရှိငွေမရှိတာကို၊ ရာထူးဂုဏ်သိန်မရှိတာကို အောက်တန်းကျတယ်လို့မြင်ကြတယ်၊ လောကမှာ အဲဒီလိုလူတွေ အတော်များတယ်ကွ၊ ကိုယ်ကျင့်တရားမကောင်းဘဲ မောက်မာရိုင်းစိုင်းတဲ့သူတွေဟာ ရွှေရှိငွေရှိရင်၊ ရာထူးဂုဏ်သိန်ရှိရင် အထက်တန်းစားကြီးတွေဖြစ်သွားကြ တာပေါ့ကွာ"

ဟုပြောလေ၏။ ကပ္ပိယကြီး၏စကားဆုံးသည်နှင့် ချမ်းသာက ခေါင်းတဆတ်ဆတ်ညိတ်၍

"ဒါဆိုရင် လူညံ့လူဖျင်းတွေရဲ့အမြင်မှာ အထက်တန်းစားဖြစ်ဖို့အတွက် ရွှေတွေ၊ ငွေတွေ၊ ရာထူးဂုဏ်သိန်တွေ လိုတာပေါ့၊ ကျုပ်ရွှေတွေ၊ ငွေတွေ၊ ရအောင်ရှာမယ်။ လောကမှာ လူညံ့လူဖျင်းတွေများလာရင် ကျုပ်ကို အောက်တန်းစားလို့ မြင်တဲ့သူတွေ များသထက်များလာလိမ့်မယ်၊ ကျုပ် အောက်တန်းစားမဖြစ်ချင်ဘူး၊ အထက်တန်းစားပဲဖြစ်ချင်တယ်"

ဟုလေးနက်စွာပြောဆိုလေရာ ကပ္ပိယကြီးက တဟားဟား



www.burmeseclassic.com

www.burmeseclassic.com



ရုယ်မော၍

"ဟားဟားဟား ချမ်းသာ၊ ချမ်းသာ၊ ငါထင်တဲ့အတိုင်းပဲ၊ မင်းဘဝတစ်ခုလုံး အကြီးအကျယ်ပြောင်းလဲတော့မှာပါလား"

ဟုပြောဆိုလေ၏။ ချမ်းသာက

"ဟုတ်ပါ့မလား ... ကပ္ပိယကြီးရာ"

ဟုမယုံမရဲလေသံဖြင့် ပြောဆိုလေရာ ကပ္ပိယကြီးက

"သိပ်ဟုတ်တာပေါ့ကွာ... မင်းစိတ်ထဲမှာ မဖြစ်မနေ ချမ်းသာကြွယ်ဝတော့မယ်ဆိုတဲ့ စိတ်ဓာတ်ဖြစ်ပေါ်နေပြီကွ၊ ဒီစိတ်ဓာတ်မျိုးဖြစ်ပေါ်နေပြီဆိုရင် မဖြစ်နိုင်တာဆိုတာ ဘာမှမရှိတော့ဘူး၊ လောကမှာအောင်မြင်ဖို့အတွက် မဖြစ်မနေလုပ်ဆောင်မယ်ဆိုတဲ့ စိတ်ဓာတ်မျိုးရှိဖို့လိုတယ်၊ လူတော်တော်များများဟာ ချမ်းသာကြွယ်ဝချင်တယ်လို့သာ အော်နေကြတယ်၊ မဖြစ်မနေ ချမ်းသာရမယ်ဆိုတဲ့ စိတ်ဓာတ်မဖြစ်ပေါ်ဘူး၊ ဒါကြောင့်မတိုးတက်ကြဘူး"

ဟု အားပေးအားမြှောက်ပြုလေ၏။ ကပ္ပိယကြီး၏ စကားကြောင့် ချမ်းသာသည် လွန်စွာစိတ်အားတက်ကြွသွားပြီး

"ချမ်းသာကြွယ်ဝတဲ့သူ မဖြစ်ဖြစ်အောင် ကြိုးစားမယ်ဗျာ"

ဟု လက်သီးလက်မောင်းတန်း၍ ကြုံးဝါးလိုက်လေ၏။ ထိုအခါ ကပ္ပိယကြီးက ချမ်းသာကို ဦးညွှတ်၍ အရိုအသေပြုလေ၏။ ချမ်းသာက ကြောင်အမ်းအမ်းဖြစ်သွားပြီးလျှင်

"ကပ္ပိယကြီး ဘာလုပ်တာလဲ"

ဟုမေးမြန်းလေ၏။ ကပ္ပိယကြီးက လေးနက်သော အမူအယာဖြင့်

"မင်းရဲ့ ခိုင်မာတဲ့စိတ်ဓာတ်ကို လေးစားလို့ ဦးညွှတ် အရိုအသေပြုတာပါကွာ၊ လောကမှာ ခိုင်မာတဲ့စိတ်ဓာတ်လောက် လေးစားဖို့ကောင်းတာ မရှိဘူးကွ၊ ဒီလိုစိတ်ဓာတ်မျိုးကို သာမန်လူတွေ မထားနိုင်ဘူး၊ ခိုင်မာတဲ့ စိတ်ဓာတ်ရှိကြတဲ့သူတွေဟာ ကိုယ်ဖြစ်ချင်တာကို နှစ်ရှည်လများစောင့်ပြီး ခွဲလုံ့လ ဝီရိယအပြည့်နဲ့ တည်ဆောက်နိုင်တယ်၊ ဘယ်လို အခက်အခဲ မျိုးပဲကြုံကြုံ စိတ်ဓာတ်မကျဘဲ၊ ကိုယ်လျှောက်မယ့်လမ်းကို အဆုံးထိအောင် လျှောက်နိုင်တယ်ကွ" ဟုဖြေလေ၏။

×××××××



www.burmeseclassic.com

www.burmeseclassic.com


ချမ်းသာသည် ထိုနေ့မှစ၍ ချမ်းသာကြွယ်ဝမည့်အတွေးကို နေ့ညမပြတ် စဉ်းစားနေလေတော့၏။ ထိုအခါ သူ၏ စိတ်ထဲရှိ ချမ်းသာကြွယ်ဝမည့် ရည်ရွယ်ချက်များသည် ပိုမိုခိုင်မာလာလေ၏။

သီတာ့အစ်ကိုဘကြိုင်နှင့် ပြဿနာဖြစ်သည့်နေ့မှစ၍ သီတာ ရောက်မလာခဲ့ပေ။ ချမ်းသာသည် ခဲဖြင့် ပုံတူရေးဆွဲခြင်းအတတ်ကို ဝါသနာထုံသဖြင့် ဘုန်းကြီးကျောင်းသို့ လာရောက်လေ့ရှိသော ပန်းချီဆရာကြီးတစ်ဦးထံတွင် သင်ယူခဲ့ဖူး၏။ ထို့ကြောင့် သီတာကိုသတိရတိုင်း သူမ၏ပုံတူကို စိတ်ကူးဖြင့် မှန်းဆရေးဆွဲနိုင်ခဲ့၏။ နေ့ရက်ရှည်ကြာသည်နှင့်အမျှသီတာ၏ ပုံတူပန်းချီကားသည် တဖြည်းဖြည်း ပီပြင်လာ၏။

ထိုပန်းချီကား ပြီးလျှင် သီတာအား အမှတ်တရလက်ဆောင်ပေးပြီး ဤအရပ်မှ ထွက်ခွာရပေတော့မည်။

ကပ္ပိယကြီးသည် သူ၏ပုံတူ ပန်းချီကားကို လာရောက်ကြည့်ရှု၍

"မင်းရဲ့စိတ်ကူးပုံတူက အသက်ဝင်တယ်ဟေ့"

ဟုချီးမွမ်းလေ၏။ ဘုန်းကြီးကျောင်းသားများဖြစ်သော အောင်မိုးနှင့် မြင့်ဦးကလည်း ချမ်းသာ၏လက်ရာကို ကြည့်မဝနိုင်အောင် ရှိလေ၏။ သီတာမြင်လျှင်လည်း နှစ်သက်မည်ထင်၏။


www.burmeseclassic.com

www.burmeseclassic.com


ချမ်းသာသည် သီတာ၏ဗိုတူပန်းချီကားကို လွန်စွာမြတ်နိုးရကား ခေါင်းအုံးအောက်တွင် ထားအိပ်လေ၏။ အဖြစ်သည်းသော ချမ်းသာအား အုန်းကြီးကျောင်းသားများက ဝိုင်းဝန်းနောက်ပြောင်ကြလေ၏။ တစ်နေ့သ၌ ချမ်းသာသည် သီတာနှင့်တွေ့နေကျ ခရေပင်ကြီးအောက်တွင် ထိုင်၍ စာကျက်နေစဉ် ချမ်းသာဟူသော အသံကြားသဖြင့် လှည့်ကြည့်လိုက်ရာ မမျှော်လင့်ဘဲ သီတာကို တွေ့ရလေ၏။ ချမ်းသာ ရင်ထဲတွင် ဖော်မပြနိုင်အောင် ဝမ်းသာသွားပြီးလျှင်

" သီတာ "

ဟုရေရွတ်လိုက်လေ၏။ သီတာသည် ခရေပင်ကြီးအောက်သို့လျှောက်လှမ်းလာပြီးလျှင်

"မာမီတို့ မြို့ထဲကအလှူသွားတုန်း မသိအောင်ထွက်လာတာ"

ဟုဆိုကာ ချမ်းသာအနီးတွင် ကျုံ့ကျုံ့လေးထိုင်လေ၏။ ချမ်းသာသည် သီတာ၏မျက်နှာကို ငေးမောကြည့်ရှုနေလေရာ သီတာက

"ငါ့မျက်နှာကို ဘာလို့ဒီလောက်စိုက်ကြည့်နေတာလဲ ချမ်းသာ ငါမနေတတ်တော့ဘူး"

ဟုပြောလေ၏ ။ ချမ်းသာက ပြုံးတုံ့တုံ့ဖြင့်

"မမြင်ရတာကြာလို့ အတိုးချပြီးကြည့်နေတာ သီတာ၊ နောက်ပြီး နင့်ကို ငါပြောစရာ ရှိတယ်"

ဟုပြောလေ၏။ သီတာက မျက်လုံးချင်းဆုံအောင် ကြည့်၍

"ဘာပြောမလို့လဲချမ်းသာ"

ဟုမေးလေ၏။ ချမ်းသာက

"ငါ ဒီမြို့က ထွက်သွားတော့မယ်၊ နင့်ကိုနှုတ်ဆက်ချင်လို့ ဒီနေ့အထိစောင့်နေတာ၊ မြို့ကထွက်ပြီးရင် ချမ်းသာအောင် ကြိုးစားမယ်၊ နင်တို့ဆွေမျိုး အသိုင်းအဝိုင်းတွေက ငါ့ကိုအောက်တန်းစားလို့ပြောတာ ငါမခံချင်ဘူး၊ ငါ အထက်တန်းစား ဖြစ်ချင်တယ်၊ ငါ ချမ်းသာမှ နင့်ဆီကို ပြန်ခဲ့မယ်၊ အဲဒီအခါမှ နင်နဲ့ငါ အဆင့်အတန်းချင်းတူမှာပေါ့"

ဟုပြောလေရာ သီတာသည် လွန်စွာအံ့သြသွားပြီး

"ဒါဆို နင်နဲ့ငါ ခွဲရတော့မှာပေါ့၊ ငါ့ရင်ထဲမှာ တစ်မျိုးကြီးပဲချမ်းသာ၊



www.burmeseclassic.com

www.burmeseclassic.com



နင်သွားလို့ မဖြစ်ဘူးလားဟင်"

ဟုတားဆီးလေ၏။ ချမ်းသာက ခေါင်းကိုခါယမ်းလိုက်ပြီး

"မဖြစ်ဘူးသီတာ ... ငါဆုံးဖြတ်ပြီးပြီ၊ ဒီမြို့မှာနေလို့ ငါဘယ်နည်းနဲ့မှ လူချမ်းသာဖြစ်မှာမဟုတ်ဘူး၊ ဘုန်းကြီးကျောင်းသားဘဝကိုစွန့်ပြီး လောကကြီး ထဲဝင်ရမယ်၊ ချမ်းသာကြွယ်ဝဖို့ ကြိုးစားရမယ်၊ ငါတို့ တစ်နေ့နေ့မှာ ပြန်ဆုံကြမှာပါ မတွေ့ရတဲ့ရက်တွေမှာ နင့်ကို ငါသတိရနေမှာပါ"

ချမ်းသာ၏စကားဆုံးသည်နှင့် သီတာ၏ဝိုင်းစက်သော မျက်ဝန်းများမှ မျက်ရည်များစီးကျလာလေ၏။ ချမ်းသာက သီတာ၏ မျက်နှာကိုကြည့်၍

"မငိုပါနဲ့ သီတာ၊ ငါစိတ်မကောင်းဖြစ်အောင် မလုပ်ပါနဲ့၊ ငါ နင့်ကို သတိရတဲ့အချိန်တိုင်း စိတ်ကူးနဲ့မှန်းပြီး နင့်ပုံတူပန်းချီကားကို ဆွဲထားတယ်၊ အဲဒီပန်းချီကားကို နင့်အတွက် အမှတ်တရလက်ဆောင်ပေးခဲ့မယ်၊ နင်နေဦးနော်၊ ငါသွားယူလိုက်ဦးမယ်"

ဟုပြောဆိုကာ ဘုန်းကြီးကျောင်းဘက်သို့ အပြေးထွက်သွားလေ၏။ ခဏကြာလျှင် ချမ်းသာပြန်ရောက်လာပြီး သူ၏လက်ထဲတွင် သီတာ၏ ပုံတူပန်းချီကားပါလာ၏။ သီတာသည် သူမ၏ ပုံတူကိုကြည့်၍ တအံ့တသြ ဖြစ်သွားပြီးလျှင်

"နင် ငါ့ပုံကိုမမြင်ရဘဲ တူအောင်ဆွဲနိုင်တယ်နော်"

ဟုရေရွတ်လေ၏ ။ ချမ်းသာကခေါင်းညိတ်၍

"ငါ့စိတ်ကူးထဲမှာ နင်အမြဲရှိနေတယ်ဆိုတာ ယုံပြီမဟုတ်လား"

ဟု ပြောလေရာ သီတာက

"ယုံပါတယ်၊ နင်ဆွဲပေးတဲ့ပုံကို ငါ တစ်သက်လုံး သိမ်းထားမယ်"

ဟုပြောလေ၏။ သီတာသည် သူမ၏ပုံတူကိုကြည့်ရှုပြီးနောက် ရင်ထဲတွင်တယုတယ ပွေ့ပိုက်ထားလေ၏။ ပြီးသောအခါ သူမက

"နင့်ကို ငါစိတ်မချဘူးဟယ်"

ဟုတီးတိုးပြောလေ၏။ ချမ်းသာက လက်သီးဆုပ်၍

"ငါ ယောကျ်ားပါ သီတာ၊ ဘယ်လိုအခက်အခဲမျိုးကိုမဆို ငါရင်ဆိုင်ရဲတယ်၊ ငါ့အတွက်စိတ်မပူပါနဲ့၊ နင်နဲ့ငါ ဘယ်လောက်ဝေးဝေး ငါချမ်းသာလာတဲ့တစ်နေ့မှာ နင့်ကိုမတွေ့တွေ့အောင် လိုက်ရှာပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ ချမ်းသာ၏ စကားကြောင့် သူမရင်ထဲတွင် လှိုက်ဖိုလာပြီး

"ငါပိုချင်တယ် ချမ်းသာ၊ ငါသွားတော့မယ်"

ဟုအသံတုန်တုန်ယင်ယင်နှင့်ပြောလေရာ။ ချမ်းသာက သီတာ၏ လက်နှစ်ဖက်ကို တင်းတင်းဆုပ်ကိုင်၍

"နေပါဦး သီတာရယ်၊ ခဏကလေးနေပါဦး၊ နင့်မျက်နှာကို နောက်ဆုံးအနေနဲ့ တဝကြီးကြည့်ပါရစေဦး၊ ငါ မနက်ဖြန်မနက် ဒီမြို့က ထွက်တော့မှာမို့ပါ"

ဟုတောင်းပန်လေ၏။ ဘုန်းကြီးကျောင်းသားနှင့် ကွန်ဗင့်ကျောင်းသူလေးသည် နီးကပ်စွာရပ်၍ တစ်ဦးနှင့်တစ်ဦး မျက်လုံးချင်းဆုံအောင် ကြည့်နေကြ၏။ ခဏကြာလျှင် ကွန်ဗင့်ကျောင်းသူလေးသည် ဘုန်းကြီးကျောင်းသား၏ လက်မှ ရုန်းထွက်ရန်ပြင်လိုက်၏။ ထိုစဉ် ၎င်းတို့၏ နောက်မှ မိန်းမဝဝကြီး တစ်ယောက် ရောက်လာပြီးလျှင်

"ဟဲ့လူစီ၊ ညည်းမိုက်လှချည်လား၊ ဘာမဟုတ်တဲ့ ဘုန်းကြီးကျောင်းသား အောက်တန်းစားကောင်နဲ့မှ လာပြီး အကြောထ နေရသလား၊ နင်မရှက်ဘူးလားဟင်၊ မိဘမျက်နှာကို အိုးမည်းသုတ်တဲ့ကောင်မ၊ လာစမ်း လာစမ်း"

ဟုဆိုကာ သီတာ၏ ဆံပင်ကို ဆောင့်ဆွဲ၍ ခေါ်လေ၏။

ရိုင်းစိုင်းသောမိန်းမကြီးသည် ထိုမျှနှင့်အားမရသေးဘဲ ချမ်းသာဘက်သို့ လှည့်၍

"အနူလက်နဲ့ ရွှေခွက်နိုက်တဲ့ကောင်၊ နင်နဲ့ ငါ့သမီးနဲ့ တူလို့လား၊ တန်လို့လား...နင့်မှာရှိတဲ့ပိုက်ဆံနဲ့ ငါ့သမီးဖိနပ်တစ်ရံကိုတောင် ဝယ်နိုင်လို့လား၊ ဒီကိစ္စကို နင်တို့ဆရာတော်ကို လာတိုင်ဦးမယ်"

ဟုကြိမ်းမောင်းလေ၏။ ချမ်းသာသည် မိန်းမကြီး၏စကားကို မတုံ့ပြန်နိုင်ဘဲရှိလေ၏။ ထိုအခါ သီတာကဝင်၍

"ချမ်းသာကို မပြောပါနဲ့ မာမီရယ်၊ သမီးကိုသာ အသေသတ်လိုက်ပါ"

ဟုတောင်းပန်လေ၏ ။ မိန်းမဝဝကြီးက ခါးထောက်၍



www.burmeseclassic.com

www.burmeseclassic.com


"ဟဲ့ … ကောင်မ၊ ညည်းပါးစပ်ပိတ်ထားစမ်း၊ နင်ဒီလောက်တောင် ထရှုနေသလား၊ ဘာမဟုတ်တဲ့ကောင်နဲ့ပတ်သက်ပြီး အမေကိုတောင် အာခံနေသလား၊ ညည်းကို ညည်းအဖေနဲ့ တိုင်ပင်ပြီး အသေသတ်ခိုင်းမယ်"

ဟုကြိမ်းမောင်းပြန်၏။ ချမ်းသာဘက်သို့ လှည့်၍လည်း

"ဟဲ့ မျိုးမစစ်တဲ့ကောင်၊ နင်.. နောက်တစ်ကြိမ် ငါ့သမီးနဲ့တွေ့ရင် ဖိနပ်ချွတ်ပြီး ပါးဆွဲရိုက်ပစ်မယ်၊ ငါ့ဖိနပ်က ပါးမရွေးဘူး ဟဲ့.. သိရဲ့လား"

ဟုအော်ကြီးဟစ်ကျယ်ပြောဆိုပြန်၏။ မိန်းမကြီး၏ ကျယ်လောင်သောအသံကြောင့် ဘုန်းကြီးကျောင်းသားနှင့်ကိုရင်များ ရောက်လာပြီး ဝိုင်းဝန်းကြည့်ရှုကြလေ၏။ ချမ်းသာသည် ရှက်လွန်းသဖြင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်နေ၏။ ခဏကြာလျှင် ဦးပဥ္စင်း ဦးနန္ဒိယ ရောက်လာပြီးလျှင်

"ဘာဖြစ်လို့လဲ ဒကာမကြီး"

ဟုမေးမြန်းလေ၏။ မိန်းမကြီးက

"ဦးပဥ္စင်းတို့ကျောင်းက ကျောင်းသားပေါ့၊ အနုလက်နဲ့ ရွှေခွက်နှိုက်ဖို့ကြံနေတယ်၊ တပည့်တော်မရဲ့သမီးကို မြူဆွယ်ပြီးဖျက်ဆီးဖို့ ကြံနေတယ်၊ သူနဲ့တပည့်တော်မရဲ့သမီး တူသလား တန်သလား၊ ဦးပဥ္စင်းပဲ စဉ်းစားကြည့်ပါ"

ဟုပြောဆိုလေ၏။ ဦးပဥ္စင်း ဦးနန္ဒိယက မိန်းမကြီး၏ စကားကို နားထောင်၍ လက်ကာပြလိုက်ပြီး

"တော်ပါပြီး ဒကာမကြီး၊ ဒီကောင့်ကို ကျုပ်ဆုံးမပါ့မယ်"

ဟုဆိုကာ ဘုန်းကြီးကျောင်းသားတစ်ယောက်အား ကြိမ်လုံးသွားယူခိုင်းလေ၏။ ကြိမ်လုံးရောက်ရှိလာသောအခါ ဦးနန္ဒိယက

"ဟေ့ကောင်၊ လက်ပိုက်စမ်း၊ ကျောင်းတိုက်သိက္ခာကျအောင်လုပ်တဲ့ကောင် မင်းမှာအပြစ်ရှိသလား"

ဟုမေးမြန်းလေ၏။ချမ်းသာသည် သူ၏အပြုအမူကို အပြစ်ရှိသည်ဟု မထင်မိပေ။ ဘုန်းကြီးကျောင်းသားနှင့် ကွန်ဗင့်ကျောင်းသူလေး ရင်းနှီးချစ်ခင်ခြင်းသည် အပြစ်ဟုတ်ပါသလား။ အပြစ်ဟူသည် မကောင်းမှုဒုစရိုက်ကို လုပ်ကိုင်သူသာရှိနိုင်လိမ့်မည်။ ထို့ကြောင့် အံကိုတင်းတင်းကြိတ်၍


www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်မှာ အပြစ်မရှိပါဘူးဘုရား"

ဟုဖြေလိုက်၏။ ဦးပဉ္ဇင်းက

"ကိုယ့်အပြစ်ကိုယ် ဝန်မခံရဲတဲ့ကောင် သေပေတော့"

ဟုဆိုကာ ကြိမ်လုံးဖြင့် တရွှမ်းရွှမ်းရိုက်လေ၏။ ကြိမ်လုံးဖြင့်ရိုက်ရင်း

"ဟေ့ကောင်၊ မင်းမှာအပြစ်ရှိသလား"

ဟုမေးမြန်းပြန်ရာ ချမ်းသာက နာကျင်လွန်းသော ဝေဒနာကို ကြိတ်မှိတ်ခံ၍

"တပည့်တော်မှာ အပြစ်မရှိပါ ဘုရား"

ဟုဆိုပြန်၏။ ဦးပဉ္ဇင်း ဦးနန္ဒိယသည် ချမ်းသာ၏ အဖြေကြောင့် လွန်စွာဒေါသထွက်သွားပြီး

"ကိုယ့်အပြစ်ကိုယ်ဝန်မခံဘဲ ကြောင်ငြင်းတဲ့ကောင်၊ သေပေတော့"

ဟုဆိုကာ ကြိမ်လုံးဖြင့်အချက်ပေါင်းများစွာ ရိုက်နှက်လေ၏။ ချမ်းသာ၏ ဝေဒနာကို မကြည့်ရက်သော သီတာက သူမအား ချုပ်ကိုင်ထားသော အစေခံများလက်မှ ရုန်းထွက်ရန်ကြိုးစားရင်း

"ချမ်းသာကို မရိုက်ပါနဲ့၊ ချမ်းသာကို မရိုက်ပါနဲ့"

ဟုငိုယို၍ တောင်းပန်လေ၏။ ချမ်းသာသည် သေလုမျောပါး နာကြင်နေသည့်ကြားက သူ့တွင်အပြစ်မရှိဟု ခံစားနေရလေ၏။ ချစ်ခြင်းဟူသည် အပြစ်ဟုတ်ပါသလား။

အပြစ်ဟုဆိုလျှင် ကမ္ဘာပေါ်တွင်ရှိသော ချစ်တတ်သူအားလုံး အပြစ်ရှိနေမည်မဟုတ်ပါလား။

နောက်ဆုံးတွင်မူ ချမ်းသာသည် စဉ်းစားဆင်ခြင်နိုင်စွမ်းနည်းရှာသော ဦးနန္ဒိယလက်ချက်ကြောင့် တောင့်၍ မရပ်နိုင်တော့ဘဲ မြေပေါ်သို့ လဲကျသွားလေ၏။

ထိုအခါမှပင် ဦးနန္ဒိယသည် ရိုက်နှက်ခြင်းကို ရပ်စဲလိုက်လေ၏။ ချမ်းသာအား ဘုန်းကြီးကျောင်းသားများက ကျောင်းဘက်သို့ တွဲခေါ်လာကြ၏။ သီတာကိုလည်း အစေခံများက သူမ၏ခြံဝင်းဘက်သို့ ခေါ်ဆောင်သွားလေ၏။ ချမ်းသာသည် သီတာ၏ နောက်ကျောကိုကြည့်၍ တစ်စုံတစ်ရာ ဆုံးရှုံးသွားသလို ခံစားလိုက်ရ၏။

*******



www.burmeseclassic.com

www.burmeseclassic.com



ညသို့ရောက်သောအခါ ဘုန်းကြီးကျောင်းသားများသည် ချမ်းသာ၏ အနီးတွင်ဝိုင်း၍ ဒဏ်ရာဒဏ်ချက်များကို နနွင်းဖြင့်သိပ်ပေးလေ၏။ ၎င်းတို့သည် ချမ်းသာကိုကြည့်၍ ကရုဏာသက်နေရှာ၏။ ဒဏ်ရာဒဏ်ချက်များကို ဆေးထည့်ပြီးသောအခါ ချမ်းသာသည် ဆရာတော်ကြီးကျိန်းစက်ရာအခန်းသို့ ထွက်ခဲ့လေ၏။ အခန်းထဲသို့ရောက်သောအခါ ဆရာတော်ကြီးကို ဦးချကန်တော့၍

"တပည့်တော် လျှောက်စရာရှိလို့ပါ"

ဟုတီးတိုးပြောလေ၏။ ဆရာတော်ကြီးသည် ဆေးကျမ်းတစ်စောင်ကို ရေးသားနေရာမှ ငဲ့စောင်းကြည့်၍

"မင်းဒီမြို့က ထွက်သွားတော့မယ်လို့ပြောမလို့ မဟုတ်လား၊ ကပ္ပိယကြီးလျှောက်ထားလို့ ငါအကုန်လုံးသိထားပြီးပြီ၊ မင်းကို ငါခွင့်ပြုပါတယ်၊ လောက၊ ဝိဇ္ဇာသမံ၊ မိတ္တံ၊ နတ္ထိ တဲ့၊ လောကမှာ အတတ်ပညာနှင့်တူသော အဆွေခင်ပွန်း မရှိတဲ့ကွ၊ ဒါကြောင့် အတတ်ပညာ တစ်ရပ်ရပ်ကို တတ်အောင် ကြိုးစားပြီး သင်ရမယ်ကွ၊ သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ ဆိုတဲ့ပညာ ရကြောင်း အကြောင်းတရားရှစ်ပါးရှိတယ်၊ ငါ့ကိုရွတ်ပြပါဦး"

ဆရာတော်ကြီး၏ မိန့်ကြားမှုကြောင့် ချမ်းသာသည် ပညာရကြောင်း



www.burmeseclassic.com

www.burmeseclassic.com


အကြောင်းတရား ရှစ်ပါးကို ဘုန်းကြီးကျောင်းသားပီပီ ဒိုးဒိုးဒေါက်ဒေါက် ရွတ်ဆိုပြလေ၏။

"(တစ်) သုဏေယျ ကြားနာရာ၏။ (နှစ်) စိန္တေယျ-ကြံစည်ရာ၏။ (သုံး) ပုစ္ဆေယျ- မေးမန်းရာ၏။ (လေး) ဘာသေယျ-ပြောဆိုရာ၏။ (ငါး) ဝိဓာရေယျ- စူးစမ်းဆင်ခြင်ရာ၏။ (ခြောက်) လိခေယျ- ရေးသားရာ၏။ (ခုနစ်)သိက္ခေယျ- လေ့ကျင့်ရာ၏။ (ရှစ်)ဓာရေယျ- နှုတ်ငုံဆောင်ရာ၏ တို့ပါဘုရား"

ချမ်းသာ၏အဖြေကို နားထောင်၍ ဆရာတော်ကြီးက

"အေး၊ မင်းတော်တယ်၊ အတတ်ပညာရှိရုံနဲ့ မပြီးသေးဘူးကွယ့်၊ အခက်အခဲရှိလာရင် ကိုယ့်ကိုကူညီနိုင်မဲ့ အဆွေခင်ပွန်းကောင်းတွေ ရှိဖို့လိုတယ်၊ သိဘဝါစော၊ ဗဟုမိတ္တောတဲ့ကွ၊ နှုတ်ချွန်းချိုသောသူသည် အဆွေခင်ပွန်း ကောင်းတွေရှိ၏တဲ့၊ဒါကြောင့် အဆွေခင်ပွန်းကောင်းတွေ ရချင်တဲ့သူဟာ ယဉ်ကျေးပျူငှါရမယ်၊ ယောကျ်ားကောင်းယောကျ်ားမြတ်ဖြစ်ဖို့လည်း ယောကျ်ားအပြစ်ခြောက်ပါးကို အမြဲရှောင်းကြဉ်ရမည်။ ယောကျ်ားအပြစ် ခြောက်ပါးကိုရွတ်ပြပါဦး"

ဟုမိန့်ကြားလေ၏။ ချမ်းသာကလက်အုပ်ချီ၍

"(တစ်) အအိပ်စုံမက်ခြင်း၊ (နှစ်)နေ့းကွေးလေးလံခြင်း၊ (သုံး) ပျင်းရိခြင်း၊(လေး) အချိန်ဖြုန်းခြင်း၊(ငါး) သတ္တိညံ့ဖျင်းခြင်း၊(ခြောက်) ဒေါသကြီးခြင်းတို့ပါဘုရား"

ဟုဖြေဆိုလိုက်လေရာ ဆရာတော်ကြီးက

"အေး၊ မင်းတော်တယ်၊ လူချမ်းသာကြီးဖြစ်မှ ပြန်လာမယ် လို့ ကပ္ပိယကြီးကို ပြောတယ်ဆို၊ ဟုတ်သလား"

"ဟုတ်ပါတယ်ဘုရား၊ ချမ်းသာဖို့ မဖြစ်ဖြစ်အောင် ကြိုးစားမယ်လို့ ဆုံးဖြတ်ထားပါတယ် ဘုရား"

ချမ်းသာ၏အဖြေကို နားထောင်၍ ဆရာတော်ကြီးက ခေါင်းတဆတ် ဆတ်ညိတ်လိုက်ပြီး

"အေး ကြိုက်ပြီဟေ့၊ ငါ့ကျောင်းက ကျောင်းသား ဒီလိုစိတ်ဓာတ်မျိုး ရှိမှပေါ့၊ အိမ်း၊ပြောတဲ့အတိုင်း ဖြစ်အောင်လုပ်ပေတော့၊ ဆုကြီးပန်တဲ့သူဟာ


www.burmeseclassic.com

www.burmeseclassic.com



လာဘ်ကြီးဝင်စမြဲပဲကွယ့်၊အတိတ်နိမိတ်ကောင်းအောင် မင်းရဲ့ရင်ဘတ်မှာ မင်ကြောင်ထိုးပေးမယ်၊ ဆေးနဲ့စုတ် သွားယူပေတော့”

ဟုမိန့်ကြားလေ၏။ ချမ်းသာသည် အခန်းထောင့်ရှိ ကျွန်းဗီရိုကြီးကို ဖွင့်၍ ကြေးဝါစုတ်ကြီးနှင့် ဆေးခွက်ကို ယူဆောင်လာလေ၏။ ဆရာတော်က ကြေးဝါစုတ်ကြီး၏ အစိတ်အပိုင်းသုံးခုကို ဝက်အူရစ်ဆက်ပြီး မင်ကြောင်ထိုးရန် ပြင်ဆင် လေ၏။

လူ့ခန္ဓာကိုယ်တွင် ဆေးမင်ကြောင်ထိုးရာ၌ ဟင်္သပြဒါးကိုဖြစ်စေ၊ မှိုင်းကိုဖြစ်စေ၊ အရည်ဖျော်ပြီး စုတ်ဖြင့်ထိုးရ၏။ ထိုစုတ်ကို ကြေးဝါ၊ ကြေးနီ စသည်ဖြင့် ပြုလုပ်ကြ၏။ စုတ်တစ်ချောင်းတွင် ဒင်၊ ဖောင်းနှင့်စုတ်ဟူ၍ အစိတ်အပိုင်းသုံးမျိုးပါရှိ၏။ ဤကဲ့သို့ စုတ်ကို သုံးပိုင်းပိုင်းရခြင်းမှာ သိမ်းဆည်းရ၊ သယ်ဆောင်ရ လွယ်ကူစေရန်ဖြစ်၏။

ဆရာတော်ကြီးသည် ကြေးဝါစုတ်ကြီး၏ အစိတ်အပိုင်းသုံးခုကို ဆက်ပြီးသောအခါ တစ်ပေခန့်ရှည်သော စုတ်ကြီးဖြစ်လာ၏။ ထို့နောက် ချမ်းသာက အင်္ကျီချွတ်၍ ဆရာတော်ကြီးရှေ့တွင် ဒူးထောက်ထိုင်လေ၏။ ဆရာတော်ကြီးက သစ်သားခွက်ထဲသို့ ကြေးဝါစုတ်ကြီးကိုနှစ်ကာ ချမ်းသာ၏ ရင်ဘတ်တွင် တစ်စုံတစ်ရာကိုရေးထိုးနေလေ၏။ ချမ်းသာသည် အသည်း ခိုက်အောင် နာကျင်သော်လည်း မညည်းညူပဲ အံကြိတ်၍ ခံလေ၏။ ခဏကြာ လျှင် မင်ကြောင်ရေးထိုးခြင်း ပြီးဆုံးသွားသဖြင့် သူ၏ ရင်ဘတ်ကို ငုံ့ကြည့်လိုက် ရာ လွန်စွာရှေးဆန်၍ လွန်စွာလှပသော လက်ရေးဖြင့် ရေးထိုးထားသော အောက်ပါစာသားကို တွေ့ရလေ၏။

## ဆုကြီးပန်ချမ်းသာ

ချမ်းသာသည် ဆုကြီးပန်ချမ်းသာ ဟူသောအမည်ကို တီးတိုးရေရွတ် လိုက်ရင်း ထိုအသံသည် သူ၏ ရင်ထဲတွင် ပဲ့တင်ထပ်သွား လေတော့တည်း။

ဆုကြီးပန်ချမ်းသာ

ဆုကြီးပန်ချမ်းသာ

ဆုကြီးပန်ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာပြန်ရောက်လာသောအခါ ဘုန်းကြီးကျောင်းသားများသည် သူ၏ရင်ဘတ်တွင် ဆေးနီနှင့်ရေးထိုးထားသော ဆုကြီးပန်ချမ်းသာဟူသည့် အမည်ကို ဝိုင်းဝန်းဖတ်ရှုကြလေ၏။ ချမ်းသာက သူငယ်ချင်းများအား

"ငါ့ကို ဆရာတော်ကြီးက အတိတ်နိမိတ်ကောင်းအောင် ရေးပေးလိုက်တာကွ၊ မနက်ဖြန် မနက်ကစပြီး ငါ ဒီမြို့က ထွက်သွားတော့မယ်၊ ချမ်းသာအောင် ကြိုးစားရမယ်၊ ချမ်းသာမှ ပြန်လာခဲ့မယ်၊ မင်းတို့အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်ကွာ"

ဟုပြောလေရာ ဘုန်းကြီးကျောင်းသားတစ်ဦးဖြစ်သော မြင့်အောင်က

"သွားပေဦးတော့ ချမ်းသာရေ၊ မင်းလို ငါတို့က မစွန့်စားရဲတော့လဲ ဘုန်းကြီးကျောင်းသားဘဝမှာပဲ ဒုံရင်းဒုံရင်းအတိုင်းပေါ့ကွာ"

ဟုညည်းညူလေ၏။ ချမ်းသာက ကျောင်းတိုက်တွင်ရှိသော ဦးပဉ္စင်းနှင့် ကိုရင်များကို လိုက်လံနှုတ်ဆက်လေ၏။ ထိုနေ့ညက သူသည် ညနက်သည်အထိ အိပ်စက်၍မပျော်နိုင်သဖြင့် မနက်အိပ်ရာထ နောက်ကျလေ၏။ အရုဏ်တက်အချိန်ရောက်ကာမှ ကပ္ပိယကြီးရောက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



"ထ၊ ထ ချမ်းသာ"

ဟုပြောလေ၏။ ချမ်းသာသည် ကိုယ်လက်သုတ်သင်၍ ဘုရားဝတ်ပြုလေ၏၊ ဘုရားဝတ်ပြုပြီးလေသောအခါ ကပ္ပိယကြီးရောက်လာပြီး သူ၏လက်ထဲသို့ ဖျင်လွယ်အိတ်ကြီးတစ်လုံးကိုထည့်ကာ

"ဒီလွယ်အိတ်ထဲမှာ ကာကီဘောင်းဘီနဲ့ အင်္ကျီသုံးထည်ရှိတယ်၊ မင်းအတွက် ငါစုထားတာကွ၊ ကာကီဘောင်းဘီနဲ့ အင်္ကျီတွေက အကြမ်းပတမ်းခံနိုင်တယ်၊ လောကကြီးထဲဝင်ပြီး စွန့်စားသွားလာမယ့်သူဟာ ဒီအဝတ်အစားတွေလိုတယ်၊ မှတ်စရာရှိရင်မှတ်ဖို့ ဗလာစာအုပ်နဲ့ ခဲတံတွေလည်း ပေးလိုက်တယ်၊ ရေဘူးနဲ့ ဖိနပ်မပါရင် ခွေးအခါမှသိ ဆိုတဲ့စကားရှိတယ်၊ ဒါကြောင့် မင်းအတွက် ငါကိုယ်တိုင်ချုပ်ထားတဲ့ ဖိနပ်နဲ့ နွားသားရေနဲ့လုပ်ထားတဲ့ ရေဘူးတစ်ဘူးပါ ထည့်ပေးလိုက်တယ်"

ချမ်းသာသည် ကပ္ပိယကြီးပေးလိုက်သော ပစ္စည်းများကိုကြည့်၍

"ကျေးဇူးတင်ပါတယ် ကပ္ပိယကြီး"

ဟုပြောလေရာ ကပ္ပိယကြီးက

"ကျေးဇူးတင်စရာမလိုပါဘူးကွာ၊ စွန့်လွှတ်စွန့်စားဝံ့တဲ့ လူငယ်တစ်ယောက်ကို ငါကချီးမြှင့်တာပါကွာ၊ လောကမှာ စွန့်စားရဲတဲ့လူငယ်တွေ တဖြည်းဖြည်းနည်းလာပြီကွ၊ သတ္တိကြောင်တဲ့ လူငယ်တွေပဲ တစ်နေ့တစ်ခြားများများလာတယ်၊ ဟောဒါက မင်းအတွက် ငါတို့ကျောင်းက ဦးပဉ္စင်းတွေ ကိုရင်တွေက စုပေါင်းပြီး ပေးလိုက်တဲ့ငွေရှစ်ကျပ်"

ဟုဆိုကာ ချမ်းသာ၏လက်ထဲသို့ ငွေရှစ်ကျပ်ကိုထည့်လေ၏။ ချမ်းသာသည် ကပ္ပိယကြီးပေးလိုက်သော ကာကီဘောင်းဘီနှင့်အင်္ကျီကို ဝတ်ဆင်လိုက်လေ၏။ ထို့နောက် ဖိနပ်ကိုစီး၍ ရေဘူးကို ခါးတွင် စလွယ်သိုင်းလိုက်လေ၏။ ချမ်းသာ၏ အမူအယာကိုကြည့်၍ ကပ္ပိယကြီးက ရယ်မောကာ

"ဒီလိုတော့လည်း ဘုန်းကြီးကျောင်းသား ချမ်းသာဟာ အင်္ဂလိပ်စစ်သား ကြီး ဖြစ်နေပါလားကွ၊ ကြည့်လို့ကောင်းတယ်ဟေ့၊ ရည်မှန်းထားတဲ့ အတိုင်း မဖြစ်ဖြစ်အောင်လုပ်ပေတော့၊ စိတ်လျှော့ပြီး ပြန်လာဖို့ မကြိုးစားနဲ့"

ဟုပြောလေ၏။ ချမ်းသာက ခေါင်းညိတ်၍

"စိတ်ချ ကပ္ပိယကြီး၊ ကျုပ်ရင်ဘတ်မှာ အတိတ်နိမိတ် ကောင်းအောင်



www.burmeseclassic.com

www.burmeseclassic.com



ဆုကြီးပန်ချမ်းသာလို့ မင်ကြောင်ထိုးထားတယ်၊ ဆရာတော်ကြီးက ဆုကြီးပန်တဲ့သူဟာ လာဘ်ကြီးဝင်စမြဲပါလို့ မိန့်တယ်၊ဒါကြောင့် ဆုကြီးမပန်နိုင်မချင်း ပြန်လာဖို့ မကြိုးစားဘူး"

ဟုပြောလေရာ ကပ္ပိယကြီးက ရယ်မော၍

"ဟားဟား၊ ကြိုက်သွားပြီ ချမ်းသာ၊ သွားပေတော့ကွာ၊ ချမ်းသာလာတဲ့ တစ်နေ့မှာ ငါတို့ကျောင်းကို ပြန်လာခဲ့ပါဦးကွာ"

ဟုပြောလေ၏။ ချမ်းသာက လက်သီးဆုပ်၍

"ပြန်လာခဲ့မယ် ကပ္ပိယကြီး၊ လူချမ်းသာကြီးအဖြစ်နဲ့ကို ပြန်လာခဲ့မယ်"

ဟုကြုံးဝါးလေ၏။ ဤသို့ဖြင့် ချမ်းသာဆိုသော ဘုန်းကြီးကျောင်းသားလူငယ်လေးသည် အေးချမ်းသာယာသော ဘုန်းကြီးကျောင်းဝင်းမှ ရုပ်ထွေးပွေလီသော လူ့လောကကြီးအတွင်းသို့ စတင်ဝင်ရောက် ခဲ့လေတော့သတည်း။

×××××××



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာသည် အဝေးပြေးလမ်းမကြီးအတိုင်း လမ်းလျှောက်လာခဲ့ရာ မြို့ပြင်သို့ရောက်သည်နှင့် ကုန်စိမ်းများသယ်ဆောင်လာသော ဒေါ့ဂျစ်ကားကြီးတစ်စီးကို တားဆီးလိုက်၏။ ဒေါ့ဂျစ်ကားကြီး၏ ဒရိုင်ဘာသည် ချမ်းသာ၏ ကျောင်းသို့ ဝင်ထွက်သွားလာဖူးသူဖြစ်လေရာ သူ့ကိုမြင်သည်နှင့်

"ဘုန်းကြီးကျောင်းသားလေး၊ ဆွမ်းခံမထွက်ဘဲ ဘယ်သွားမလို့လဲ"

ဟုနှုတ်ဆက်လေ၏။ ချမ်းသာက

"ကျုပ် ဘုန်းကြီးကျောင်းက ထွက်လာခဲ့ပြီ၊ လူ့လောကကြီးထဲဝင်ပြီး ကြီးပွားချမ်းသာအောင် ကြိုးစားမလို့ဗျ"

ဟု ရင်ကိုကော့၍ ဖြေလိုက်၏။ ချမ်းသာ၏စကားကို နားထောင်၍ ဒရိုင်ဘာက

"မိုက်လိုက်တဲ့ ဘုန်းကြီးကျောင်းသားလေးရယ်၊ လူ့လောကကြီးဟာ အင်မတန် ရှုပ်ထွေးပွေလီတယ်ကွ၊တစ်ဝမ်းတစ်ခါးအတွက် ရှာဖွေစားသောက်ရတာလည်း အလွန်ခက်ခဲတယ်၊ ဘုန်းကြီးကျောင်းမှာပဲ အေးအေးဆေးဆေး နေပါလားကွ"



www.burmeseclassic.com

www.burmeseclassic.com



ဟုနားချလေ၏။ ချမ်းသာက ကားပေါ်သို့ ခုန်တက်လိုက်ပြီး

"ဘုန်းကြီးကျောင်းမှာနေရင် ရှေ့ဆက်ပြီး တိုးတက်ကြီးပွားမယ့်လမ်း မမြင်ဘူးဗျ၊ကျုပ်က ကြီးပွားချမ်းသာချင်တာ"

ဟုပြောလေ၏။ ဒရိုင်ဘာက ခေါင်းကိုခါယမ်း၍

"တို့ငယ်ငယ်တုန်းကလည်း မင်းလိုပါပဲကွာ၊ ကြီးပွားချမ်းသာချင်တယ်ဆိုပြီး အိမ်ကထွက်ခဲ့တယ်၊ နောက်ဆုံးတော့ ဘယ်အလုပ်မှ အဆင်မပြေဘဲ ဒုက္ခရောက်လိုက်တာကွာ၊ကားဝပ်ရှော့တစ်ခုမှာ ပညာသင် အဖြစ်နေပြီးမှ စပယ်ယာဖြစ်ခဲ့တယ်၊ စပယ်ယာကနေ ဒရိုင်ဘာဖြစ် တော့လည်း မိန်းမနဲ့ကလေးငါးယောက်ရှိနေပြီ၊ စားဝတ်နေရေး မပြေလည် ပါဘူးကွာ၊ လူ့လောကကြီးဟာ စိတ်ကူးယဉ်ဖို့ မလွယ်ဘူး၊ ဒုက္ခဆင်းရဲခြင်းတွေ အများကြီးရှိတယ်၊ ငါ့ကားမှာ စပယ်ယာလိုက်တဲ့ ကောင်ကိုကြည့်၊ ကြီးပွား ချမ်းသာချင်တယ်ဆိုပြီး အိမ်ကထွက်ခဲ့တယ်၊ အခု အသက် လေးဆယ်ရှိပြီ၊ စပယ်ယာဘဝက မတက်သေးဘူး၊ မိန်းမလိုချင်ရက်နဲ့ နေစရာမရှိလို့ မယူသေးဘူး၊ စိတ်ကူးမယဉ်ချင်ပါနဲ့ ဘုန်းကြီးကျောင်းသားလေးရယ်၊ လူ့လောကကြီးဟာ ဘုန်းကြီးကျောင်းဝင်းလောက် မရိုးသားဘူးကွ"

ဟုနားချလေ၏။ စပယ်ယာဖြစ်သူကလည်း

"ဟုတ်ပါတယ် ဘုန်းကြီးကျောင်းသားလေးရယ်"

ဟုဝင်ရောက်ထောက်ခံလေ၏။ ဒရိုင်ဘာနှင့် စပယ်ယာ၏ စကားကြောင့် ချမ်းသာသည်ပင် တွေဝေသွားလေ၏။ သို့သော် ၎င်းတို့၏ စကားသည် ချမ်းသာ၏ စိတ်အားတက်ကြွမှုကို မတားဆီးနိုင်ခဲ့ပေ။ ချမ်းသာက ခေါင်းကိုခါယမ်း၍

"မရတော့ဘူးဗျ၊ ကျုပ်ဆုံးဖြတ်ပြီးပြီ၊ ကျုပ်ရင်ဘတ်ကိုကြည့် ဆုကြီးပန်ချမ်းသာလို့ မင်ကြောင်ထိုးထားတာ မြင်တယ်မဟုတ်လား၊ ကျုပ် ဆုကြီးမပန်နိုင်မချင်း ဘုန်းကြီးကျောင်းကိုမပြန်ဘူးလို့ ဆုံးဖြတ်ထားတယ်"

ဟုပြောလေရာ ဒရိုင်ဘာနှင့် စပယ်ယာသည် ချမ်းသာ၏ စကားကို နားထောင်၍ သူ့အား သနားစရာ သတ္တဝါတစ်ဦးကဲ့သို့ကြည့်ကာ

"တားလို့မရလည်း သွားပေါ့ကွာ၊ ငါတို့က စေတနာနဲ့ ပြောတာ ပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ ချမ်းသာသည် ၄င်းတို့ကို စကားမတုံ့ပြန်တော့ပေ။ ဒရိုင်ဘာနှင့် စပါယ်ယာသည် လုံ့လဝီရိယမရှိသော လူညံ့လူဖျင်းများဖြစ်ပုံရ၏။ ခွဲလုံ့လဝီရိယဖြင့် ကြိုးစားပမ်းစားလုပ်ဆောင်သူတိုင်း ကြီးပွားချမ်းသာရမည်ဟု ဆရာတော်ကြီး ဟောခဲ့ဖူး၏။ ဤသို့ဖြင့် မြို့များတစ်မြို့ပြီးတစ်မြို့ ကျော်ဖြတ်ခဲ့ပြီးနောက် နေ့လယ်သို့ရောက်သောအခါ ဒရိုင်ဘာက

"ငါတို့ခရီးက ဒီမြို့မှာဆုံးပြီကွ"

ဟုပြောလေ၏။ ချမ်းသာသည် ဒရိုင်ဘာနှင့်စပါယ်ယာကို ကျေးဇူးတင်စကားပြော၍ မြို့ထဲသို့ လှည့်လည်ကြည့်ရှုလေ၏။

*******



www.burmeseclassic.com

www.burmeseclassic.com



မြို့ကလေးသည် အတော်အတန်စည်ကားပြီး စီးပွားရေးအဆင်ပြေပုံရ၏။ ချမ်းသာသည် ထိုမြို့ ကလေးတွင် နေထိုင်ပြီး စတင်အလုပ်လုပ်ကိုင်ရန် စဉ်းစားမိ၏။ သူသည် အတန်ကြာအောင် ကြည့်ရှုပြီးနောက် ဗိုက်ဆာလာသည်နှင့် ဈေးခန်းတွင် ဖွင့်လှစ်ထားသော ထမင်းဆိုင်တစ်ဆိုင်သို့ ဝင်ခဲ့လေ၏။ ထမင်းဆိုင်ထဲတွင် စားသောက်သူများနှင့်စည်ကားနေပြီး ဝင်ရောက်စားသောက်သူများကို မိန်းမပျိုသုံးဦးက ခရီးကြိုပြုနေသည်များကို မြင်ရ၏။ ချမ်းသာကို မိန်းမပျိုတစ်ဦးက စားပွဲတစ်လုံး၌ နေရာချထားပေးပြီး

"မောင်လေး ဘာဟင်းနဲ့စားမလဲ"

ဟုချိုသာသောအသံဖြင့် မေးလေ၏။ ချမ်းသာက ဝက်သားဟင်းနဲ့ စားလိုကြောင်းပြောဆိုလေရာ ခဏအကြာတွင် လူငယ်တစ်ဦးက ထမင်းနှင့်ဟင်းများကို ချပေးလေ၏။ ချမ်းသာသည် ထမင်းစားရင်း ဆိုင်ကို အကဲခတ်လေရာ စားပွဲတစ်လုံးတွင် ပိုင်ရှင်ဖြစ်ဟန်တူသော မိန်းမဝဝကြီးတစ်ယောက်ကထိုင်၍ တစ်ဆိုင်လုံးရှိ စားပွဲထိုးများကို ညွှန်ကြားပေးနေကြောင်း တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com


သူသည် ထမင်းစားပြီးသည်နှင့် မိန်းမကြီးအနီးသို့သွားကာ

"ဒီမှာအဒေါ်၊ ဒီဆိုင်မှာ စားပွဲထိုး၊ ပန်းကန်ဆေး၊ အလုပ်တစ်ခုခု မရနိုင်ဘူးလား"

ဟုမေးမြန်းလေရာ မိန်းမကြီးက ချမ်းသာအား မျက်လုံးပြူးကြည့်၍ ကျယ်လောင်သောအသံဖြင့်

"ဘာ၊ မင်းက ထမင်းစားပြီး ပိုက်ဆံမပေးနိုင်လို့ စားပွဲထိုး ပန်းကန်ဆေး အလုပ်တောင်းတယ်ဟုတ်စ၊ ကျလည်းကျလောက်တယ်ကွယ်၊ ဒါမျိုးတွေရှိနေပြီ၊ မင်းအဝတ်အစားတွေကို မရှိရှိတာ ချွတ်ယူရမှာပဲ"

ဟုဆိုလိုက်ရာ ဆိုင်ထဲတွင် လူများနှင့် ညှော်ကြိုမိန်းမပျိုလေးများသည် ချမ်းသာကိုကြည့်၍ တဝါးဝါး တဟားဟားဖြင့် ပွဲကျသွားလေ၏။ ချမ်းသာသည် မိန်းမကြီး၏ အထင်လွဲမှားသောစကားကြောင့် မျက်နှာကြီးတစ်ခုလုံး နီမြန်းအောင်အရှက်ရသွားပြီး

"မဟုတ်ဘူးအဒေါ်ကြီး ကျုပ်ပြောတာဒီလိုမဟုတ်ဘူး"

ဟုငြင်းဆိုလိုက်ပြန်ရာ မိန်းမကြီးက မျက်နှာကို ရှုံ့မဲ့၍ ကျယ်လောင်သော အသံဖြင့်

"ဘာအခုမှငြင်းနေတာလဲ၊ ဒီမှာသူငယ် ထမင်းဆိုင်ဖွင့်စားတာ နှစ်ပေါင်းနှစ်ဆယ်ရှိပြီ၊ ဒါမျိုးတွေအံ့တိုနေပြီ၊ မင်းလိုလူမျိုး အယောက် တစ်ရာမက တွေ့ဖူးတယ်၊ ဆိုင်ကထမင်းကို တစ်ဝတစ်ပြဲစား၊ ငွေမရှင်း နိုင်လို့ဆိုပြီး တောင်းပန်၊ ပန်းကန်ဆေး၊ စားပွဲထိုးအလုပ်တောင်း၊ ပြီးတော့ ဘာအလုပ်မှ မယ်မယ်ရရမလုပ်ဘဲ ဟိုယောင်ယောင် ဒီယောင်ယောင်နဲ့ ဆိုင်က ရှိတဲ့ပစ္စည်းတွေ အလစ်သုတ်သွားတာပဲ"

ဟုဆိုလိုက်ပြန်ရာ စားသောက်နေသူအပေါင်းသည် ဝါးခနဲ ရယ်မောလိုက်ကြပြန်၏။ ချမ်းသာသည် အဒေါ်ကြီး၏စကားကြောင့် လွန်စွာဒေါသထွက်သွားပြီးလျှင်

"ဒီမှာအဒေါ်ကြီး၊ ခင်ဗျားဘာတွေပြောနေတာလဲ၊ ကျုပ်မှာထမင်းဖိုး ရှင်းဖို့ ပိုက်ဆံပါတယ်ဗျ"

"ထမင်းဖိုးရှင်းဖို့ ပိုက်ဆံပါရင် မောင်ရင်က ကျုပ်ဆီမှာဘာလို့ အလုပ်တောင်းသလဲ"


www.burmeseclassic.com

www.burmeseclassic.com


ထွက်လာတယ်နဲ့တူတယ်၊ ဟုတ်ရဲ့လား လူကလေး"

ဟုမေးမြန်းလေရာ အမျိုးသမီးကြီး၏စကား မှန်ကန်သဖြင့် သူသည် မျက်လုံးပြူးသွားပြီးလျှင်

"အဒေါ်ကြီးပြောတာ မှန်လိုက်တာဗျာ၊ အဒေါ်ကြီး အကြားအမြင်ရနေသလား"

ဟုတအံ့တသြပြောလေ၏။ အမျိုးသမီးကြီးက

"အကြားအမြင် မရသေးပါဘူးကွယ်၊ အပွေးမြင်အပင်သိ ဆိုတဲ့စကားလိုပေါ့၊ မင်းကိုကြည့်ရတာ ဒီမြို့ကဟုတ်ပုံမရဘူး။ ဒီမြို့လူဆိုရင် မြို့လယ်ကောင်မှာရှိတဲ့ဈေးကို တအံ့တသြရပ်ကြည့်စရာအကြောင်း မရှိဘူး။ အလုပ်ရှာဖို့ ထွက်လာတဲ့သူဟာညနေမစောင်းမီ ဈေးထဲကိုလာပြီး ခြေပစ်လက်ပစ် လှဲချလိုက်ကတည်းက ပြဿနာတစ်ခု ကြုံခဲ့ရပြီဆိုတာ သိသာပါတယ်၊ လူကလေးရဲ့မျက်နှာနီပြီး နှုတ်ခမ်းကို တင်းတင်းစေ့ထားတယ်၊ မျက်နှာဟာ မကြည်လင်ဘဲ မှုန်ကုပ်ကုပ်ဖြစ်နေတယ်၊ ဒေါသဖြစ်နေတဲ့ လူရဲ့မျက်နှာက အကြောတွေဟာ တင်းမာနေတတ်တယ်၊ ဒါကြောင့် အလုပ်ရှာရင်း အလုပ်ရှင်နဲ့စကားပြော အပေါက်အလမ်းမတည့်ဘဲ ပြန်လာပုံ ရတယ်။ ဒီအချိန်ဟာ နေ့လည်စာစားတဲ့အချိန်ပဲ။ ကလေးရဲ့နှုတ်ခမ်းမှာ ဆီတွေ ဝေ့နေတယ်၊ ထမင်းဆိုင်က ပြန်လာတာဖြစ်နိုင်တယ်၊ ဒါကြောင့် စကားများရင် ထမင်းဆိုင်ရှင်နဲ့ပဲဖြစ်ရမယ်၊ ထမင်းဆိုင်ရှင်နဲ့ ဘယ်လိုစကားများမလဲ၊ ထမင်းစားပြီး ထမင်းဆိုင်မှာ အလုပ်တောင်းရင်း စကားများနိုင်တယ်၊ ဟုတ်တယ်မဟုတ်လား"

ဟုရှည်လျားစွာ ပြောဆိုလေရာ ချမ်းသာသည် လွန်စွာ အံ့သြသွားပြီးလျှင်

"အဒေါ်ကြီးပြောတာ အားလုံးမှန်တယ်၊ အဒေါ်ကြီး သိပ်တော်တာပဲ"

ဟုအစချီကာ ထမင်းဆိုင်တွင် ဆိုင်ရှင်မိန်းမကြီးနှင့် ပြဿနာဖြစ်ခဲ့ပုံများကို ပြန်လည်ပြောဆိုလေ၏။ အဒေါ်ကြီးက အစအဆုံးနားထောင်၍

"ဒီမှာလူကလေး၊ လိုချင်သူနဲ့ပေးကမ်းသူဟာ ဘယ်တော့မှ တစ်ပြေးညီမဖြစ်နိုင်ဘူးကွယ့်၊ ပေးကမ်းသူကအထက်၊ လိုချင်သူက အောက်မှာရှိတယ်၊ လိုချင်သူဟာ တစ်ဆင့်နိမ့်နေတယ်၊ လောကကြီးထဲမှာ နေနိုင်



www.burmeseclassic.com

www.burmeseclassic.com



ဒီသဘောကိုနားလည်ထားရမယ်၊ လိုချင်သူနဲ့ပေးကမ်းသူဟာ ဘယ်တော့မှ တစ်ပြေးညီမရှိနိုင်ဘူး၊ ဒါကြောင့် သည်းခံစိတ်ကိုမွေးရမယ်၊ တစ်ခုခုလိုချင်ရင် တစ်ခုခုပေးဆပ်ရမယ်ကွယ့်၊ ပေးဆပ်ဖို့အတွက် သတ္တိနည်းနေပြီ ဆိုရင်တော့ လူကလေးလိုချင်တာကို ရမှာမဟုတ်ဘူး၊ သူ့သမီးကို လိုချင်ရင် သူ့မိဘကို သည်းခံရမှာပဲ၊ ခယ်မတွေ ယောက်ဖတွေအပေါ်မှာလည်း စိတ်ရှည်ရမယ်၊ စိတ်မရှည်ဘူးဆိုရင်တော့ လူကလေးချစ်သူနဲ့ လွဲမှာပဲ"

ဟုရှင်းလင်းပြလေ၏။ ချမ်းသာသည် အမျိုးသမီးကြီး၏ စကားကို နားထောင်၍

"အဒေါ်ကြီးပြောတာ ဟုတ်ပေသားပဲ၊ ငါဟာလောကနီတိကို နားလည်တတ်ကျွမ်းရက်နဲ့ သတိလက်လွတ်ဖြစ်သွားတယ်၊ လောကနီတိမှာ **လောကေ၊ လောက၌။ စနစည္ပယောဂေသု၊ ဥစ္စာစပါး ရောင်း၀ယ်သောအခါ၌ လည်းကောင်း၊ တထာ၊ ထိုမှတစ်ပါး။ ဝိဒ္ဒါဂမေသု၊ အတတ်သင်သောအခါတို့၌လည်းကောင်း၊ ဒုတေသု၊ တမာန် အစေအပါးခံသောအခါတို့၌လည်းကောင်း၊ အပစာရေသု၊ မေထုန်မှီ၀ဲ သောအခါတို့၌လည်းကောင်း။ တဒါတေသုကာလေသု၊ ထိုအခါတို့၌။ လဇ္ဇာ၊ အရှက်ကြောက်ကို။ စဇ္ဇာ၊ စွန့်သည်၊ ဘဝေ၊ ဖြစ်ရာ၏** လို့ဆိုထားတာပဲ၊ ငါဟာ ဘာမဟုတ်တဲ့ကိစ္စလေးကို တွေးတောပြီးအရှက်ရနေတယ်၊ လောကမှာ ဒီထက်ပိုပြီးစွန့်လွှတ်စွန့်စားရမယ့် အကြောင်းအရာတွေ အများကြီးတွေ့ကြုံရဦးမှာပဲ"

ဟုတွေးတောမိလေ၏။ အမျိုးသမီးကြီးက

"လူကလေး သဘောပေါက်သွားပြီထင်တယ်"

ဟုပြောဆိုလေရာ ချမ်းသာက ခေါင်းညိတ်၍

"ကျွန်တော် သတိလက်လွတ်ဖြစ်သွားတယ်အဒေါ်၊ တကယ်တော့ ထမင်းဆိုင်ရှင်မိန်းမကြီးဟာ သူ့ဆိုင်မှာထမင်းစားပြီး ထမင်းဖိုးရှင်းခါနီးကျမှ ပိုက်ဆံမရှိဘူးဆိုပြီး စားပွဲထိုး၊ ပန်းကန်ဆေး အလုပ်တစ်ခုခုတောင်း၊ နောက်ပြီး ဆိုင်ကပစ္စည်း တစ်ခုခုကို အလစ်သုတ်တဲ့သူမျိုးကို တကယ်ကြုံဖူးလို့ ကျွန်တော့်ကို အထင်မှားမိတာဖြစ်မှာပါ၊ ကျွန်တော်အစက ဒီလိုမတွေးမိဘူး"

ဟုဆိုလေ၏။ အမျိုးသမီးကြီးက ဆက်လက်၍



www.burmeseclassic.com

www.burmeseclassic.com



"လူကလေးမှာ အကောင်းမြင်စိတ်ဖြစ်ပေါ်လာပြီ၊ လောကမှာ ဘာပဲလုပ်လုပ် အကောင်းမြင်စိတ်နဲ့ စတင်ဖို့လိုတယ်၊ အဆိုးမြင်စိတ်ရှိသူဟာ ဘယ်တော့မှ မကြီးပွားနိုင်ဘူးကွယ့်၊ အရာရာကို အဆိုးမြင်တဲ့သူဟာ ဘေးထိုင်ဘိုင်ကျပြီး ဘုပြောနေတဲ့လူမျိုးပဲပေါ့၊ အကောင်းမြင်စိတ်ရှိသူဟာ ဘယ်အလုပ်မျိုးမဆို အကောင်းဘက်ကတွေးပြီး စတင်လုပ်ကိုင်ဖြစ်သွားတယ်၊ ကြုံတွေ့ရတဲ့ အခက်အခဲတွေကို စိတ်ဓာတ်မကျဘဲ အကောင်းမြင်စိတ်နဲ့ ဖြေရှင်းလေ့ရှိတယ်၊ ဒါကြောင့် အကောင်းမြင်စိတ်ကို မွေးဖို့ကြိုးစားပါ လူကလေး"

ဟုရှည်လျားစွာ ရှင်းပြပြန်၏။ ချမ်းသာက ခေါင်းညိတ်၍

"ကျွန်တော် ရှေ့ဆက်ပြီး အကောင်းမြင်စိတ်ကို မွေးပါတော့မယ်၊ အဒေါ်ကြီးပြောတဲ့စကားတွေဟာ အင်မတန်မှတ်သားဖို့ကောင်းပါတယ်၊ အဒေါ်ကြီးဟာ နှယ်နှယ်ရရတော့ဟုတ်ဟန်မတူဘူး"

ဟုပြောဆိုလေ၏။ အဒေါ်ကြီးက ဆက်လက်၍

"အဒေါ်ရဲ့ ဇာတိက မြန်မာပြည်အောက်ပိုင်း ဘီလူးကျွန်းဘက်ကပဲ၊ အဒေါ်(၁၆)နှစ်သမီးအရွယ်မှာ အဒေါ့်ခင်ပွန်း သစ်ကုန်သည်ကိုရွှေရှိနဲ့ အကြောင်းပါပြီး တနင်္သာရီဘက်ကိုပါသွားတယ်၊ အဒေါ်တို့ လင်မယားဟာ မောင်တစ်ထမ်းမယ်တစ်ရွက်နဲ့ အောက်ခြေကစပြီး ကြိုးစားရုန်းကန်လိုက်ကြတာ နှစ်(၂၀)လောက်လည်းကြာရော သစ်စက်အတော်များများကို ပိုင်ဆိုင်ခဲ့တယ်၊ အဒေါ်တို့ပိုင်တဲ့ သင်္ဘောတွေဟာ ထိုင်း-မြန်မာနယ်စပ် ရွာကလေးတွေမှာရှိတယ်၊ ထိုင်းဘက်မှာလည်း အဒေါ်ပိုင်တဲ့ စီးပွားရေး လုပ်ငန်းတွေ အများကြီးရှိခဲ့တယ်၊ အဒေါ့်ကို သူဌေးမကြီး ဒေါ်ခင်ကြည်ဆိုပြီး ထိုင်းလူမျိုးတွေ သိကြတယ်၊ အဒေါ် အသက်(၆၀)နှစ်ပြည့်တဲ့အချိန်မှာ အဒေါ့်ခင်ပွန်းဆုံးတာနဲ့ စည်းစိမ်ဥစ္စာတွေကို သားသမီးတွေ ခွဲဝေပေးပြီး စစ်ကိုင်းချောင်မှာ တရား အားထုတ်နေတယ်၊ အခုဒီမြို့က ဓမ္မမိတ်ဆွေတစ်ဦးရဲ့ အိမ်မှာ ဓာတ်ပုံရိုက်ပြီး စေတီလေးမှာ ပုတီးလာစိပ်နေတာပဲ"

ဟုရှည်လျားစွာပြောဆိုလေ၏။ အဒေါ်ကြီး၏ စကားဆုံးသည်နှင့် ချမ်းသာသည် ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီးလျှင်

"ဟင် ဒါဆို အဒေါ်က သူဌေးမကြီးပေါ့၊ ကျွန်တော်ဟာ သူဌေးဖြစ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



အတွက် လူ့လောကကြီးထဲကို ဝင်လာတဲ့ လူတစ်ယောက်ပါ၊ ကျွန်တော့်ကို ကြီးပွားအောင်မြင်ဖို့အတွက် လမ်းညွှန်မှုတွေ ပေးပါဦး”

ဟုတောင်းပန်လိုက်လေရာ သူဌေးမကြီးက ခေါင်းညိတ်၍

“လူကလေးကို အဒေါ် စကားနှစ်ခွန်းပဲပြောလိုက်မယ်၊ နံပတ်(၁) လောကမှာ ဘာလုပ်လုပ် အကောင်းမြင်စိတ်ထားရမယ်၊ နံပတ် (၂) ဘယ်တော့မှ စိတ်မလျှော့နဲ့၊ မအောင်မြင်ရင် တစ်ကြိမ်ပြီးတစ်ကြိမ် ဆက်လုပ်၊ နှစ်ကြိမ်မအောင်မြင်ရင် သုံးကြိမ်လုပ်၊ သုံးကြိမ်မအောင်မြင်ရင် လေးကြိမ်လုပ်၊ စိတ်နဲ့ဇွဲကို ဘယ်တော့မှ မလျှော့လိုက်လေနဲ့၊ နောက်ဆုံးမှာ အောင်မြင်မှုရမှာ မလွဲဘူး”

ဟုပြောလေ၏။ ချမ်းသာသည် သူဌေးမကြီး၏စကားကိုနားထောင်၍ ကြက်သီးတဖြန်းဖြန်းထအောင် စိတ်အားတက်ကြွသွားပြီး

“အဒေါ့်စကားကို ကြားရတာ စိတ်အားတက်ကြွလိုက်တာ ကျွန်တော့်ကိုယ်ထဲကို မမြင်ရတဲ့အားအင်တွေ တရှိန်ထိုးဝင်လာသလို ခံစားရတယ်၊ အဒေါ်ဒီမြို့မှာ ရှိဦးမှာလားဟင်”

ဟုဝမ်းသာအားရပြောဆိုလေရာ သူဌေးမကြီးက

“အဒေါ်မနက်ဖြန် ဒီမြို့ကသွားတော့မယ်၊ လူကလေးရဲ့ စိတ်အား တက်ကြွမှုကို ကြည့်ပြီး အဒေါ်ခန့်မှန်းနိုင်တယ်၊ လူကလေးဟာ တစ်နေ့မှာ ကြီးပွားအောင်မြင်မှာမလွဲဘူး”

ဟုအားပေးစကားပြောလေတော့၏။ ချမ်းသာက

“ပေးတဲ့ဆုနဲ့ပြည့်ပါစေဗျာ” ဟုဆုတောင်းလိုက်လေ၏။

ထိုညက ချမ်းသာသည် စေတီလေးအနီးရှိ ဇရပ်ပေါ်တွင်ပင် အိပ်စက်ခဲ့၏။

********



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဘုန်းကြီးကျောင်းသားပီပီ မနက်စောစောထ၍ စေတီပတ်ဝန်းကျင်ကို တံမြက်စည်းလှဲလေ၏။ သစ်ရွက်ခြောက်များကို စု၍ မီးရှို့လေ၏။ စေတီအနီးတွင် ပေါက်နေသော သပြေပန်းများကို ချူးဆွတ်၍ ဘုရားပန်းလဲလေ၏။ ဘုရားသောက်တော်ရေ ကပ်လေ၏။

ထို့နောက် မြို့ထဲသို့ထွက်ကာ ထမင်းဆိုင်များတွင် လှည့်လည်၍ စားပွဲထိုး၊ ပန်းကန်ဆေးအလုပ် လုပ်လိုကြောင်း ပြောဆို၍ အလုပ်တောင်းလေရာ မည်သည့်ဆိုင်ကမျှ သူ့အား အလုပ်မပေးနိုင်ကြောင်း တွေ့ရ၏။ အချို့သော ဆိုင်များက သူ့အား ကောင်းမွန်စွာ ပြောဆိုသော်လည်း အချို့ဆိုင်များက ရိုင်းစိုင်းစွာပြောဆို၍ ဆိုင်ထဲမှ မောင်းထုတ်ကြ၏။ အချို့ဆိုင်ထဲသို့ပင် အဝင်မခံကြပေ။ သို့သော် စိတ်ပျက်အားငယ်ခြင်းမရှိဘဲ အပြုံးမပျက် ရင်ဆိုင်နိုင်ခဲ့လေ၏။ သူ့ဌေးမကြီး၏စကားများကို သူ၏နားထဲတွင် ကြားယောင်၍ စိတ်အားတင်းခဲ့ရ၏။

"လူကလေး ဘယ်တော့မှ စိတ်မပျက်နဲ့၊ မအောင်မြင်ရင် တစ်ကြိမ်ပြီးတစ်ကြိမ် ဆက်လုပ်၊ နှစ်ကြိမ်မအောင်မြင်ရင် သုံးကြိမ်လုပ်၊ သုံးကြိမ်မအောင်မြင်ရင် လေးကြိမ်လုပ်၊ စိတ်နဲ့ဇွဲကို ဘယ်တော့မှ မလျှော့လိုက်လေနဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှာ အောင်မြင်မှုရမှာ မလွဲဘူး”

သူသည် ညနေစောင်းသည်အထိ မည်သည့်ဆိုင်တွင်မျှ အလုပ်မရသေးသဖြင့် နေဝင်ခါနီးသောအခါ နားခိုနေသောဇရပ်သို့ပြန်ခဲ့လေ၏။ ထိုမြို့တွင်ရှိသော ထမင်းဆိုင်များအားလုံး ကုန်သွားပေပြီ။ ဤသို့ဆိုလျှင် ထမင်းဆိုင်တွင်အလုပ်ရစရာ လမ်းမမြင်တော့ပေ။

“ထမင်းဆိုင်တွေမှာမရရင် လက်ဖက်ရည်ဆိုင်တွေ ဒီအပြင် အရောင်းဆိုင်တွေ ကျန်သေးတာပဲ၊ ငါစိတ်ဓာတ်မကျဘူး၊ ဇွဲကို မလျှော့ဘူး”

ဟုသူ့ကိုယ်သူအားပေး၍ ထိုနေ့ည အိပ်စက်ရန် ကြိုးစားလေ၏။ သို့သော် သီတာ၏မျက်နှာကို မျက်လုံးထဲတွင် မြင်နေသဖြင့် တော်တော်နှင့် အိပ်မပျော်ပေ။ သီတာလည်း သူ့ကို သတိရနေမည်ထင်၏။ သီတာနှင့် ဘယ်တော့များမှ ဆုံတွေ့ရလေမည်မသိ။ နှစ်တွေ၊ လတွေ၊ ရက်တွေ၊ အများကြီး ကြာဦးမည်ထင်၏။

နောက်တစ်နေ့ မနက်မိုးလင်းသောအခါ ထုံးစံအတိုင်းထ၍ ဘုရားဝေယျာဝစ္စ အလုပ်များကို လုပ်ကိုင်လေ၏။ထို့နောက် မြို့ထဲသို့လှည့်လည်၍ လက်ဖက်ရည်ဆိုင်များတွင် အလုပ်တောင်းလေ၏။ လက်ဖက်ရည်ဆိုင်များ အားလုံးက

“စားပွဲထိုးမလိုဘူး”

ဟုတညီတညွတ်တည်းဆိုကြ၏။ ညနေသို့ရောက်သောအခါ အလုပ်မရသည်နှင့် နားခိုရာဇရပ်သို့ ပြန်ခဲ့ရပြန်၏။ အလုပ်တစ်ခုရဖို့ ဤမျှ ခက်ခဲလေမှန်း သူလက်တွေ့ကျကျ သိရပေပြီ။ သူသည် စိတ်ဓာတ်ကျချင်သလိုရှိလာသဖြင့် သူ့ကိုယ်သူအားပေးကာ ဇရပ်ပေါ်သို့ ရင်ကိုကော့၍ တက်ခဲ့လေ၏။ ဇရပ်ပေါ်သို့ရောက်သောအခါ တိုင်ကိုမှီထိုင်နေသော တရုတ်ဘိန်းစားတစ်ယောက်နှင့် ဆုံလေ၏။ ဘိန်းစားက သူ့ကိုကြည့်၍

“ဟိဟိ၊ ကိုယ့်လူကိုကြည့်ရတာ အတော်စိတ်ဓာတ်ကျနေပုံရတယ်၊ ဧကန္တတော့ အလုပ်ရှာမရလို့ စိတ်ဓာတ်ကျနေတယ်ထင်ပဲ၊ မျက်နှာကြီးကလည်း မာန်တွေ တင်းထားလိုက်တာ”

ဟုလှောင်ပြောင်လေရာ ချမ်းသာက

“ဒီလောက် ရင်ကိုကော့ ခေါင်းမော့ပြီး အားမာန်အပြည့်နဲ့ သာတဲ့

www.burmeseclassic.com



သူကို ခင်ဗျားက ဘာလို့ စိတ်ဓာတ်ကျနေတယ်လို့စွပ်စွဲတာလဲ”

ဟုမေးမြန်းလေ၏။ ချမ်းသာ၏စကားကို တရုတ်ဘိန်းစားက ရယ်မော၍

“ရင်ကြီးကိုကော့ ခေါင်းကြီးကို မော့လို့ စိတ်ဓာတ်ကျနေပြီလို့ သိတာကွ၊ မျက်နှာကြီးကလည်း တင်းထားလိုက်တာ၊ မေးရိုးကြီးတွေတောင် ထောင်လို့၊ ဒါဟာ စိတ်ဓာတ်အင်အား နည်းပါးနေတဲ့ လက္ခဏာပဲကွ”

ဟုပြောလေ၏။ ချမ်းသာက မျက်မှောင်ကြုတ်၍

“ခင်ဗျားပြောတာ ကျုပ်မရှင်းဘူး၊ ကျုပ်ပုံစံက စိတ်ဓာတ်ကျတဲ့ အမူအရာပေါက်နေလို့လား”

ဟုမေးမြန်းလေ၏။ တရုတ်ဘိန်းစားက

“ဟဲဟဲဟဲ၊ ပညာမျက်စိနဲ့ကြည့်ရင်တော့ စိတ်ဓာတ်ကျနေမှန်း သိတယ်ကွ ကောင်လေးရ၊ မင်းလိုမလောက်လေး မလောက်စား ကောင်လေးကို ငါ ဘယ်လိုနားလည်အောင် ရှင်းပြရမလဲ၊ အကာလညအခါမှာ သုသာန်တစပြင်ထဲကို ဖြတ်လျှောက်လာတဲ့ ခရီးသွားတစ်ယောက်ဟာ သူ့ကိုယ်သူ ရဲဆေးတင်တဲ့အနေနဲ့ သီချင်းတွေ အော်ဟစ်သီဆိုပြီးသွားတယ်ကွာ၊ မင်းအဖြစ်ဟာ အဲဒါနဲ့ ခပ်ဆင်ဆင်တူတယ်ကွ၊ အလုပ်မရလို့ စိတ်ဓာတ်ကျချင်ချင်ဖြစ်တယ်၊ ဒါပေမဲ့ ဘယ်တော့မှ စိတ်ဓာတ်မကျဘူးဆိုတဲ့ ဖွဲ့နဲ့ ကိုယ့်ကိုကိုယ် ရဲဆေးတင်လိုက်တာပဲ၊ ဒီလို စိတ်ဓာတ်မျိုးရှိတာ ကောင်းပါတယ်၊ အောင်မြင်ဖို့အတွက် အထောက်အကူဖြစ်နိုင်တာပေါ့၊ ဒါပေမဲ့ စိတ်ဓာတ်အင်အားပြည့်ဝရင် ပိုကောင်းတာပေါ့ကွာ၊ စိတ်ဓာတ်အင်အား ပြည့်ဝတဲ့သူဟာ ဘယ်တော့မှ တောင့်တောင့်မာမာကြီးမဖြစ်ဘူးကွ၊ အသွားအလာ အနေအထိုင် အားလုံးသက်သောင့်သက်သာရှိတယ်၊ လူတစ်ယောက်ရဲ့ ကိုယ်ဟန်နဲ့ အမူအရာကိုကြည့်ပြီး အတွင်းစိတ်ပြည့်ဝသူဟုတ်မဟုတ် ပညာဉာဏ်မျက်စိနဲ့ မြင်နိုင်တယ်၊ ခေါင်းကြီးကိုမော့ ရင်ကြီးကိုကော့ပြီး တောင့်တောင့် မာမာကြီး ရှိတဲ့ ကောင်မျိုးဟာ အတွင်းစိတ်ဓာတ်အင်အားနည်းတဲ့ ကောင်တွေကွ၊ လူပိန်းတွေအမြင်မှာတော့ ဒီကောင်မျိုးဟာ သူရသတ္တိနဲ့ ပြည့်စုံတဲ့ကောင်မျိုးတွေပေါ့ကွာ၊ ပညာမျက်စိနဲ့ ကြည့်ရင်တော့ ဒီကောင်တွေဟာ သနားစရာကောင်းလောက်အောင် စိတ်ဓာတ်အင်အားနည်းတဲ့ သူတွေပဲ၊ သူတို့ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စိတ်တွေ မလုံခြုံမှုတွေ အမြဲရှိတယ်၊ ဒီအရာတွေကို ကာကွယ်တဲ့ အနေနဲ့ မာန်တွေတင်းပြီး တောင့်တောင့်မာမာကြီးလုပ်နေတာပဲ၊ တစ်ခါက ဟောပြောပွဲတစ်ခုမှာ အားမာန်အပြည့်နဲ့ ပြောနေတဲ့လူတစ်ယောက်ကို လူပိန်းအများစုက လက်ခုပ်တဖြောင်းဖြောင်းတီးပြီး အားပေးကြတယ်၊ စကားအပြောအဆိုရဲဝံ့ပြတ်သားလိုက်တာလို့ ချီးမွမ်းကြတာ ငါနားထောင် ကြည့်လိုက်တော့ ဒီကောင့်အသံဟာ သနားစရာကောင်း လောက်အောင် မလုံခြုံမှုတွေ၊ ကြောက်ရွံ့မှုတွေကို မြင်နေရတယ်ကွ၊ လောကမှာ လက်သီးဆုပ် ထားတဲ့သူတွေအားလုံး ကြောက်ရွံ့သူတွေပဲ၊ လက်ဝါးဖြန့်ထားတဲ့သူတွေဟာ ရဲဝံ့တဲ့ သူတွေဖြစ်တယ်၊ ကြောက်ရွံ့သူတွေဟာ မာန်တွေတင်းထားတယ်၊ ထိုးနက်တိုက်ခိုက်တယ်၊ ရက်စက်ကြမ်းကြုတ် ယုတ်မာရိုင်းဆိုင်းတယ်၊ ရဲဝံ့သူတွေဟာ သည်းခံနိုင်စွမ်းရှိတယ်၊ မေတ္တာထားနိုင်တယ်၊ ခွင့်လွှတ် နိုင်စွမ်းရှိတယ်၊ စွန့်လွှတ်အနစ်နာခံရဲတယ်၊ ဒါကြောင့် ရဲဝံ့သူဖြစ်အောင် ကြိုးစားပါကောင်လေးရာ"

ဟုရှည်လျားစွာ ရှင်းလင်းပြလေ၏။ တရုတ်ဘိန်းစား၏ စကား အဆုံးတွင် ချမ်းသာက

"ခင်ဗျားပြောတာ နားလည်သလိုတော့ရှိတယ်၊ ဒါပေမဲ့ နားမလည် သေးဘူး၊ ကျုပ်က နာမည်နဲ့လိုက်အောင် လူချမ်းသာ တစ်ယောက်ဖြစ်ချင်တာ၊ လူချမ်းသာတစ်ယောက်ဖြစ်ဖို့ အတွင်းစိတ်ပြည့်ဝဖို့လိုသလား"

ဟုမေးမြန်းလေ၏။ တရုတ်ဘိန်းစားက တခစ်ခစ်ရယ်မော၍

"မင်းမေးခွန်းကို ကြိုက်သွားပြီကောင်လေး၊ မင်းတစ်နေ့ လူ ချမ်းသာတစ်ယောက်ဖြစ်မှာ ဧကန်မလွဲဘူးကွ"

ဟုပြောလေ၏။ ချမ်းသာက အံ့ဩဟန်ဖြင့်ကြည့်ကာ

"ခင်ဗျားက ဘာသဘောနဲ့ ပြောတာလဲ"

ဟုမေးမြန်းလေ၏။ တရုတ်ဘိန်းစားက

"မင်း ငါ့ကိုမေးတဲ့မေးခွန်းကြည့်ပြီး ပြောတာပါ၊ မင်းစိတ်ထဲမှာ ချမ်းသာဖို့ကလွဲပြီး အခြားအာရုံမရှိဘူး၊ ချမ်းသာဖို့တစ်ခုထည်းကိုပဲ ဦးတည်ထားတယ်၊ ငါပြောတဲ့ စိတ်ဓာတ် အင်အားကိုလည်း စိတ်မဝင်စားဘူး ချမ်းသာဖို့အတွက် စိတ်ဓာတ်အင်အား ပြည့်ဝဖို့လိုသလား၊ လိုရင် ရအောင်



www.burmeseclassic.com

www.burmeseclassic.com


ကြိုးစားမယ်၊ မလိုရင် မကြိုးစားတော့ဘူး၊ ဒါပဲမဟုတ်လား"

ဟုပြောလေ၏။ ချမ်းသာက စကားမတုံ့ပြန်တော့ဘဲ ပြုံး၍သာနေလေ၏။ တရုတ်ဘိန်းစားကဆက်လက်၍

"ချမ်းသာဖို့အတွက် အတွင်းစိတ်ပြည့်ဝရမယ်လို့တော့ မဆိုနိုင်ဘူးကွ၊ အတွင်းစိတ်အင်အားနည်းပြီး ချမ်းသာကြွယ်ဝနေတဲ့သူတွေ တစ်ပုံကြီးပဲ၊ အတွင်းစိတ်အင်အားပြည့်ဝပြီး ဆင်းရဲနွမ်းပါးသူတွေလည်း အများကြီးပဲ၊ ဒါကြောင့် ချမ်းသာခြင်း၊ ဆင်းရဲခြင်းဆိုတာ အတွင်းစိတ်အင်အားနဲ့တော့ သိပ်မဆိုင်ဘူး၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်ချပြီး စွမ်းစွမ်းတမန်အလုပ်လုပ်တဲ့ အမူအကျင့်နဲ့ပဲ သက်ဆိုင်တယ်၊ ဒါပေမဲ့ ရည်မှန်းချက်၊ ရည်ရွယ်ချက်ချင်းတူပြီး စွမ်းစွမ်းတမန် အလုပ်လုပ်တာလည်းတူပြီဆိုရင်တော့ အတွင်းစိတ်အင်အားပြည့်ဝတဲ့သူဟာ လောကဓံကို ရင်ဆိုင်ရာမှာ ကြံ့ကြံ့ခံနိုင်ပြီး စိတ်အေးချမ်းသာစွာ နေထိုင်နိုင်တယ်၊ သူတို့ရဲ့နေပုံထိုင်ပုံ သွားပုံလာပုံ၊ ပြောပုံဆိုပုံတွေဟာ သက်သောင့်သက်သာရှိတယ်၊ အားစိုက်ထားတဲ့ အမူအရာမရှိဘူး"

ဟုရှည်လျားစွာရှင်းလင်းပြလေ၏။ ထို့နောက်တွင်မှ ချမ်းသာက ဆက်လက်၍

"အတွင်းစိတ်အကြောင်း ထားလိုက်ပါတော့ဗျာ၊ ခင်ဗျားက ဘယ်သူလဲ"

ဟုမေးမြန်းလေရာ တရုတ်ဘိန်းစားက ရယ်မော၍

"ဟဲဟဲဟဲ၊ ငါနာမည်က ရှောင်မိန်းလို့ခေါ်တယ်ကွ၊ ငါက မြန်မာပြည်အနှံ့ လှည့်လည်ပြီး ခြေသလုံးအိမ်တိုင် သွားလာနေထိုင်တဲ့သူပဲ၊ အလုပ်အကိုင်နေရာ အတည်တကျမရှိတဲ့ပုဒ်မနဲ့ ဖမ်းမယ်ဆိုရင်တော့ ရှေ့ဆုံးက အဖမ်းခံရမယ့်ကောင်ပဲကွ၊ ငါ့မှာ ရည်မှန်းချက်၊ ရည်ရွယ်ချက်မရှိဘူး၊ ငါ့ရဲ့စိတ်ဟာ တိမ်လိုလွင့်နေတယ်၊ လေနဲ့ အတူပါသွားပြီး လေနဲ့အတူလာတယ်"

ဟုဆိုလေ၏။ ချမ်းသာက ရှောင်မိန်း၏စကားကိုနားထောင်၍

"ခင်ဗျားမှာ ဘာရည်ရွယ်ချက်၊ ရည်မှန်းချက်မှမရှိဘူး ဆိုတော့ ပေါ့ပေါ့နေ ပေါ့ပေါ့စားတဲ့သူပေါ့"

ဟုပြောလေရာ တရုတ်ဘိန်းစားက ရယ်မော၍

"သိပ်မှန်တာပေါ့ကွာ၊ ပေါ့ပေါ့နေပေါ့ပေါ့စားဖို့ဆိုတာ နည်းဖြ



www.burmeseclassic.com

www.burmeseclassic.com


အရည်အချင်းလားၤလူတိုင်းလူတိုင်းရဲ့ ရင်ထဲမှာ လောဘ၊ ဒေါသတွေ၊ လိုချင်တပ်မက်မှုတွေ၊ မနာလိုဝန်တိုမှုတွေ၊ စိုးရိမ်ထိတ်လန့်မှုတွေနဲ့ ပူလောင်နေတယ်၊ လူတွေဟာ တစ်ဦးနဲ့တစ်ဦး ပြိုင်ဆိုင်နေကြတယ်၊ အရည်အချင်းမရှိတဲ့သူတွေဟာကိုယ့်ပြိုင်ဘက်၊ ကိုယ့် ထက်သာသွား မှာကိုကြောက်တယ်၊ အဲဒီကနေ မနာလိုဝန်တိုမှုဖြစ်တယ်၊ လူတွေဟာ ကိုယ့်အချင်းချင်း ပြိုင်ရုံတင်မကဘူး သားသမီးတွေအတွက်လဲ ပြိုင်ဆိုင်ကြတယ်၊ အဲဒီမှာ ကိုယ့်အတွက်သာမက သားသမီးတွေအတွက်ပါ ပြိုင်ဆိုင်မှုတွေဖြစ်လာတယ်၊ ပြိုင်ဆိုင်မှုကနေရှုံးနိမ့်ရမှာကို ကြောက်တဲ့ စိုးရိမ်သောကတွေဖြစ်လာတယ်၊ စိုးရိမ်သောကဆိုတာကြောက်စရာအကောင်းဆုံး အဆိပ်ပဲ၊ လူတွေရဲ့ နေထိုင်မှုပုံစံတွေကို စိုးရိမ်သောက က အများကြီး ပြောင်းလဲနိုင်စွမ်း ရှိတယ်၊ ပေါ့ပေါ့နေပေါ့ပေါ့စားတဲ့သူမှာတော့ စိုးရိမ်သောကအဆိပ်နဲ့ ကင်းဝေးနိုင်တာပေါ့ကောင်လေးရာ ဟဲဟဲဟဲ"

ဟုပြောဆိုလေ၏။ ချမ်းသာက ခေါင်းခါ၍

"ဘာပဲဖြစ်ဖြစ် ကျူပ်ကတော့ ချမ်းသာချင်တယ်။ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား မနေနိုင်ဘူး"

ဟုငြင်းဆန်လေရာ ရှောင်မိန်းကခေါင်းညိတ်၍

"လူသားတိုင်း လူသားတိုင်းမှာ လွတ်လပ်စွာနေထိုင်ခွင့်၊ လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်ရှိတယ်၊ ဒါကြောင့် မင်းကို ငါမတားလိုပါဘူး၊ ချမ်းသာချင်တဲ့သူဟာလည်း ပေါ့ပေါ့နေပေါ့ပေါ့စားနေလို့မရဘူး၊ ကြိုးစားရုန်းကန်ရမယ်၊ ရင်ဆိုင်တိုက်ပွဲဝင်ရမယ်၊ အသစ်အသစ်တွေတီထွင်ရမယ်၊ လူ့ဘဝဆိုတာကတိုက်ပွဲပဲ၊ ဆင်းရဲဒုက္ခတွင်းကြီးပဲ၊ အဲဒီမှာရုန်းကန်ရမှာ၊ လိုက်လျောညီထွေဖြစ်အောင်ကြိုးစားရမှာ၊ ဒါပေမဲ့ ကြိုးစားရုန်းကန်ရင်းနဲ့ တိုက်ပွဲဝင်ရင်းနဲ့၊ ကိုယ့်ကိုကိုယ်အဆိပ်မတက်အောင်ကြိုးစားရမယ်၊ အဆိပ်မတက်ဖို့သတိရှိဖို့လိုတယ်၊ သတိက သိပ်အရေးကြီးတယ်၊ ဒီမှာကောင်လေး၊ ငါ့စကားတွေဟာ သိပ်လေးနက်တယ်၊ ဒီအခိပ္ပါယ်ကို နှစ်ပေါင်းများစွာ ရောက်မှမင်းနားလည်မယ်၊ လောလောဆယ်တော့ မင်းဖြစ်ချင်တာတွေအတွက် ကြိုးစားရုန်းကန်လိုက်ပါဦးကွာ"

ဟုရှည်လျားစွာ ရှင်းပြပြန်၏။ ချမ်းသာက တရုတ်ဘိုးအိုအား၏


www.burmeseclassic.com

www.burmeseclassic.com



စကားကိုနားထောင်၍

"ဒါနဲ့ ခင်ဗျားက ဒီဇရပ်မှာ တည်းခိုမှာလား"

ဟုမေးမြန်းလေရာ ၄င်းက

"ငါ ဒီဇရပ်မှာ ရောက်နေတာ တစ်လလောက်ရှိပြီကွ၊ လွန်ခဲ့တဲ့ ရက်တွေက မြို့ထဲက တရုတ်ဘုံကျောင်းပြင်ဆင်လို့ လုပ်အားသွားပေးနေတာကွ၊ ငါပြန်ရောက်တော့ ဒီဇရပ်မှာ ဘုန်းကြီးကျောင်းသားတစ်ယောက် ရောက်နေပြီဆိုတာ သိလိုက်တယ်ကွ"

ဟုပြောလေ၏။ ချမ်းသာသည် တရုတ်ဘိန်းစား၏စကားကြောင့် မျက်လုံးပြူးသွားပြီးလျှင်

"ခင်ဗျားက ကျုပ် ဘုန်းကြီးကျောင်းသားမှန်းသိတယ်"

ဟုရေရွတ်လေ၏။ ရှောင်မိန်းက တဟဲဟဲရယ်မော၍

"စေတီပရဝဏ်က အမှိုက်သရိုက်တွေ ရှင်းလင်းနေတာရယ်၊ ဘုရားပန်းအိုးတွေမှာ သပြေပန်းတွေထိုးထားပုံရယ်ကို ကြည့်တာနဲ့ ဘုန်းကြီးကျောင်းသားမှန်း သိသာပါတယ်ကွာ၊ အခု မင်းရုပ်ကိုမြင်တော့မှ ဘုန်းကြီးကျောင်းသားမှန်း ပိုသေချာသွားတော့တယ်၊ ဟဲဟဲဟဲ"

ဟုပြောဆိုလေ၏။

*******



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညက တရုတ်ဘိန်းစားကျွေးမွေးသောသက်သက်လွတ်ဆန်ပြုတ်များကိုစားသောက်၍ အိပ်စက်ခဲ့လေ၏။ သန်းခေါင်အချိန်သို့ရောက်သောအခါ ချမ်းသာသည် အိပ်ရာမှ လန့်နိုးလာ၏။

လပြည့်ညဖြစ်သဖြင့် ကောင်းကင်တစ်ခုလုံး ထိန်ထိန်လင်းနေ၏။ သူသည် အနီးတွင်အိပ်စက်နေသော ရှောင်မိန်းကို မတွေ့သဖြင့် အံ့သြသွားပြီး ဘုရားရင်ပြင်ပေါ်သို့ တက်ခဲ့လေ၏။ ရင်ပြင်ပေါ်သို့ ရောက်သောအခါ ထူးဆန်းသော မြင်ကွင်းကြောင့် မျက်လုံးပြူးသွားလေ၏။ ရှောင်မိန်းသည် အုတ်တံတိုင်းပေါ်သို့တက်၍ လမင်းကြီးရှိရာသို့မျက်နှာမူပြီးရပ်ကာနှုတ်မှ တစ်စုံတစ်ရာကို တီးတိုးရေရွတ်နေလေ၏။ ခဏအကြာတွင် ရှောင်မိန်းက မန္တန်ရွတ်ခြင်းကိုရပ်တန့်၍ သူ့အားလှည့်မကြည့်ဘဲ

"သိပ်အံ့သြနေသလား ဘုန်းကြီးကျောင်းသား၊ လမင်းကြီးကို ပူဇော်တဲ့မန္တန် ရွတ်နေတာကွ"

ဟုပြောလေရာ ချမ်းသာက မျက်မှောင်ကြုတ်၍

"လမင်းကြီးကို ပူဇော်ရတယ်ဟုတ်လား၊ ကျုပ်မကြားဖူးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ တရုတ်ဘိန်းစားက

"အရင်ကမကြားဖူးပေမဲ့ အခုကြားဖူးပြီမဟုတ်လား၊ တနလ်ာဂြိုဟ် လမင်းကြီးကို ပူဇော်ပြီး ငါ့ခန္ဓာကိုယ်ထဲက အသက်ဓာတ်စွမ်းအင် ချီ ကို ညီညွတ်မျှတအောင် လုပ်နေတာကွ၊ လူ့ခန္ဓာကိုယ်မှာ ချီ စွမ်းအင်ညီညွတ် မျှတဖို့ သိပ်အရေးကြီးတယ်၊ လပြည့်ညတွေမှာ ကိုယ်လုံးတီးချွတ်ပြီး လရောင်ကိုခံယူကြတယ်၊ ဒါကြောင့် သူတို့ဟာ အရွယ်တင်နုပျိုပြီး လရဲ့ လျှို့ဝှက်စွမ်းအင်ကိုရကြတယ်၊ လပြည့်ညတွေမှာ မိန်းမတွေရဲ့ ဓမ္မတာ သွေးအားကို ကောင်းစေတယ်၊ ကာမဂုဏ်စိတ်ဓာတ် အတက်အကျကိုလည်း ဖြစ်စေတယ်ကွ၊ သစ်ပင်ပန်းမန်တွေလည်း အဆီအနှစ်ပြည့်ဝကြတယ်၊ ဆေးဘက်ဝင်အပင်တွေလည်း အာနိသင်ထက်မြက်ကြတယ်"

ဟုပြောလေရာ ချမ်းသာက နားထောင်၍

"ကြားရတာ အထူးအဆန်းတွေချည်းပဲ"

ဟုရေရွတ်လေ၏။ ရှောင်မိန်းက ခေါင်းညိတ်၍

"ဒီထက်ထူးဆန်းတာတွေ ရှိသေးတယ်၊ လပြည့်ညတွေမှာ လရဲ့ ဆွဲငင်အားကြောင့် ဒီရေအတက်အကျ ဖြစ်ပေါ်တယ်၊ အုန်းသီးထဲကရေကို ပြည့်စေတယ်၊ ငါးပိအိုးထဲကအရည်တွေကို လျှံစေတယ်၊ လယ်ပုဇွန်တွေ၊ လယ်ကဏန်းတွေလည်း၊ အဆီအနှစ်ပြည့်ဝတယ်ကွ၊ မီးဖိုခန်းထဲက ငါးပိအိုးတွေတောင် လဆန်း၊ လဆုတ်ရက်တွေမှာ ပြည့်ခြင်း၊ မောက်ခြင်း၊ ဖြစ်ပေါ်စေတယ်ကွ၊ ကမ္ဘာပေါ်မှာ ဖြစ်ပေါ်လေ့ရှိတဲ့ ကြောက်စရာ အလွန်ကောင်းတဲ့ မုန်တိုင်းကြီးတွေဟာ လမပြည့်မီ တစ်ရက်အလိုမှာ ပြင်းပြင်းထန်ထန် တိုက်ခတ်ပြီး လပြည့်ညမှာ ငြိမ်သက်အေးချမ်းသွား လေ့ရှိတယ်ကွ၊ ပင်လယ်ပြင်မှာ သွားလာနေတဲ့ သင်္ဘောကြီးတွေဟာ လရဲ့ အောက်တည့်တည့်ကို ဖြတ်သန်းတဲ့အချိန်မှာ အလေးချိန်သိသိသာသာ လျော့နည်းသွားပြီး အသွားနှုန်းပိုမြန်ဆန်လာတယ်၊ လပြည့်ညမှာ မွေးဖွားတဲ့ သူဟာ အသားအရည်စိုပြေပြီး စိတ်သဘောထား နူးညံ့သိမ်မွေ့တယ်၊ မျက်နှာသဏ္ဌာန်ကလည်း လပြည့်ဝန်းရဲ့သဏ္ဌာန်မျိုးရှိတတ်တယ်ကွ၊ ခန္ဓာကိုယ် အချိုးအစားကအစ တုတ်ခိုင်ခြင်းမရှိဘဲ သွယ်သွယ်လျလျရှိတတ်တယ်၊ သတ္တဝါ တွေဟာ လပြည့်ညမှာစိတ်ရွှင်ကြည်နူးတယ်၊ ကာမဂုဏ်စိတ် တက်ကြွကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာရဲ့ဘဝဟာလည်း လပြည့်ဝန်းနဲ့စပြီး လပြည့်ဝန်းနဲ့ဆုံးခဲ့တယ်၊ ဒီပင်္ကရာ ဘုရားရှင်ထံမှာ ဗျာဒိတ်ခံယူတဲ့နေ့၊ ဖွားမြင်တော်မူတဲ့နေ့၊ သစ္စာလေးပါး ကိုသိမြင်တဲ့နေ့၊ ပရိနိဗ္ဗာန်ပြုတဲ့နေ့၊ ဖွားဘက်တော် ဗောဓိပင် ပေါက်တဲ့နေ့တွေ အားလုံးဟာ ကဆုန်လပြည့်နေ့တွေချည်းပဲကွ၊ လပြည့်ညရဲ့ ထူးခြားမှုတွေအကြောင်းကို ပြောရရင် မိုးလင်းသွားလိမ့်မယ် ဘုန်းကြီး ကျောင်းသားရေ၊ ပြန်အိပ်ကြရအောင်"

ဟုရှည်လျားစွာ ရှင်းလင်းပြရင်း စကားကို အဆုံးသတ်လိုက်လေ၏။ ချမ်းသာသည် ရှောင်မိန်းကဲ့သို့ တရုတ်ဘိန်းစားတစ်ယောက်ထံမှ ထူးဆန်းသော ဗဟုသုတများကိုကြားရသဖြင့် တအံ့တသြဖြစ်မိလေ၏။ သူသည် ထိုညက သီတာကို သတိရနေသဖြင့် နိုးတစ်လှည့် အိပ်တစ်လှည့်ဖြစ်နေရှာ၏။

*******



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက်သို့ရောက်သောအခါ ချမ်းသာသည် ဘုရားဝေယျာဝစ္စအလုပ်များကို လုပ်ကိုင်ပြီးသည်နှင့် မြို့ထဲသို့ထွက်၍ အလုပ်ရှာရန်ပြင်ဆင်လေ၏။ ချမ်းသာကိုကြည့်၍ ရှောင်မိန်းက စောင်ခြုံထဲမှ ထွက်ပြီး

"ဘုန်းကြီးကျောင်းသားရေ အလုပ်ရှာမရလို့ အဆင်မပြေရင်စိတ်ညစ်ပြီး မှိုင်တွေမနေနဲ့၊ မျက်စိနဲ့နားကို ဖွင့်ထားကွ"

ဟုပြောလေရာ ချမ်းသာက မျက်မှောင်ကြုတ်၍

"ခင်ဗျားကတော့လုပ်ပြီ၊ မနက်စောစောစီးစီး ပါးစပ်ပုပ်ကြီးနဲ့မပြောပါနဲ့၊ ဒီနေ့ ကျွန်တော်အလုပ်အဆင်ပြေမှာဗျ"

ဟုပြောကာ မြို့ထဲသို့ထွက်ခဲ့လေ၏။ ချမ်းသာသည် ထိုနေ့တစ်နေ့လုံး မြို့ထဲတွင်လှည့်လည်၍ ဈေးများ၊ ဆိုင်များ၊ အလုပ်ရုံများသို့ အလုပ်ရှာထွက်ခဲ့သော်လည်း ကံဆိုးစွာဖြင့် အဆင်မပြေခဲ့ပေ။ သူသည် အလုပ်ရှာမရသည့် အဆုံးတွင်

"ဒီမြို့မှာ ငါ့အတွက် အလုပ်တစ်နေရာတောင် မရတော့ဘူးထင်ပါရဲ့"

ဟုစိတ်အားငယ်စွာဖြင့် တွေးမိလေ၏။ ထိုအချိန်တွင် သူ၏နားထဲသို့ဘုန်းကြီးကျောင်းမှ ထွက်ခွာသောနေ့တွင် စေတနာဖြင့်တားမြစ်သောဒရိုင်ဘာနှင့် စပါယ်ယာ၏စကားများကို ကြားယောင်လာ၏။

"ဘဝဆိုတာ ခက်ခဲကြမ်းတမ်းတယ်ဆိုတာ ဟုတ်ပေသားပဲ၊ အခု



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လေ ဘဝကိုအားကြိုးမာန်တက် လှုပ်ရှားရုန်းကန်မယ်ဆိုပြီး ထွက်လာခဲ့တာ ဝမ်းရေးအတွက် အလုပ်ကလေးတစ်ခုတောင် အဆင်မပြေပါလား။ ဒါတောင် ဘဝရဲ့ အစပဲရှိသေးတယ်၊ ဆုကြီးပန်ချမ်းသာဆိုတဲ့ ငါဟာ ဆုကြီးပန်ဖို့မပြောနဲ့ ကြာရင် စားရေးသောက်ရေးတောင် ခက်မှာစိုးရိမ်ရတယ်။ ငါ့မှာပါတဲ့ငွေလေးတွေလည်း တဖြည်းဖြည်း လုံးပါးပါးကုန်ပြီ"

ချမ်းသာသည် အထက်ပါအတိုင်း တွေးတောရင်း စိတ်ပျက်အားငယ်သလို ရှိလာ၏။ သို့သော် ဇရပ်မှ ထွက်ခွာခါနီးတွင် တရုတ်ဘိန်းစားပြောလိုက်သော စကားများကို ကြားယောင်လာသဖြင့် စိတ်ပျက်အားငယ်စိတ်ကို ဖျောက်၍ ပတ်ဝန်းကျင်ကို မျက်စိနားဖွင့်ပြီး ကြည့်လေရာ ညနေခင်းအချိန်တွင် သတင်းစာများကို ရောင်းချနေသော လူငယ်လေးများကို သတိပြုမိလေ၏။ ထိုအခါ သတင်းစာရောင်းရန် အကြံဖြစ်ပေါ်လာပြီး သတင်းစာတစ်စောင်ဝယ်ယူ၍ လူငယ်အားမေးမြန်းကြည့်လေရာ ၄င်းက

"ငါတို့ သတင်းစာတွေကို ဘူတာက ဂျူးကြီးဆီက ယူပြီးရောင်းတယ်"

ဟုဖြေလေ၏။ ချမ်းသာသည် အလုပ်ရရန် လမ်းစပေါ်ပြီဖြစ်သဖြင့် ဘူတာဘက်သို့ လျှောက်၍ ဂျူးကြီးကို ရှာဖွေလေရာ ဘူတာပလက်ဖောင်းတွင် ထင်းရှူးပုံးများကို ခင်းကျင်းပြီး သတင်းစာ၊ ဂျာနယ် မဂ္ဂဇင်းများကို ရောင်းချသော ဂျူးကြီးကို တွေ့ရလေ၏။ ချမ်းသာက ဂျူးကြီးရှိရာသို့လျှောက်သွားပြီး

"ကျွန်တော် သတင်းစာရောင်းချင်လို့ပါ"

ဟုပြောလေရာ ဂျူးကြီးက ချမ်းသာကို တအံ့တသြကြည့်၍

"မင်း ဒီမြို့ကမဟုတ်ဘူးနဲ့တူတယ်"

ဟုပြောလေ၏။ ချမ်းသာက ခေါင်းညိတ်၍

"ဒီမြို့က မဟုတ်တာနဲ့ သတင်းစာရောင်းလို့မဖြစ်ဘူးလား"

"ငါကတော့ဖြစ်တယ်၊ မဖြစ်တာက ညိုကြီးတို့အုပ်စုကွ"

"ညိုကြီး ဟုတ်လား၊ သူကဘာလဲ"

" ညိုကြီးဆိုတာ လူမိုက်ကွ၊ သူတို့အုပ်စုက တောင့်တယ်ကွ၊ ဒီမြို့က လူငယ်တွေကလည်း အေးတော့ သူတို့အုပ်စုပဲ ဗိုလ်ကျ စိုးမိုးနေတာပေါ့"

" ညိုကြီးလူမိုက်ဖြစ်တာနဲ့ ကျုပ်သတင်းစာရောင်းတာ



www.burmeseclassic.com

www.burmeseclassic.com



ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ ငါ့လူရယ်၊ ဒီမြို့ကလေးက ကျဉ်းပေမဲ့ သတင်းစာတော့ အတော်ဖတ်ကြတယ်ကွ၊ မြို့သူမြို့သားတွေ စာဖတ်အလွန်သန်တယ်ပေါ့ကွာ၊ ဒီမြို့မှာ သတင်းစာရောင်းတဲ့အလုပ်ကို ညိုကြီးတို့ လူမိုက်တွေကပဲ ကြီးစိုး ထားတယ်၊ တခြားလူငယ်တွေ ဝင်လုပ်ဖူးပါတယ်၊ ညိုကြီးတို့လူစု အုပ်စုဖွဲ့ပြီး အနိုင်ကျင့်တာနဲ့ ဘယ်သူမှ ကြာကြာမလုပ်နိုင်ဘူး၊ ဒါကြောင့် မင်း သတင်းစာ ရောင်းဖို့ မဖြစ်နိုင်ဘူးလို့ငါပြောတာကွ"

ချမ်းသာသည် ဂျူးအဘိုးကြီး၏စကားကြောင့် မျက်မှောင်ကြုတ်၍

"ကျုပ်သတင်းစာမှ မရောင်းရင် ဒီမြို့မှာ ဘာအလုပ်မှ လုပ်စရာ မရှိဘူးဗျ၊ ဘာပဲဖြစ်ဖြစ် စမ်းရောင်းကြည့်ချင်တယ်"

"ထိပ်ပေါက် ခေါင်းကွဲ ဖြစ်နေပါဦးမယ်ကွာ၊ စဉ်းစားပါဦး"

"မစဉ်းစားတော့ဘူးဗျာ၊ ဖြစ်ချင်ရာဖြစ်စေတော့၊ ဒါနဲ့လူမိုက်တွေ ဒီလောက်သောင်းကျန်းနေတာ ပုလိပ်က အရေးမယူဘူးလား"

"ရာဇဝတ်အုပ်ကသတ္တိမရှိဘူးကွ၊ ဒီကောင်ကလည်းလာဘ်ရရင် ကျေနပ်နေတဲ့အကောင်"

"ဘာပဲဖြစ်ဖြစ် မနက်ဖြန်ကစပြီး ကျုပ်သတင်းစာရောင်းမယ်၊ သတင်းစာဘယ်လို ဝယ်ရမလဲ"

"တားမရလည်း လုပ်ပေါ့ကွာ၊ မင်းကသတ္တိတော့ခေပုံမရဘူး၊ သတင်းစာတစ်ကျပ်ဖိုးယူရင်အစောင်(၈၀)ရမယ်၊ မင်းကတစ်စောင်ကို တစ်ပြား နှုန်းနဲ့ရောင်းရင် တစ်ကျပ်မှာ ဖြေပြား ရှိတယ်ဆိုတော့ တစ်ကျပ်တစ်မတ် ပြန်ရမယ်၊ တစ်နေ့ကို ငွေတစ်မတ်မြတ်မယ်ဆိုပါတော့ကွာ"

ချမ်းသာသည် ဂျူးကြီး၏စကားကိုနားထောင်၍ လက်ဖျစ်တီးလိုက်ပြီး

"တစ်နေ့ကို ငွေတစ်မတ်မြတ်မယ်ဆိုရင်မဆိုးဘူးဗျ၊ ထမင်းနှစ်နပ် စာကောင်းကောင်း ဖူလုံတယ်"

ဟုဆိုကာ ဂျူးကြီးထံမှ ထွက်ခဲ့လေ၏။ ဂျူးကြီးသည် ချမ်းသာ၏ နောက်ကျောကို ကြည့်၍ ကျန်ခဲ့လေ၏။ ချမ်းသာသည် ဇရပ်သို့လေချွန်၍ ပြန်သွားလေ၏။ ဇရပ်သို့ရောက်သောအခါ တရုတ်ဘိန်းစားရှောင်မိန်းက

"ဘုန်းကြီးကျောင်းသားလေး အလုပ်ရလာပြီနဲ့တူတယ်၊ လေကလေး



www.burmeseclassic.com

www.burmeseclassic.com



တချွန်ချွန်နဲ့၊ ရလာတဲ့အလုပ်ကလည်း သတင်းစာပို့တဲ့အလုပ်ပဲ၊ ဒါဆိုရင်တော့ လူမိုက်ညီကြီးနဲ့ ထိပ်တိုက်တွေ့ဦးမှာပဲ"

ဟုရေရွတ်လေရာ ချမ်းသာက မျက်လုံးပြူးသွားပြီး

"ကျုပ်သတင်းစာပို့တဲ့အလုပ်ကို ရခဲ့တာ ခင်ဗျား ဘယ်လိုလုပ်သိသလဲ"

ဟုမေးမြန်းလေ၏။ ရှောင်မိန်းက ရယ်မော၍

"ဒါ မခက်ပါဘူးကွာ၊ မင်းလက်ထဲက သတင်းစာကို ကြည့်ရင် သိနိုင်ပါတယ်၊မင်းဟာ တစ်နေကုန်အလုပ်ရှာပြီး ညနေစောင်းတဲ့အထိ အလုပ်မရလို့ စိတ်ပျက်လက်ပျက်နဲ့ မှိုင်တွေပြီးနေမယ်၊ နောက်ပြီး ငါမှာလိုက်တဲ့ မျက်စိနဲ့နားကိုဖွင့်ထားရမယ် ဆိုတဲ့စကားကိုသွားသတိရမယ်၊ အဲဒီမှာ ကုလားလေးတွေ သတင်းစာပို့တာ သွားမြင်ပြီး သတင်းစာတစ်စောင်ဝယ်မယ်၊ နောက် ဘူတာက ဂျူးကြီးဆီမှာ သတင်းစာရောင်းဖို့သွားပြောမယ်၊ ဒါပဲမဟုတ်လား"

ဟုဆိုလိုက်ရာ ချမ်းသာက ခေါင်းတဆတ်ဆတ်ညိတ်၍

"အမှန်ပါပဲဗျာ၊ ပညာရှိတို့ပြောကြည့်ရင် တွေးကြည့်တာ ထက်မှန်တယ်ဆိုတာ တကယ်ပါလား"

ဟုချီးမွမ်းလေ၏။ ရှောင်မိန်းက ရယ်မော၍

"ဟားဟားဟား၊ ဒီလောက်လည်း မမြှောက်ပါနဲ့ကွာ၊ ကျယ်ဝန်းတဲ့ လောကကြီးထဲမှာ ငါ့ကိုယ်ငါ ပညာရှိလို့ မယူဆရဲပါဘူး၊ အရာရာကို သိတဲ့ သူဟာလည်း လောကကြီးမှာမရှိနိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ လောကမှာ အသစ်သစ်တွေဟာ အမြဲတမ်းဖြစ်ပေါ်နေလို့ပဲ၊ ပြောင်းလဲမှုတွေဟာ အရှိန်အဟုန်ပြင်းထန်တယ်၊ တစ်ခုခုကိုသိနေပြီလို့ ယူဆလိုက်တာနဲ့ မင်းနောက်ကျကျန်ရစ်ခဲ့ပြီပဲ"

ဟုလေးနက်စွာ ပြောလေ၏။ ရှောင်မိန်းက ဆက်လက်၍

"ဒါတွေထားလိုက်ပါတော့ကွာ၊ မနက်ဖြန်မနက် မင်းသတင်းစာ စရောင်းတာနဲ့ အင်အားကြီးမားတဲ့လူမိုက်တွေနဲ့ ရင်ဆိုင်ရလိမ့်မယ်"

ဟုသတိပေးလေ၏။ ချမ်းသာက ခေါင်းညိတ်၍

"ကျုပ်ကလည်း အလုပ်မရှိတာနဲ့ သတင်းစာရောင်းမယ်လို့ စိတ်စီ



www.burmeseclassic.com

www.burmeseclassic.com



မိုတ်ပြီး ကြဲလိုက်တာ"

ဟုပြောလေ၏။ ရှောင်မိန်းက

"ရင်ဆိုင်တိုက်ပွဲတွေ၊ အတွေ့အကြုံတွေ၊ ရုန်းကန်မှုတွေဟာ လူ့ဘဝမှာ အင်မတန် လိုအပ်တဲ့အရာတွေပဲကွ၊ ရုန်းကန်လှုပ်ရှားမှုမရှိတဲ့ နိုင်ငံတစ်နိုင်ငံ၊ မျိုးနွယ်စုတစ်စုဟာ ဘယ်တော့မှမတိုးတက်နိုင်ဘူး၊ ကမ္ဘာပေါ်မှာရှိတဲ့ ဖွံ့ဖြိုးတိုးတက်မှုကြီးတွေ အားလုံးဟာ ရုန်းကန်လှုပ်ရှားမှုကစတင်တာပဲ၊ ဒါကြောင့် ကြီးပွားတိုးတက်ချင်တဲ့သူဟာ ရင်ဆိုင်တိုက်ပွဲတွေ၊ ရုန်းကန်လှုပ်ရှားမှုတွေကို ဖိတ်ခေါ်သင့်တယ်ကွ၊ ဒါတွေကို ရှောင်ပြေးဖို့ ကြိုးစားရင် လူစွမ်းလူစ ညှိုးဖျော့သွားလိမ့်မယ်"

ဟုပြောဆိုလေ၏။ ချမ်းသာက နားထောင်၍

"ဒါဆိုရင် ကျူပ်မနက်ဖြန် လူမိုက်တွေကို ဘယ်လိုရင်ဆိုင်ရမလဲ"

ဟုမေးမြန်းလေ၏။ ရှောင်မိန်းက တဟဲဟဲရယ်မော၍

"မင်းသတ္တိတော့မဆိုးဘူးကွ၊ မနက်ဖြန်မနက် မြို့လယ်က လက်ဖက်ရည်ဆိုင်ကိုသွားရမယ်၊ မင်းလက်ထဲမှာ ဟောဒီ တုတ်ကိုယူသွား၊ လက်ဖက်ရည်ဆိုင်မှာလူမိုက်ညိုကြီးနဲ့ လူမိုက်နှစ်ယောက်ထိုင်နေလေ့ရှိတယ်၊ သုံးယောက်စလုံးကို တုတ်နဲ့ရိုက်ခဲ့"

ဟုဆိုလေရာ ချမ်းသာက မျက်လုံးပြူးသွားပြီးလျှင်

"ဗျာ၊ လူမိုက်တွေကို တုတ်နဲ့ရိုက်ရမယ် ဟုတ်လား"

ဟုရေရွတ်လေ၏။ ရှောင်မိန်းက ခေါင်းညိတ်၍

"ဟုတ်တယ်ကွ၊ ဒါဟာ ဂျိုးသိန်းဒုက်ရဲ့စစ်ပရိယာယ်ပဲ၊ လျှင်ရမယ်၊ မြန်ရမယ်၊ အားပါရမယ်၊ အင်အားကြီးမားတဲ့ ရန်သူတွေကို ဒီပရိယာယ်မျိုးအသုံးပြုပြီး အနိုင်ယူရမယ်၊ သတ္တိရှိဖို့တော့လိုတယ်နော်"

ဟုမြှောက်ထိုးပင့်ကော် ပြုလုပ်လေရာ ချမ်းသာက လက်သီးဆုပ်၍

"သတ္တိကတော့ သိပ်ရှိတာပေါ့ဗျာ၊ ရိုက်ပြီး ဘာလုပ်ရမလဲ"

"မရိုက်ခင် ငါဒီနေ့ကစပြီး ဒီမြို့မှာ သတင်းစာရောင်းမယ်လို့ ပြောပြီးရိုက်ခဲ့၊ နောက်လုပ်ရမယ့် အစီအစဉ်တွေကို ဆက်ပြောမယ်"

*******



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက် ၉ နာရီခန့်တွင် ချမ်းသာသည် ရှောင်မိန်းပေးလိုက်သောတုတ်ကြီးကို ပခုံးတွင်ထမ်း၍ မြို့လယ်ကောင်လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့လေ၏။ လက်ဖက်ရည်ဆိုင်သို့ရောက်သောအခါ လူများနှင့်စည်ကားနေပြီးလျှင် စားပွဲတစ်လုံးတွင် ထိုင်နေသော လူမိုက်သုံးယောက်ကိုတွေ့ရလေ၏။ ချမ်းသာက ၎င်းတို့ထိုင်နေသော စားပွဲသို့သွား၍

" ညိုကြီးဆိုတာ ဘယ်သူလဲ"

ဟုမေးမြန်းလေရာ အလယ်တွင်ထိုင်နေသော လူမိုက်က

"ငါပဲကွ၊ ဘာလုပ်မလို့လဲ"

ဟုပြန်လည်မေးမြန်းလေ၏။ ချမ်းသာက

"ငါဒီမြို့မှာ သတင်းစာရောင်းမယ်၊ မရောင်းခင် မင်းတို့ကိုအရင်ရိုက်မယ်"

ဟုဆိုကာ လူမိုက်သုံးယောက်ခေါင်းကို တုတ်ဖြင့် ဇယ်ဆက်သလိုရိုက်ချလိုက်ရာ လူမိုက်များသည် မရှောင်နိုင်တော့ဘဲ မြေပေါ်သို့ လဲကျသွားလေ၏။ မြို့သူမြို့သားများသည် လူမိုက်သုံးယောက်ကို ဝင်ရောက်ရိုက်နှက်သောလူငယ်ကို တအံ့တဩကြည့်ရှုနေလေ၏။ လက်ဖက်ရည်ဆိုင် ပိုင်ရှင်လူဝကြီးက

"လက်သွက်လှချည်လားကွာ၊ မင်းဘယ်သူလဲ"

ဟုမေးမြန်းလေရာ ချမ်းသာက ရင်ဘတ်ကိုဟ၍



www.burmeseclassic.com

www.burmeseclassic.com



"ကျူပ်နာမည်ချမ်းသာ၊ ဆုကြီးပန်ချမ်းသာ၊ လူမိုက်ကိုဖြိုဖို့ ဒီမြို့ကိုရောက်လာတာ"

ဟုပြောလေ၏။ လူဝကြီးသည် ချမ်းသာ၏ ရင်ဘတ်မှ စာကိုဖတ်ပြီး ဆုကြီးပန်ချမ်းသာ ဟုယောင်ယမ်း၍ ရေရွတ်လိုက်လေ၏။ လူမိုက်များ၏ ဗိုလ်ကျစိုးမိုးမှုများကို မခံမရပ်နိုင်ကြသောမြို့သူမြို့သားများက လူငယ်အား သူရဲကောင်းတစ်ယောက်နှယ် ချီးမွမ်းကြလေ၏။

ချမ်းသာသည် ရှောင်မိန်းပေးလိုက်သော တုတ်ကြီးကိုထမ်း၍ ရင်ဘတ်ကိုကော့ကာ ပြန်လာခဲ့လေ၏။ ဇရပ်သို့ရောက်သောအခါ ရှောင်မိန်းက

"ဘယ်လိုလဲချမ်းသာ ကျိုးသိန်းငှက်ရဲ့ စစ်ပရိယာယ်အတိုင်း တိုက်ခိုက်လို့ အောင်မြင်ခဲ့ပြီမဟုတ်လား"

ဟုမေးမြန်းလေရာ ချမ်းသာက ခေါင်းညိတ်၍

"အဟုတ်ပါပဲဗျာ၊ လူမိုက်သုံးယောက်ရဲ့ ခေါင်းကို ခွပ်ခနဲခွပ်ခနဲ မြည်အောင် ဆော်ထည့်လိုက်တာ လူမိုက်တွေ အော်တောင်မအော်နိုင်ဘူး။ ကျူပ်ဘာဆက်လုပ်ရဦးမလဲ"

ဟုမေးမြန်းလေရာ ရှောင်မိန်းက

"နောက်တစ်ကြိမ် ရင်ဆိုင်တိုက်ခိုက်တဲ့အခါ ကျိုးသိန်းငှက်ရဲ့ နည်းဗျူဟာကို အသုံးပြုလို့မရတော့ဘူးကွ၊ နည်းဗျူဟာတစ်မျိုး ပြောင်းသုံးရမယ်၊ ဒီအတွက် မပူစမ်းပါနဲ့ကွာ၊ ငါအပြင်ခဏသွားဦးမယ်ဟေ့"

ဟုဆိုကာရှောင်မိန်းသည် ဇရပ်မှထွက်ခွာသွားလေ၏။ ရှောင်မိန်းသည် ညနေစောင်းခါနီးသောအခါ ပြန်ရောက်လာပြီးလျှင်

"သတင်းစာရောင်းဖို့ သွားပေတော့ချမ်းသာ၊ မင်းကို ညိုကြီးတို့ အုပ်စုက လမ်းမှာရန်ရှာမှာ ကျိန်းသေတယ်၊ လက်ထဲမှာ ဟောဒီ တုတ်ကြီးကို ဆောင်သွား၊ ဒီနေ့ဟာ မင်းရဲ့ သတ္တိကိုစမ်းတဲ့နေ့ပဲကွ၊ လူမိုက်အုပ်စုနဲ့တွေ့ရင် သိန်းစွန်ရဲတွေရဲ့ နည်းဗျူဟာအတိုင်း ထိုးသုတ်လိုက် ပြန်တက်လိုက်လုပ်ရမယ်၊ တစ်နေရာတည်းမှာ ကြာကြာမနေဘဲ ရွှေ့ပြောင်းပြီးတိုက်ခိုက်ရမယ်၊ လျင်မြန်ဖို့ လိုတယ်၊ တွေဝေငေးမောနေဖို့ အချိန်မရဘူး၊ အနီးကပ်တိုက်ရတဲ့ ရန်ပွဲတွေမှာ အရေးအကြီးဆုံးကတော့ လက်သွက်ဖို့ပဲ"

ဟုမှာကြားလေရာ ချမ်းသာက လက်သီးဆုပ်၍



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါဗျာ၊ ဘုန်းကြီးကျောင်းသား သတ္တိက မနည်းပါဘူး သေမြေကြီး၊ ရှင်ရွှေထီးပေါ့"

ဟုပြောလိုက်လေ၏။ ထို့နောက်တွင်မူ ချမ်းသာသည် တုတ်ကြီးကို ထမ်း၍ ဘူတာသို့ထွက်ခဲ့လေ၏၊ ဘူတာ၌ ဂျူးကြီးနှင့် တွေ့သောအခါ ၎င်းက

"မင်းရဲ့ သတင်းကတော့ မြို့ထဲမှာ မွှေးနေပြီဟေ့၊ ဒီနေ့ ညိုကြီးက မင်းကို လက်စားချေမှာ သေချာတယ်၊ သတိထားပါကွာ"

ဟုပြောလေ၏။ ချမ်းသာက ခေါင်းညိတ်၍

"ကျုပ်ပခုံးပေါ်က တုတ်ကြီးကိုကြည့်လေဗျာ၊ ဒီတုတ်ကြီးနဲ့ ညိုကြီးခေါင်းကို မိတ်ဆက်ပြီးပြီ"

ဟုပြောလေရာ ဂျူးကြီးက ရယ်မော၍

"မင်းလိုကောင်ငယ်လေးတစ်ယောက်က ညိုကြီးတို့အုပ်စုကို ယှဉ်ပြိုင်ရဲတာ အံ့သြစရာပါပဲကွာ၊ မင်းဘူတာကထွက်တာနဲ့ လူပြတ်တဲ့ လမ်းကြားလေးတစ်ခုကို ဖြတ်ရမယ်၊ အဲဒီလမ်းကြားမှာ ညိုကြီးတို့အုပ်စုရှိတယ်၊ ရှောင်ချင်ရင် အလာလမ်းအတိုင်းပြန်ပေတော့"

ဟုပြောလေ၏။ ချမ်းသာက ခေါင်းခါ၍

"လာမဲ့ဘေးကို ပြေးတွေ့လိုက်တာ အကောင်းဆုံးပဲ"

ဟုဆိုကာ ဘူတာမှ ထွက်ခဲ့လေ၏။ ဘူတာကိုလွန်ပြီး လူပြတ်သော လမ်းကြားသို့ဖြတ်လျှောက်သောအခါ သစ်ပင်နောက်မှထွက်လာသော ညိုကြီးနှင့် လူမိုက်ငါးယောက်တို့ကိုတွေ့ရလေ၏။ ၎င်းတို့လက်ထဲတွင် တုတ်၊ ဓားလက်နက်များကို ကိုယ်စီ ကိုင်ထားလေ၏။ ညိုကြီး၏ခေါင်းတွင် ပတ်တီးဖြူစည်းထား၏။ ချမ်းသာက ညိုကြီးကိုမြင်သည်နှင့် လက်ထဲတွင်ရှိသော သတင်းစာများကို မြေပေါ်သို့ချ၍

"ဟဲဟဲ၊ ကိုယ့်လူ နောက်တစ်ကြိမ် အဆော်ခံချင်သေးလို့နဲ့တူတယ်"

ဟုရေရွတ်ကာ လူမိုက်များအား လက်ထဲတွင်ရှိသောတုတ်ဖြင့် လျင်မြန်စွာ ရိုက်နှက်လေ၏။ ချမ်းသာသည် သိန်းစွဲရဲတို့၏ နည်းဗျူဟာအတိုင်း လျင်မြန်စွာရွေ့ပြောင်း၍ တိုက်ခိုက်လေရာ လူမိုက်များသည် ၎င်းတို့၏ လက်နက်များဖြင့် ချမ်းသာအားထိခိုက်အောင် မတိုက်ခိုက်နိုင်တော့ပေ။ ချမ်းသာသည် မည်းမည်းမြင်သမျှ တုတ်ကြီးဖြင့်ရိုက်နှက်ရန် ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



နေစဉ်မှာပင် ၎င်းတို့၏ နောက်မှ လူအုပ်ကြီးထွက်လာပြီး

"တို့မြို့မှာ ဗိုလ်ကျနေတဲ့အကောင်တွေကို ရိုက်ကြဟေ့နက်ကြဟေ့"

ဟုကြွေးကြော်ကာ လူမိုက်များကို ဝင်ရောက်ရိုက်နက်ကြကုန်၏။ လူပြတ်သော လမ်းကြားသို့ ရုတ်တရက်ရောက်လာသော လူအုပ်ကြီးကို ကြည့်၍ လူမိုက်များသည် ကြောင်အမ်းအမ်းဖြစ်ကုန်၏။ ချမ်းသာသည် သူ့အား ကူညီသူများပေါ်လာသဖြင့် စိတ်အားတက်ကြွပြီး ညိုကြီးကိုတုတ်ဖြင့်မဲ၍ ရိုက်နက်လေရာ ညိုကြီးလည်း အခြေအနေမလှသည်နှင့် တုတ်ကိုလွှတ်ချ၍ ပြေးလေ၏။ သို့သော် ပြေး၍ အရှိန်မရမီမှာပင် သူ၏ကိုယ်ပေါ်သို့ ကြိုးကွင်း တစ်ခု စွပ်ကျလာပြီး တုန့်ကနဲ ဆောင့်ဆွဲခြင်းခံလိုက်ရ၏။

ညိုကြီးသည် အလန့်တကြား လှည့်ကြည့်လိုက်သောအခါ ကြိုးစ၏ တစ်ဖက်ကို ကိုင်ထားသော တရုတ်ဘိန်းစားက တဟဲဟဲ ရယ်မော၍

"ပြေးလို့မလွတ်တော့ဘူး ညိုကြီး"

ဟုပြောလေ၏။ ညိုကြီး၏လူမိုက်များမှာ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးသွားလေပြီ။ ညိုကြီးသည် မျက်နှာ ငယ်လေးနှင့် ကျန်ရစ်ခဲ့လေ၏။ မြို့သူမြို့သားများသည် ညိုကြီးကိုကြည့်၍

"ဒီကောင်ကို အသေသတ်မယ်၊ဒီကောင် ကျုပ်တို့မြို့မှာ လူဝါးဝ နေတာကြာပြီ"

ဟုကြိမ်းမောင်းလေ၏။ ဒေါသထွက်နေသော လူအုပ်ကြီးကို ရှောင်မိန်းကတားဆီး၍

"နေကြပါဦးဗျာ၊ ညိုကြီးကို ပညာပေးမယ့် အစီအစဉ် ကျုပ်မှာရှိ ပါတယ်၊ ဒေါသကို ထိန်းထားကြပါ"

ညိုကြီးသည် လူမိုက်တစ်ဦးအနေဖြင့် မြို့ကလေးတွင် သောင်းကျန်း နေသည်မှာကြာပေပြီ။ မြို့သားအများစုသည် အေးချမ်းစွာ နေထိုင်သူများဖြစ် သဖြင့် ညိုကြီး၏ ဗိုလ်ကျစိုးမိုးမှုကို ခံနေရခြင်းဖြစ်၏။ ညိုကြီးတန်ခိုးထွားစဉ် အခါက လူမိုက်များသည် ၎င်းတို့နှင့်အဆင်မပြေသော ဆိုင်များကို ဖျက်ဆီးခြင်း၊ အုပ်စုဖွဲ့၍ ရိုက်နက်ခြင်း၊ အနိုင်ကျင့်ခြင်းစသော မကောင်းမှုများကို ပြုလုပ် လေ့ရှိ၏။ ညိုကြီးကို ကြိုးဖြင့်တုပ်၍ မြို့ထဲသို့လှည့်လည် သောအခါ မြို့သူ မြို့သားများသည် လက်ခုပ်လက်ဝါးတီး၍ အားပေးကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com


ညိုကြီးအား နှိမ်နင်းလိုက်သည်ဆိုသော လူငယ်လေးကိုလည်း တအံ့တသြကြည့်၍ ချီးမွမ်းကြကုန်၏။ မြို့သူမြို့သားအချို့က ချမ်းသာ၏ ရင်ဘတ်မှ ဆုကြီးပန်ချမ်းသာဟူသောစာကိုဖတ်ရှု၍ အမျိုးမျိုး ထင်ကြေး ပေးကြ၏။ ချမ်းသာသည် ညိုကြီးအား နှိမ်နင်းလိုက်နိုင်သဖြင့် လွန်စွာနာမည် သတင်းကြီး၍နေလေ၏။ ညိုကြီး၏အနိုင်ကျင့်ခြင်းခံရသူများသည် အိမ်ပေါ်မှ ဆင်း၍ ရိုက်နှက်မည်ပြုလေရာ ရှောင်မိန်းက တားဆီး၍

"မရိုက်ကြပါနဲ့၊ ရိုက်ရင် ဒီကောင်သေသွားလိမ့်မယ်"

ဟုပြော၏။ မိန်းကလေးများသည် အိမ်ပေါ်မှဆင်း၍

"သေးချင်းဆိုးကြီး"

ဟုဆဲဆိုကြ၏။ သူ၏ခါးကို ကြိုးဖြင့်တုတ်နှောင်ခံရသဖြင့် မျောက် သတ္တဝါနှင့်ပင်တူနေလေ၏။ ထိုကြောင့် ကလေးများကညိုကြီးအား

" ညိုကြီး မျောက်ကြီး၊ ညိုကြီး မျောက်ကြီး"

ဟုအော်ဟစ်လှောင်ပြောင်ကြ၏။ ထိုအချိန်တွင် ညိုကြီး၏ တပည့် တပန်းလူမိုက်များသည် ၎င်းတို့ဆရာ၏အဖြစ်ကိုကြည့်၍ မြို့ကလေး တွင်မနေဝံ့တော့ဘဲ တစ်နယ်တစ်ကျေးသို့ထွက်ပြေးကြကုန်၏။ ညိုကြီးအား ဂါတ်တဲသို့ပို့ဆောင်သောအခါ ရာဇဝတ်အုပ်သည် မျက်လုံးပြူးသွား လေ၏။ ရှောင်မိန်းက ရာဇဝတ်အုပ်အား

"ခင်ဗျားတို့ပုလိပ်တွေ အသုံးမကျလို့ မြို့သူမြို့သားတွေက လူမိုက်ကိုဖမ်းပြီးလာပို့တာ၊ လာဘ်စားပြီး လွှတ်ပေးမယ်မကြံနဲ့၊ ပုလိပ်မင်း ကြီးအထိ တက်တိုင်မယ်"

ဟုခြိမ်းခြောက်လိုက်လေရာ ရာဇဝတ်အုပ်က ကောင်းစွာ အရေးယူ မည်ဖြစ်ကြောင်းကတိပြုလေ၏။ ထိုနေ့က ဇရပ်သို့ ပြန်ရောက်သောအခါ ချမ်းသာက

"ခင်ဗျားအစီအစဉ်ကောင်းလိုက်တာဗျာ၊ ဘယ်လိုများ လုပ်လိုက်တာ တုန်း၊ ညိုကြီးတော့ လူစစ်စစ်ကမျောက်ဖြစ်သွားပြီ၊ ဒီကောင် ဒီမြို့မှာ လူမိုက်လုပ်စားလို့ တစ်သက်လုံးမရတော့ဘူး"

ဟုချီးမွမ်းလေရာ တရုတ်ဘိန်းစားရှောင်မိန်းက တဟဲဟဲရယ်မော၍ "ဒါ မခက်ပါဘူးကွာ၊ ငါဒီမြို့ကိုရောက်စကတည်းက ညိုကြီးရဲ့ သတင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကြားနေတာကွ၊ ဒီကောင် လူတွင်ကျယ်လုပ်နေတာကို ကြည့်မရတာကြာပြီ၊ မင်းကို ငါပထမအကြိမ် မြှောက်ပေးပြီး ညိုကြီးကိုတုတ်နဲ့သွား ရိုက်ခိုင်းတော့ မင်းကလည်း သတ္တိရှိတယ်၊ ညိုကြီးကလည်းအလစ်အငိုက်မို့ခံလိုက်ရတယ်၊ နောက်တစ်ကြိမ်ဆိုရင်တော့ မင်းခံရတော့မှာ ငါကြိုသိတယ်၊ ဒါကြောင့် သိန်းစွန်ရဲတို့ရဲ့ နည်းပရိယာယ်အတိုင်း ထိုးသုတ်လိုက်ပြန်တက်လိုက်နဲ့ လျင်လျင်မြန်မြန် ရှေ့သွားပြီး တိုက်ခိုက်ခိုင်းတာပဲ၊ ဒါကြောင့် ညိုကြီးတို့ လူမိုက်အုပ်စုဟာ မင်းကို အမိအရ မဆော်နိုင်ခဲ့ဘူး၊ အဲဒီအချိန်မှာပဲ မြို့သူမြို့သား တွေရောက်လာပြီး မင်းဘက်က ဝိုင်းကူကြတာပဲ"

ဟုပြောဆိုလေ၏။ ချမ်းသာက

"မြို့သူမြို့သားတွေ ဘယ်လိုလုပ်ရောက်လာတာလဲ"

ဟုမေးမြန်းလေရာ ရှောင်မိန်းက

"ဟဲဟဲဟဲ၊ ငါ့လက်ချက်ပေါ့ကွာ၊ ငါမြို့ထဲကို ခဏထွက်သွားပြီး လူငယ်တွေ အုပ်စုဖွဲ့လေ့ရှိတဲ့ အလေးမရုံတို့၊ စာကြည့်တိုက်တို့၊ ဆံပင်ညှပ်ဆိုင်တွေမှာ လူမိုက်ညိုကြီးကို ချမ်းသာဆိုတဲ့လူငယ်လေးတစ်ယောက် ယှဉ်ပြိုင်တိုက်ခိုက်တော့မှာဖြစ်ကြောင်း၊ ဒါကြောင့် လူငယ်တွေအနေနဲ့ အခွင့်အရေးရတုန်းညိုကြီးကို ဆွမ်းကြီးလောင်းသင့်ကြောင်း မြှောက်ထိုးပင့်ကော်လုပ်ပေးရတာပေါ့၊ လူငယ်တွေဟာ ညိုကြီးကို ကြည့်မရတာကြာပြီကွ၊ ဦးစီးဦးဆောင်လုပ်ပြီး တိုက်ခိုက်မယ့်သူမရှိလို့ငြိမ်နေတာ၊ မင်းလို တစ်နယ်တစ်ကျေးကလာတဲ့ ဘုန်းကြီးကျောင်းသားလေးက ညိုကြီးကို ယှဉ်ပြိုင်မှန်းလည်း သိရော သူတို့လည်း မင်းဘက်က ကူညီချင်ကြတာပေါ့၊ မြို့သူမြို့သားတွေရဲ့ဆန္ဒအရ ညိုကြီးကိုဖမ်းပြီး ဂါတ်တဲပို့တယ်ဆိုတော့ ရာဇဝတ်အုပ်လည်း အရေးယူရတော့မှာပေါ့ကွာ"

ဟုပြောလေ၏။ ရှောင်မိန်း၏စကားအဆုံးတွင် ချမ်းသာက တဟဲဟဲရယ်မော၍

"ပိုင်တယ်ဗျာ"

ဟုရေရွတ်လိုက်လေတော့သတည်း။

*******



www.burmeseclassic.com

www.burmeseclassic.com


နောက်တစ်နေ့သို့ရောက်သောအခါ ချမ်းသာသည် ဂျူးကြီးထံမှ သတင်းစာများကိုဝယ်ယူ၍ တစ်စောင်လျှင် တစ်ပြားနှုန်းနှင့်ရောင်းချလေရာ တစ်ခဏချင်းပင် အစောင်(၈၀) ကုန်သဖြင့် ငွေတစ်မတ်မြတ်လေ၏။

မြို့သူ မြို့သားများသည် ညိုကြီးကို နှိမ်နင်းသော ဘုန်းကြီးကျောင်းသား သတ္တိခဲ၏မျက်နှာကိုမြင်လိုသဖြင့် သတင်းစာများကို ဝယ်ယူခဲ့သောကြောင့် တစ်ခဏချင်း ကုန်သွားခြင်းဖြစ်၏။

ဤသို့ဖြင့် ချမ်းသာသည် တစ်နေ့ထက်တစ်နေ့ သတင်းစာများကို ပိုမိုရောင်းချရလေ၏။ ညိုကြီးတန်ခိုးထွားစဉ်က သတင်းစာရောင်းချခဲ့သော လူမိုက်လေးများသည် တဖြည်းဖြည်းလျော့နည်းသွားပြီး ၎င်းတို့၏နေရာတွင် လူငယ်များက ဝင်ရောက်လုပ်ကိုင်ခဲ့၏။ ချမ်းသာသည် သတင်းစာရောင်းချပြီး စားဝတ်နေရေးအဆင်ပြေနေရာမှ တစ်လခန့်ကြာသောအခါ တဖြည်းဖြည်း သတင်းစာအရောင်းကျဆင်းလာ၏။ ဤသို့ကျဆင်းရခြင်းမှာ လူမိုက်များနေရာတွင် အစားထိုးဝင်ရောက်လာသော လူငယ်များနှင့် ယှဉ်ပြိုင်နေရခြင်းကြောင့်ဖြစ်၏။ တစ်နေ့သ၌ ချမ်းသာသည် သတင်းစာရောင်းမကောင်းသဖြင့် မျက်နှာမသာမယာဖြစ်ကာ ဇရပ်သို့ပြန်လာခဲ့၏။ ဇရပ်သို့ ရောက်သောအခါ တရုတ်ဘိန်းစား ရှောင်မိန်းက

"ဘုန်းကြီးကျောင်းသားရေ၊ ငါ ဒီမြို့ကို ရောက်နေတာ နှစ်လ ကျော်ပြီကွ၊ မနက်ဖြန် ဒီမြို့က သွားတော့မယ်၊ ငါရေးနေတဲ့ကျမ်းကြီးလည်း


www.burmeseclassic.com

www.burmeseclassic.com


ပြီးတော့မယ်ကွ"

ဟုပြောလေ၏။ ချမ်းသာက ရှောင်မိန်း၏စကားကို နားထောင်၍

"ခင်ဗျားကို ဘိန်းစားတစ်ယောက်လို့ ကျွန်တော်ထင်တယ်၊ ဒါပေမယ့် ဘိန်းရှူတာလည်း တစ်ခါမှမတွေ့ပါလား"

ဟုမေးမြန်းလေရာ တရုတ်ဘိန်းစားရှောင်မိန်းက တဟဲဟဲရယ်မော၍

"လူတွေဟာ ငါ့ကိုမြင်တိုင်း ဘိန်းစားတစ်ယောက်လို့ ထင်ကြတယ်၊ ငါဟာ တစ်စုံတစ်ခုကို စဉ်းစားဆင်ခြင်နေတိုင်း ဒီတရုတ်တော့ ဘိန်းမှိန်းနေတယ်လို့ ထင်ကြတယ်၊ တကယ်တော့ ငါဟာ ဘိန်းစား တစ်ယောက် မဟုတ်ပါဘူး၊ ငါဒီဇရပ်မှာ ရောက်နေတာလည်း တရုတ်ရိုးရာ ဆေးကျမ်း တစ်စောင်ကို ပြုစုဖို့ကြိုးစားနေတာပဲ၊ အခု ငါပြုစုတဲ့ကျမ်းအတွက် အချက် အလက်တွေ လိုအပ်နေလို့ မပြီးနိုင်သေးဘူး၊ ခရီးဆက်ရဦးမယ်၊ မင်းကို နှုတ်ဆက်ခဲ့ပါတယ်ကွာ၊ ဒါနဲ့ မင်းမျက်နှာလည်း မကောင်းပါလား၊ ကေတ္တတော့ သတင်းစာရောင်းလို့ မကောင်းဘူးနဲ့တူတယ်"

ဟုမေးမြန်းလေရာ ချမ်းသာက ခေါင်းညိတ်၍

"အစစ်ပါပဲဗျာ၊ ပထမတော့ ရောင်းရတာအဆင်ပြေသားဗျ၊ အခု လူငယ်တွေ ဝင်ရောင်းတော့ ကျွန်တော်နဲ့ယှဉ်ပြိုင်နေရတယ်၊ ကိုယ့်ဖောက်သည် ကို သူတို့ကို ခွဲဝေပေးနေရတယ်"

ဟုဆိုလေ၏။ တရုတ်ဘိန်းစားရှောင်မိန်းက

"ဘယ်လုပ်ငန်းမျိုးမှာမဆို ယှဉ်ပြိုင်မှုတွေရှိတာပဲကွ၊ ယှဉ်ပြိုင်မှုရှိမှ လည်း အလုပ်တိုးတက်တယ်၊ ယှဉ်ပြိုင်မှုတွေကို စိန်ခေါ်မှုတွေလို သဘော ထားရတယ်၊ စိတ်မညစ်ရဘူး"

ဟုရှောင်မိန်းက ပြောလေရာ ချမ်းသာက မျက်နှာရှုံ့မဲ့၍

"စိတ်မညစ်လို့ မဖြစ်ဘူးဗျ၊ တစ်နေ့တစ်ခြား ကျူပ်ဝင်ငွေတွေ နည်းနည်းလာပြီ၊ ကြာရင်ခက်လိမ့်မယ်"

ဟုပြောလေ၏။ ရှောင်မိန်းက ချမ်းသာ၏စကားကို နားထောင်၍ တဟဲဟဲ ရယ်မောကာ

"မခက်ပါဘူးကွာ၊ သူတို့နဲ့ယှဉ်ပြိုင်နိုင်မယ့်နည်းကို မင်းကို ငါပေး မှာပါ"


www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ချမ်းသာက ဝမ်းသာအားရဖြင့်

"ဝမ်းသာလိုက်တာဗျာ၊ ပြောပါဦး"

ဟုဆိုလေ၏။ ရှောင်မိန်းက

"လောကမှာ ဘယ်အလုပ်မျိုးပဲလုပ်လုပ် အခက်အခဲအကြပ်အတည်းနဲ့ ရင်ဆိုင်ရတာချည်းပဲကွ၊ ဈေးသည်တွေလည်း ဈေးရောင်းမကောင်းတဲ့ ဒုက္ခနဲ့ကြုံရမယ်ကွာ၊ ကျောင်းသားတွေလည်း စာမလိုက်နိုင်တဲ့ အခက်အခဲနဲ့ ကြုံရမယ်ကွာ၊ ဆရာဝန်တွေလည်း ဆေးခန်းလူနာမလာလို့ စိတ်ညစ်ရမယ်၊ ဒီအခက်အခဲ တွေကို စိန်ခေါ်မှုတွေလို သဘောထားရမယ်၊ စိန်ခေါ်မှုတွေကိုဖြေရှင်း နိုင်မယ့်နည်းလမ်းရှိတယ်၊ မင်းသေသေချာချာ မှတ်ထားပေတော့"

"ပြောပါဗျာ"

"စိန်ခေါ်မှုတွေကို ဖြေရှင်းနိုင်မယ့်နည်းလမ်းက ကိုယ့်အလုပ်ကိုယ် သေသေချာချာ ဆင်ခြင်ကြည့်ရမယ်၊ ဘယ်အလုပ်မျိုးမဆို သေသေချာချာ ဆင်ခြင်ကြည့်ရင် ပိုမိုကောင်းမွန်တဲ့နည်းလမ်းတွေ ဖြစ်လာနိုင်တယ်ကွ၊ ဆင်ခြင်မှုတွေ များလေလေ မင်းလုပ်ငန်းတိုးတက်လေလေပဲ၊ ကမ္ဘာပေါ်မှာရှိတဲ့ အထူးချွန်ဆုံးလူတွေဟာ ဆင်ခြင်မှုကို အများဆုံးအသုံးပြုတဲ့သူတွေပဲ၊ မင်းမှာ ရှိသမျှအချိန်ထဲမှာ တတ်နိုင်သမျှ ဆင်ခြင်မှုကိုအသုံးပြုရမယ်၊ ဒါဟာ လုပ်ငန်းအောင်မြင်မှုရဲ့ အကြီးမားဆုံး လျှို့ဝှက်ချက်တစ်ခုပဲ၊ အောင်မြင်ကြီးပွားချင်တဲ့လူတစ်ယောက်ဟာ မျက်စိနဲ့နားကို အမြဲဖွင့်ပြီး စက္ကန့်နဲ့မလပ် ဆင်ခြင်သတိရှိစေချင်တယ်၊ ဒါဟာ မင်းအတွက် ငါပေးခဲ့တဲ့ အကောင်းဆုံး လက်ဆောင်ပဲ၊ ငါ့နည်းလမ်းကိုသာ မင်း ယုံယုံကြည်ကြည်အသုံးပြုရင် တစ်နေ့ လူချမ်းသာဖြစ်မှာ မလွဲဘူး"

ရှောင်မိန်း၏စကားဆုံးသည်နှင့် ချမ်းသာက ဝမ်းသာအားရဖြင့်

"ကောင်းပါပြီဗျာ၊ ကျုပ် ဒီနေ့ကစပြီး ကျုပ်လုပ်ငန်းကို ကျုပ် အမြဲတမ်း ဆင်ခြင်နေပါ့မယ်"

ဟုကတိပေးလေ၏။ ထိုနေ့က ရှောင်မိန်းသည် မြို့ထဲရှိ တရုတ်စားသောက်ဆိုင်သို့ ချမ်းသာကိုခေါ်ယူ၍ ကျွေးမွေးလေ၏။ ရှောင်မိန်းက

"မင်းနဲ့ငါ ခွဲခွာခြင်းအထိမ်းအမှတ်နဲ့ ကျွေးတာကွ၊ နောက်တစ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com


တို့နှစ်ယောက်ပြန်တွေ့ရင် လူချမ်းသာကြီးဖြစ်နေတာ မြင်ချင်တယ်ကွာ"

ဟုပြောလေရာ ချမ်းသာက ခေါင်းညိတ်၍

"စိတ်ချပါဗျာ၊ ကျုပ်ရင်ဘတ်က စာကို ကြည့်စမ်းပါ၊ ဆုကြီးပန် ချမ်းသာ တဲ့၊ ဆရာတော်ကြီးကမိန့်ဖူးတယ်၊ ဆုကြီးပန်တဲ့သူဟာ လာဘ်ကြီး ဝင်စမြဲပဲတဲ့၊ လာဘ်ကြီးဝင်အောင် ကြိုးစားရမှာပေါ့ဗျာ"

ဟု ကတိပေးလိုက်လေတော့၏။ ထိုညက ချမ်းသာသည် ဇရပ်သို့ ပြန်လာသောအခါ အိပ်မပျော်နိုင်သေးဘဲ သူ၏ သတင်းစာရောင်းသောအလုပ် ကို ဆင်ခြင်ကြည့်လေ၏။

"ငါ သတင်းစာဘာလို့ အရောင်းကျဆင်းသလဲ၊ မြို့ထဲက အလုပ်မရှိတဲ့ လူငယ်တွေက သတင်းစာကို ဝင်ရောင်းကြလို့ပဲ၊ ပထမတော့ ငါရောင်းတဲ့ သတင်းစာကို မြို့သူမြို့သားတွေက ဘုန်းကြီးကျောင်းသား သတ္တိခဲလေးဆိုပြီး မြင်ဖူးချင်တာနဲ့ အားပေးကြတာပေါ့၊ နောက်တော့လည်း ရိုးအီလာပြီး ကြုံရာသတင်းစာကိုပဲ ဝယ်ဖတ်ကြတယ်၊ သူတို့နဲ့ ယှဉ်ရောင်း နေရလို့ငါ့ရဲ့ သတင်းစာအရောင်းကျဆင်းရတာပဲ၊ သူတို့ထက် ပိုရောင်းရအောင် ငါဘယ်လိုလုပ်ရမလဲ၊ သတင်းစာဈေးနှုန်းကိုလျှော့ရမလား၊ ဒီလိုလည်း မဖြစ်နိုင် ဘူး၊ သတင်းစာတစ်စောင်ကို တစ်ပြားထက်လျှော့ရောင်းလို့ ဘယ်ရပါ့မလဲ၊ သတင်းစာကိုယ်စားလှယ် ဂျူးကြီး ဆီသွားပြီး ငါတစ်ယောက်တည်းကိုပဲ သတင်းစာရောင်းဖို့ ပြောရမလား၊ ဒီလိုလည်းမဖြစ်နိုင်ပါဘူး၊ ဂျူးကြီးက ဘယ်လက်ခံပါ့မလဲ၊ ငါ မတရားရာလည်း ကျတော့မှာပေါ့၊ ဒီလိုဆိုဘယ်လို လုပ်ရမလဲ၊ မြို့ကလူတွေနဲ့ သတင်းစာယှဉ်ပြိုင်ပြီးရောင်းဖို့ပဲ ရှိတော့တာပေါ့၊ သူတို့နဲ့ ဘယ်လိုလုပ်ပြီး ယှဉ်ပြိုင်ရမလဲ"

ချမ်းသာသည် အထက်ပါအတိုင်း တွေးတော၍ အိပ်ပျော်သွားလေ၏။ ညသန်းခေါင်သို့ရောက်သောအခါ တစ်ရေးနိုးလေ၏။ တစ်ရေးနိုးသည်နှင့် ထိုအတွေးကိုပင် ပြန်လည်တွေးတောနေလေရာ ခေါင်းထဲသို့ အကြံတစ်ခု လက်ခနဲ ဝင်ရောက်လာလေ၏။ ထိုအကြံမှာ သတင်းစာကို ဂျူးကြီးထံတွင် အစောဆုံးသွားယူ၍ သတင်းစာရသည်နှင့် မြို့ထဲသို့ ပြေးလွှားပြီး ရောင်းချရန် ဖြစ်၏။

*******



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက်သို့ရောက်သောအခါ တရုတ်ဘိန်းစား ရှောင်မိန်းသည် သူ၏ကျာပိုးအိတ်ကြီးထဲသို့ အထုပ်အပိုးများထည့်ကာ ဇရပ်မှ ထွက်ခွာသွားလေ၏။ ချမ်းသာသည် ရှောင်မိန်း၏ နောက်ကျောကိုကြည့်၍ လွမ်းဆွတ်သလို ခံစားလိုက်ရလေ၏။ ရှောင်မိန်းနှင့် တစ်လနီးပါး အတူနေခဲ့ပြီး ခွဲခွာရလေပြီ။

ရှောင်မိန်းသည် သူနှင့်နေစဉ်ကာလအတွင်းမှာ မှတ်ဖွယ်မှတ်ရာ အမျိုးမျိုးကို သင်ကြားပေးခဲ့သော ဆရာပင်ဖြစ်လေ၏။ ညနေသို့ ရောက်သောအခါ ချမ်းသာသည် သတင်းစာရောင်းသော ဂျူးကြီးထံသို့ အစောဆုံးရောက်နေလေ၏။ ဂျူးကြီးက

"ဒီနေ့ ဝီရိယကောင်းလှချည်လား"

ဟုပြောဆိုလေရာ ချမ်းသာက ခေါင်းညိတ်၍

"အပြိုင်အဆိုင်တွေများတယ်ဗျ၊ စောကာမှ တော်ကာကျမယ်"

ဟုပြောလေ၏။ ချမ်းသာသည် သတင်းစာများကို ရသည်နှင့် မြို့တွင်းသို့ အပြေးအလွှား သွားရောက်၍ သတင်းစာများကို ရောင်းချပေးရာ



www.burmeseclassic.com

www.burmeseclassic.com


ထိုနေ့က အရောင်းစံချိန်တက်ခဲ့လေ၏။

သူသည် ထိုနည်းအတိုင်း တစ်ပတ်ခန့် အဆင်ပြေနေပြီးနောက် မြို့တွင်းရှိ လူငယ်များသည် ချမ်းသာ၏နည်းကို အတုခိုး၍ သတင်းစာများကို အစောဆုံးလာယူ၍ အပြေးအလွှား လိုက်လံရောင်းချပြန်ရာ ချမ်းသာသည် အရောင်းကျသွားပြန်၏။

သူသည် ရောင်းစံချိန်ပြန်တက်စေရန် လက်ရှိအလုပ်ကို ဆင်ခြင်ကြည့်ပြန်၏။ ထိုအခါ သတင်းစာရောင်းရာတွင် ကြန့်ကြာနေခြင်းမှာ ငွေအကြွေ လဲလှယ်ရသော အခက်အခဲကြောင့်ဖြစ်ကြောင်း ဆင်ခြင်မိလေ၏။တစ်ခါတစ်ရံ ငွေအကြွေဆောင်မထားမိ၍ အနီးအနားဆိုင်များတွင် လှည့်ပတ်၍ အကြွေအမ်း သည်နှင့် အချိန်ကုန်လေ၏။ သတင်းစာရောင်းရာတွင် အချိန်ကုန်၍ မဖြစ်နိုင်ပေ။

သူသည် ထိုနေ့မှစ၍ ငါးမူးစေ့၊ မူးစေ့၊ မတ်စေ့ စသော ငွေအကြွေများကို ခါးပိုက်ထဲတွင် ကြိုတင်ဆောင်ထားသဖြင့် အချိန်ကုန်သက်သာပြီး အရောင်းစံချိန်တက်ခဲ့လေ၏။ သို့သော် သူရည်မှန်းထားသလောက် သတင်းစာများ မရောင်းရသေးဘဲရှိပြန်၏။ ထို့ကြောင့် သူ၏သတင်းစာရောင်းသော အလုပ်ကို ဆက်၍ ဆင်ခြင်ကြည့်ပြန်၏။ တစ်ပတ်ခန့်ကြာသောအခါ သူ၏ ခေါင်းထဲသို့ အဖိုးတန်သောအကြံတစ်ခု ဝင်ရောက်လာ၏။ ထိုအကြံမှာ မြို့လယ်ကောင်ဈေးကြီးအတွင်း လှည့်လည်၍ သတင်းစာရောင်းရန်ဖြစ်၏။ ဈေးကြီးအတွင်း ဈေးရောင်းဈေးဝယ်များနှင့် စည်ကားလှသဖြင့် သတင်းစာ အရောင်းအဝယ် ကောင်းမွန်မည်ဟု ခန့်မှန်းမိလေ၏။

ချမ်းသာသည် ထိုအကြံအတိုင်း နေရာရွှေ့ပြောင်း၍ ရောင်းဝယ်လေရာ သတင်းစာအစောင် (၈၀) ခန့်သည် ဈေးကြီးအတွင်းမှာပင် ရောင်းကုန်သွားလေ၏။ သူသည် တစ်နေ့ထက်တစ်နေ့တိုး၍ သတင်းစာများ ရောင်းရသဖြင့် ငွေပိုငွေလျှံများ စုဆောင်းမိလေ၏။ သို့သော် များမကြာမီတွင် သူ၏ပြိုင်ဘက်များသည် ဈေးကြီးအတွင်းသို့ သတင်းစာများကို လိုက်လံရောင်းချကြပြန်၏။ ချမ်းသာသည် သူ၏ပြိုင်ဘက် လူငယ်များကို ကျွဲမြီးတိုစ ပြုလာလေ၏။ ၄င်းတို့လူစုသည် ချမ်းသာလုပ်သမျှ အတုယူ၍ အပြိုင်လိုက်လုပ်နေကြ၏။ ကြာလျှင် သူ၏ကြီးပွားတိုးတက်ရေးလမ်းစဉ်ကို ထိခိုက်ပေ



www.burmeseclassic.com

www.burmeseclassic.com



တော့မည်။

ထိုစဉ် သူ၏နားထဲသို့ တရုတ်ဘိန်းစားရှောင်မိန်း၏ စကားများကို ပြန်လည်ကြားယောင်လာ၏။ လူ့ဘဝမှာ ရင်ဆိုင်တိုက်ပွဲတွေ၊ အတွေ့အကြုံတွေ၊ ရှုန်းကန်မှုတွေဟာ အင်မတန်လိုအပ်တဲ့အရာတွေပဲကွ၊ ရုန်းကန်လှုပ်ရှားမှုမရှိတဲ့ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်စုဟာ ဘယ်တော့မှ မတိုးတက်နိုင်ဘူး။ ကမ္ဘာပေါ်မှာရှိတဲ့ ဖွံ့ဖြိုးတိုးတက်မှုကြီးတွေ အားလုံးဟာ ရုန်းကန်လှုပ်ရှားမှုက စတင်တာပဲ၊ ဒါကြောင့် ကြီးပွားတိုးတက်ချင်ရင် ရင်ဆိုင်တိုက်ပွဲတွေ၊ ရုန်းကန်လှုပ်ရှားမှုတွေကိုဖိတ်ခေါ်ရမယ်ကွ၊ ဒါတွေကို ရှောင်ပြေးဖို့ကြိုးစားရင် လူစွမ်းလူစ ညှိုးဖျင်းသွားမယ်၊ ချမ်းသာသည် ရှောင်မိန်း၏စကားများကို ကြားယောင်မိပြီးနောက် လူငယ်များအပေါ်တွင် ကျွဲမြီးတိုစိတ်များ ပျောက်ကွယ်သွားလေ၏။

"ငါနဲ့အပြိုင် သတင်းစာရောင်းတဲ့ လူငယ်တွေဟာ ငါရဲ့လူစွမ်းလူစ တိုးတက်အောင် ကူညီပေးနေရတဲ့ သူတွေပဲ"

ဟုတွေးတောမိလေတော့၏။ ဤသို့ဖြင့် ချမ်းသာသည် သူ၏ လုပ်ငန်းတိုးတက်ရန် နည်းလမ်းများကို နေ့ညမပြတ် စဉ်းစားဆင်ခြင်ရပြန်၏။ နှစ်ရက်ခန့် ပင်ပင်ပန်းပန်း စဉ်းစားပြီးနောက် လူငယ်များကို ယှဉ်ပြိုင်နိုင်မည့် နည်းလမ်းကို ရရှိခဲ့ပြန်၏။ ထိုနည်းလမ်းမှာ ဂျူးကြီးထံမှ သတင်းစာများကို ရသည်နှင့် ဈေးကြီးသို့ ဦးစွာ သွားရောက်၍ သတင်းစာများကို ရောင်းချရန် ဖြစ်၏။ ယခင်ကဆိုလျှင် ဘူတာတွင် ရောင်းချပြီးသောအခါမှပင် ဈေးထဲသို့ဝင်ခဲ့၏။

ထိုနေ့မှစ၍ ချမ်းသာသည် ဂျူးကြီးထံမှ သတင်းစာကို ရသည်နှင့် မြို့လယ်ဈေးသို့ ဦးစွာသွား၍ သတင်းစာရောင်းလေ၏။ သတင်းစာ ရောင်းရာတွင် အချိန်ကုန်မခံနိုင်သည့်အတွက် ဈေးထဲတွင် ပြေးလွှား၍ သူ၏ ဖောက်သည်ဆိုင်များကို သတင်းစာများ ပစ်ပေးသွားလေ၏။ ထို့နောက် သတင်းစာဖိုးကို မတောင်းသေးဘဲ မြို့ထဲသို့လှည့်လည်၍ ကျန်နေသော သတင်းစာများကို ရောင်းလေ၏။ သတင်းစာများ ကုန်သွားသောအခါ ဈေးထဲသို့ တစ်ဖန်ပြန်၍ ဖောက်သည်ဆိုင်များတွင် စောစော ကပေးခဲ့သော သတင်းစာဖိုးကို တောင်းလေ၏။ ထိုအခါ သူနှင့်ပြိုင်ဘက် လူငယ်များသည်



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာနှင့်မယှဉ်နိုင်တော့ဘဲ အခြားသော အလုပ်များကို ပြောင်းလဲလုပ်ကိုင်ခဲ့လေ၏။ ဘူတာတွင် သတင်းစာဖြန့်ချိလေရာ ဂျူးကြီးက

"မင်းဟာ အတော်အံ့ဩစရာကောင်းတဲ့ကောင်လေးပဲ၊ တစ်နယ်တစ်ကျေးကရောက်လာပြီး ဒီမြို့ရဲ့ သတင်းစာလုပ်ငန်းကို လက်ဝါးကြီးအုပ်ထားတဲ့ လူမိုက်ညိုကြီးကိုလည်း နှိမ်နင်းတိုက်ခိုက်နိုင်တယ်၊ နောက်တော့ မင်းနဲ့ ယှဉ်ပြိုင်လာတဲ့ လူငယ်တွေကိုလည်း အနိုင်ယူလိုက်နိုင်တယ်၊ မင်းဟာ သာမန်လူတော့ မဖြစ်နိုင်ဘူး"

ဟုချီးမွမ်းလေရာ ချမ်းသာကသူ၏ အောင်မြင်မှုကြောင့် စိတ်အားတက်ကြွသွားပြီးလျှင်

"ဟုတ်တယ်၊ ကျုပ်ဟာ သာမန်လူတော့မဟုတ်ဘူး၊ ဆုကြီးပန်တဲ့သူ၊ ဆုကြီးပန်တဲ့သူဟာ လာဘ်ကြီးဝင်စမြဲပဲဗျ၊ ဟားဟားဟား"

ဟုကျယ်လောင်စွာ ရယ်လိုက်လေတော့သတည်း။

*******



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ချမ်းသာသည် သတင်းစာရောင်းသောအလုပ်ကို တစ်ဦးတည်း မူပိုင်ရထားသကဲ့သို့ လုပ်ကိုင်နေရသဖြင့် ငွေပိုငွေလျှံများ စုဆောင်းမိလေ၏။ စားစရိတ် နုတ်ပြီးသည့်တိုင်အောင် တစ်နေ့လျှင် ငွေနှစ်ကျပ်မျှစုဆောင်းမိ၏။ ထိုအချိန်က အရာရှိငယ်တစ်ဦး၏ လစာမှာ တစ်လလျှင် ငွေ ၃၀ ကျပ်မျှသာရှိသဖြင့် ချမ်းသာ၏ဝင်ငွေမှာ ကောင်းမွန်သည်ဟု ဆိုရပေမည်။ ချမ်းသာသည် သတင်းစာရောင်းသော အလုပ်ကို လုပ်ကိုင်ရင်း သူ၏ဘဝရှေ့ရေးအတွက် စဉ်းစားဆင်ခြင်လေရာ အောက်ပါအတိုင်း တွေးမိပြန်၏။

"ငါဟာ တစ်လကို ငွေ ၆ဝ/- စုမိနေပြီဆိုပေမဲ့ ကြီးပွား အောင်မြင်ဖို့ အတွက်ဆိုရင် ဒီလောက်နဲ့မလုံလောက်သေးဘူး၊ အများကြီးလိုသေးတယ်၊ သတင်းစာရောင်းတဲ့အလုပ်က ညနေပိုင်းလေးမှာပဲ လုပ်ရတာပဲ၊ ငါ့မှာ အချိန်တွေ အများကြီးပိုနေသေးတယ်၊ ပိုနေတဲ့အချိန်တွေကို အကျိုးရှိအောင် အသုံးချရမယ်၊ အလုပ်တစ်ခုခုမှာ ဝင်လုပ်ပြီး ကြီးပွားအောင်မြင်ဖို့ အခွင့်အလမ်းရှာရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်တွင်မူ ချမ်းသာသည် မြို့ထဲသို့ထွက်၍ အလုပ်ရရန် စနည်းနာလေ၏။ မြို့လယ်ကောင်သို့ရောက်သောအခါ ကုန်မျိုးစုံရောင်းသော ဆိုင်ကြီးတစ်ဆိုင်ရှေ့တွင် ဒေါ့ဂျစ်ကားကြီး တစ်စီးထိုးရပ်ထားပြီး ကား၏ အနီးတွင် ကူလီရှာမတွေ့၍ အခက်တွေ့နေသော အဒေါ်ကြီးတစ်ဦးကို တွေ့ရလေ၏။ ချမ်းသာက အဒေါ်ကြီးအနီးသို့သွား၍

"ပစ္စည်းတွေကို ကျွန်တော်သယ်ပေးပါရစေ"

ဟုပြောလေရာ အဒေါ်ကြီးက သူ့အားကြည့်၍

"မင်းက ကူလီအသစ်လား၊ မင်းကို ငါမမြင်ဖူးပါဘူး၊ ဒေါ့ဂျစ်ကားပေါ်ကပစ္စည်းတွေကို ဆိုင်ထဲသွင်းလိုက်စမ်းပါ၊ ဒီနားကကူလီတွေလည်း ဘယ်ကိုရောက်နေသလဲမသိဘူး"

ဟုပြောလေ၏။ ချမ်းသာသည် အဒေါ်ကြီးကို ရှင်းပြမနေတော့ဘဲ ပစ္စည်းများကို ဒေါ့ဂျစ်ကားပေါ်မှ ဆိုင်ထဲသို့ သယ်ပို့ပေးလေ၏။ အထုပ်အပိုးများအားလုံး သယ်ပို့ပေးပြီးသောအခါ အနီးသို့ မိန်းမပျိုနှစ်ဦးရောက်လာပြီး သူနှင့်ရွယ်တူတစ်ယောက်က

"ဟင်၊ သတင်းစာရောင်းတဲ့ ချမ်းသာဆိုတဲ့ကောင်လေးပါလား၊ နင်က သတင်းစာမရောင်းဘဲ ကူလီလုပ်နေပြန်ပြီလား"

ဟုမေးမြန်းလေရာ ချမ်းသာက ပြန်၍

"မဟုတ်ပါဘူး၊ ဟောဒီ အဒေါ်ကြီး ကူလီမရလို့ အခက်တွေ့နေတာနဲ့ ဝင်ကူညီလိုက်တာပါ"

ဟုပြောလေ၏။ ထိုအခါ မိန်းမပျိုနှစ်ယောက်အနက် အကြီးဖြစ်သူက

"ဒါဆိုရင်တော့ အားနာစရာ ဖြစ်နေပြီမောင်လေးရယ်၊ အခုလို ကူညီတာ ကျေးဇူးတင်ပါတယ်ကွယ်"

ဟုပြောလေ၏။ အဒေါ်ကြီးကလည်း အားနာဟန်ဖြင့်ကြည့်၍

"သိပါဘူးကွယ်၊ မင်းက ပစ္စည်းတွေ သယ်ပေးမယ်ဆိုတော့ ကူလီအောက်မေ့လို့ပါ၊ ဒါနဲ့ မြို့ထဲကို ဘယ်ကိစ္စရောက်လာတာတုံး"

ဟုမေးမြန်းလေ၏။ ချမ်းသာက

"ကျွန်တော် သတင်းစာပို့တဲ့အလုပ်က ညနေခင်းလေးပဲလုပ်ရ တာပါ၊ ဒါကြောင့် အားနေတဲ့အချိန်တွေမှာ အလုပ်တစ်ခုခုလုပ်ချင်လို့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရှာထွက်လာတာပါ"

ဟုရိုးသားစွာပြောလေ၏။ချမ်းသာ၏စကားဆုံးသည်နှင့် သူနှင့်ရွယ်တူ မိန်းကလေးက

"အမေ၊ ဒါဆိုရင် သူ့ကို ဒီဆိုင်မှာခန့်လိုက်၊ ကျွန်မတို့ဆိုင်မှာ ယောက်ျားအလုပ်သမားတစ်ယောက် လိုနေတယ် မဟုတ်လား"

ဟုပြောလေ၏။ အဒေါ်ကြီးက ခေါင်းညိတ်၍

"ဟုတ်တယ်လူကလေး၊ အဒေါ်တို့က သားအမိသုံးယောက်ပဲရှိတယ်၊ အိမ်မှာ ယောက်ျားသားမရှိဘူး၊ ဆိုင်မှာ ယောက်ျားအလုပ်သမား တစ်ယောက် လိုနေတာကြာပြီ၊ ယုံကြည်ရမယ့်သူ မတွေ့သေးလို့ခက်နေတယ်၊ လူကလေးကိုတော့ အဒေါ်မြင်မြင်ချင်း ယုံကြည်စိတ်ချသွားပြီ၊ ဒါကြောင့် ဆိုင်မှာအလုပ်လုပ်မလား"

ဟုမေးမြန်းလေ၏။ ချမ်းသာက ဝမ်းသာအားရဖြင့် ခေါင်းညိတ်၍

"ကျွန်တော်လုပ်ပါမယ် အဒေါ်"

ဟုအဖြေပေးလိုက်လေ၏။ အဒေါ်ကြီး၏ဆိုင်သည် ကုန်မျိုးစုံရောင်းချသော ဆိုင်ကြီးတစ်ဆိုင်ဖြစ်သဖြင့် ထိုဆိုင်မျိုးတွင် အလုပ်လုပ်၍ ဈေးရောင်းဈေးဝယ်ပညာကို သင်ချင်လှ၏။ ထိုအခါ အဒေါ်ကြီးက

"ဒါဆိုရင်တော့ လူကလေး မနက်ဖြန်ကစပြီး အလုပ်ဆင်းပေတော့၊ လစာကိုတော့ မနစ်နာအောင် အဒေါ်တို့ ကြည့်ပေးပါ့မယ်၊ နေ့လယ်ထမင်းကိုတော့ ဆိုင်ကပဲ ကျွေးမယ်၊ ညနေစောင်းရင်တော့ပြန်ပေါ့"

ဟုပြောလေ၏။ ချမ်းသာသည် ဝမ်းသာအားရဖြင့် အဒေါ်ကြီးတို့သားအမိကို နှုတ်ဆက်ပြီးပြန်ခဲ့၏။ သူသည် အလုပ်ရှာ၍ အောင်မြင်သောအထိမ်းအမှတ်အနေဖြင့် ခေါက်ဆွဲဆိုင်တစ်ဆိုင်တွင်ဝင်၍ တရုတ်စာများကို စားသောက်ရန် ကြံစည်လေ၏။

*******

www.burmeseclassic.com



ထို့ကြောင့် မြို့ထဲရှိ အကောင်းဆုံးတရုတ်ဆိုင်ကြီးသို့ ခြေဦးလှည့်ခဲ့၏။ ဆိုင်ထဲသို့ ရောက်သောအခါ ဆိုင်ရှင်လူဝကြီးနှင့် စားပွဲထိုးလူငယ်များသည် သူ့အား ဂရုမစိုက်နိုင်ဘဲ ဆိုင်တစ်ဆိုင်လုံး သန့်ရှင်းသပ်ရပ်အောင် ပြင်ဆင်နေလေ၏။ သူသည် အတန်ကြာအောင်စောင့်ပြီးမှသာ စားသောက်ဖွယ်ရာများကို လာချပေးလေ၏။ ချမ်းသာက အခေါက်ကင်တစ်ဖတ်ကိုဝါး၍

"ခင်ဗျားတို့ ဆိုင်တစ်ဆိုင်လုံး ဒီနေ့ဘယ်လိုဖြစ်နေတာလဲ၊ ဘာလဲ ဆိုင်ရှင်ထောင်ကဲကြီး မင်္ဂလာဆောင်မလို့လား"

ဟုမေးမြန်းလေရာ လူဝကြီးက

"ချမ်းသာ၊ နင်ပေါက်ကရတွေမပြောနဲ့၊ ရန်ကုန်က ငါတို့ဖော်ဖော် လာမယ်ဆိုလို့ပြင်ဆင်နေတာ၊ ဖော်ဖော်က သူရောက်တဲ့ နေရာမှာ သန့်ရှင်းနေမှ ကြိုက်တယ်"

ဟုပြောလေရာ ချမ်းသာက မျက်မှောင်ကြုတ်၍

"ဖော်ဖော် ဆိုတာ ဘာလဲ"

ဟုမေးမြန်းလေ၏။ ထောင်ကဲကြီးက



www.burmeseclassic.com

www.burmeseclassic.com



"ဖော်ဖော်ဆိုတာ တရုတ်လို အဘွားကိုပြောတာ၊ ငါတို့အဘွားက သိပ်ချမ်းသာတယ်၊အခု ပုဂံကိုဘုရားဖူးရင်း ငါ့ဆိုင်မှာ တစ်ညဝင်အိပ်မှာ၊ ဒါကြောင့် ငါတို့တစ်ဆိုင်လုံး သန့်ရှင်းသပ်ရပ်အောင် ကြိုးစားနေရတယ်၊ ငါ့သဘောဆိုရင် ဒီနေ့ ဆိုင်ပိတ်ထားချင်တာ၊ ဒါပေမဲ့ အဘွားက အကြောင်းကိစ္စမရှိဘဲ ဆိုင်ပိတ်တာမကြိုက်ဘူး၊ ဆိုင်ဆိုတာသူများထက် အစောဆုံးဖွင့်ပြီး နောက်အကျဆုံးရောက်မှ ပိတ်ရမယ်လို့ပြောတယ်"

ဟုပြောလေ၏။ ချမ်းသာသည် ထောင်ကဲကြီး၏ စကားကို နားထောင်၍ လွန်စွာသဘောကျသွားပြီး

"ကောင်းလိုက်တဲ့စကားဗျာ၊ ဆိုင်ဆိုတာ သူများထက်အစောဆုံး ဖွင့်ပြီး နောက်အကျဆုံးပိတ်ရမယ်တဲ့၊ ထောင်ကဲကြီးရဲ့ ဖော်ဖော်ကို ကျွန်တော် တွေ့ချင်လိုက်တာ"

ဟုပြောလေရာ ထောင်ကဲကြီးက မျက်လုံးပြူးသွားပြီး

"နင်က တွေ့ပြီးဘာလုပ်မလို့လဲ"

ဟုမေးမြန်းလေ၏။ ချမ်းသာကရယ်မော၍

"ကျုပ်က သူဌေးဖြစ်ချင်နေတာ၊ သူဌေးဖြစ်ဖို့ကြိုးစားနေတာ၊ ဒါကြောင့် ထောင်ကဲကြီးအဘွားနဲ့တွေ့ရင် သူဌေးဖြစ်နည်းမေးချင်လို့ပေါ့"

ဟုပြောလေ၏။ ထိုအချိန်တွင် စားပွဲထိုးလူငယ်လေးများသည် ကော်ဇောကြီးတစ်ချပ်ကို ထမ်း၍ အပေါ်ထပ်သို့ သယ်ဆောင်သွားလေ၏။ အခြားသောစားပွဲထိုးများက နဂါးရုပ်ကြီးများပါသော ပန်းအိုးကြီးကို ဆိုင်ခန်းထဲတွင် နေရာချထားလေ၏။ ချမ်းသာက ၎င်းတို့၏အပြုအမူများကို ကြည့်၍ စားလက်စများကို လက်စသတ်ကာ

"ကျုပ်လည်း ကူလုပ်ပေးပါရစေ"

ဟုဆိုကာအလုပ်သမားများနှင့်အတူ အမှိုက်သရိုက်များကိုကူညီ၍ လှဲကျင်းပေးလေ၏။ ထို့နောက် ခြံစည်းရိုးများကို ကြည့်ရှုပြီး ထောင်ကဲကြီး ထံသို့သွားကာ

"လုပ်လက်စနဲ့ မထူးတော့ဘူး၊ ခြံတိုင်တွေကို ထုံးသုတ်ရအောင်၊ ထုံးဝယ်ဖို့ ပိုက်ဆံတစ်ကျပ်ပေးဗျာ"

ဟုတောင်းလေ၏။ ထောင်ကဲကြီးထံမှ ငွေတစ်ကျပ်ရသောအခါ

www.burmeseclassic.com



ထုံးပုံးများကိုဝယ်၍ ခြံစည်းရိုးများကို ကိုယ်တိုင်ဆေးသုတ်လေ၏။ ပိုလျှံသော ထုံးများကို ခြံနောက်ဘက်ရေတွင်းအနီးရှိ အုတ်နံရံကိုသုတ်လေ၏။ ထုံးသုတ်ပြီးသောအခါ ခြံတိုင်အပြင်ဘက်ရှိ မြက်များကို ခုတ်လေ၏။ထောင်ကဲကြီးက ချမ်းသာ၏အပြုအမူကိုကြည့်၍

"ချမ်းသာ၊ နင်အားကြီးအလုပ်လုပ်တယ်၊ တစ်နေ့ ထောင်ကဲဖြစ်ဦးမယ် "

ဟုချီးမွမ်းလေ၏။ ညနေစောင်းသောအခါ ထောင်ကဲ၏ ခြံဝန်းကြီးသည် ကြည့်ပျော်ရှုပျော်ဖြစ်သွားလေ၏။ ချမ်းသာသည် စားပွဲထိုးလုပ်ငယ်များနှင့်အတူ ရေတွင်း၌ရေမိုးချိုးလေ၏။

ရေချိုးပြီးသောအခါ ခမ်းနားလှပသော ကားကြီးနှစ်စင်းသည် ဆိုင်ရှေ့သို့ထိုးရပ်လာ၏။ ထောင်ကဲကြီး၏အဘွား ရောက်ရှိလာလေပြီ။ ထောင်ကဲကြီးသည် အပြေးအလွှားသွားရောက်၍ကား တံခါးဖွင့်လေရာကားထဲမှ အသက် ၇၀ ဝန်းကျင်ရှိသော အဘွားတစ်ဦးသည် နှစ်လိုဖွယ်ပြုံး၍ ထွက်လာလေ၏။ ထောင်ကဲကြီးက တရုတ်ဘာသာဖြင့်

"ဝမ်အန်း၊ နင်ဟောင်မား (မင်္ဂလာရှိသော ညနေခင်းပါ၊ နေကောင်းလား) "

ဟုနှုတ်ဆက်လေရာ အဘွားကြီးက ပြုံး၍

"နင်ဟောင်၊ ရှဲရှဲ (နေကောင်းပါတယ်၊ ကျေးဇူးတင်ပါတယ်)"

ဟုပြန်လည်နှုတ်ဆက်လေ၏။ ကားနှစ်စီးမှ တရုတ်လူမျိုးကြီးကြီးငယ်ငယ်တို့သည် ထောင်ကဲကြီးအား တရုတ်ဘာသာဖြင့် ဝမ်းသာအားရနှုတ်ဆက်ကြလေ၏။ ချမ်းသာသည် ကားပေါ်မှဆင်းလာသော တရုတ်သူဌေးမကြီးအား မျက်တောင်မခတ်တမ်း ငေးကြည့်နေမိ၏။ အဘွားကြီးသည် တရုတ်မကြီးများ ဝတ်လေ့ရှိသော ဘောင်းဘီပွကြီးနှင့် အင်္ကျီလက်ရှည်ကို ဝတ်ဆင်ထား၏။ အသက်အရွယ်ကြီးသော်လည်း ကျန်းမာရေးကောင်းမွန်ဆဲဖြစ်ပုံရ၏။ ထောင်ကဲကြီးသည် သူမအား ဆိုင်ထဲသို့ခေါ်ဆောင်သွားပြီး လွန်စွာကြီးမားသော ကုလားထိုင်ကြီးတွင်ထိုင်စေ၏။ အဘွားကြီးသည် ထောင်ကဲကြီးနှင့် စကားပြောဆိုနေရင်း တစ်ဆိုင်လုံးရှိ စားပွဲထိုးလုပ်ငယ်များကို အကဲခတ်ကြည့်ရှုလေ၏။ ချမ်းသာကိုမြင်သောအခါ သူမ၏မျက်လုံးများ



www.burmeseclassic.com

www.burmeseclassic.com



အရောင်တဖိတ်ဖိတ်တောက်သွားပြီး ထောင်ကဲကြီးဘက်သို့လှည့်၍

"သူဘယ်သူလဲ၊ မင်းဆိုင်က စားပွဲထိုးလား"

ဟုမေးမြန်းလေ၏။

"မဟုတ်ပါဘူးဖော်ဖော်၊ သူကမြို့ထဲမှာ သတင်းစာရောင်းတဲ့ ကောင်လေးပါ"

ဟုဖြေလေ၏။ တရုတ်မကြီးက ချမ်းသာအား စူးစူးစိုက်စိုက်ကြည့်၍

"သူဌေးလောင်းလေး၊ အဘွားအနားကို လာပါဦးကွယ်၊ လူကလေးက အဘွားဆီက သူဌေးဖြစ်နည်းကို မေးချင်တယ်နဲ့တူတယ်"

ဟုဆိုလိုက်ရာ ချမ်းသာတို့အားလုံး မျက်လုံးပြူးမျက်ဆံပြူး ဖြစ်သွားလေ၏။ အဘွားကြီးသည် ချမ်းသာ၏ရင်တွင်းကဆန္ဒကို ထွင်းဖောက်၍ မြင်နေပုံရ၏။ ချမ်းသာက အံ့သြဟန်ဖြင့် အနီးသို့သွား၍

"အဘွားက ကျွန်တော့်ကို သူဌေးလောင်းလို့ ဘာဖြစ်လို့ ခေါ်လိုက်တာလဲ၊ ကျွန်တော့် ရင်ထဲကဆန္ဒကိုလည်း ထွင်းဖောက်ပြီးမြင်နေပုံရတယ်"

ဟုမေးမြန်းလေရာ အဘွားကြီးက နှစ်လိုဖွယ်ပြုံး၍ တရုတ်သံဝဲသော စကားသံဖြင့်

"ကြီးပွားအောင်မြင်ချင်တဲ့သူဟာ အရောင်တဖျတ်ဖျတ်လက်နေတဲ့ မျက်လုံးတောက်တောက်တွေရှိတယ်လို့ တရုတ်စကားပုံမှာ ဆိုထားတယ် လူကလေး၊ လူကလေးရဲ့ မျက်လုံးတွေက အဲဒီအတိုင်းပဲ၊ သူတို့ဟာ အရာရာကို သိချင်တတ်ချင်စိတ်နဲ့ တက်ကြွနေလေ့ရှိတယ်၊ ဘယ်တော့မှ ထိုင်းမှိုင်းလေးလံမနေဘူး၊ ပတ်ဝန်းကျင်မှာမြင်တွေ့သမျှကို စူးစူးစိုက်စိုက်နဲ့ မျက်စိနားဖွင့်ပြီး လေ့လာနေလေ့ရှိတယ်၊ အဲဒီလူမျိုးတွေဟာ အကြီးကျယ်ဆုံးအဆင့်ကို ရောက်တတ်တယ်၊ လူကလေးဟာ အဘွားကို စိတ်ဝင်တစား ကြည့်နေကတည်းက သူဌေးဖြစ်နည်းမေးချင်လို့ဆိုတာ ရိပ်စားမိပါတယ်၊ ထိပ်တန်းရောက်ချင်တဲ့သူတွေဟာ ထိပ်တန်းရောက်ဖို့ အခွင့်အလမ်းတွေကို ရှာနေလေ့ရှိတယ်"

ဟုပြောလေရာ ချမ်းသာက ဝမ်းသာအားရဖြင့် ခေါင်းညိတ်၍

"အဘွားပြောတာ သိပ်မှန်တာပဲ၊ ကျွန်တော့်ကို သူဌေးဖြစ်စေဖို့ ဩဝါဒပေးပါဦးခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com


ဟုတောင်းပန်လေ၏။ အဘွားကြီးက ပြုံးရယ်၍

"တရုတ်ဘာသာမှာ အကျပ်အတည်းဆိုတဲ့ ဝေါဟာရဟာ အင်မတန် စိတ်ဝင်စားဖို့ကောင်းတယ်လူကလေး၊ ဒီဝေါဟာရဟာ အဓိပ္ပါယ်နှစ်မျိုးနဲ့ သွားနွှယ်နေတယ်၊ ပထမအဓိပ္ပါယ်ကစွန့်စားခြင်းလို့ အဓိပ္ပါယ်ရတယ်၊ ဒုတိယကတော့ အခွင့်အလမ်းလို့ အဓိပ္ပါယ်ရတယ်၊ လူကလေးနားလည်အောင် စားပွဲခုံပေါ်မှာ ရေးပြမယ်၊ အဘွားကို မြေဖြူတစ်ခဲပေးပါ"

ဟုပြောလေ၏။ ချမ်းသာက မြေဖြူယူလာပေးသောအခါ အဘွားကြီးက စားပွဲခုံပေါ်တွင် အောက်ပါအတိုင်းရေးပြလေ၏။

အကျပ်အတည်း

စွန့်စားခြင်း　　အခွင့်အလမ်း

"အကျပ်အတည်းဆိုတဲ့ဝေါဟာရမှာ စွန့်စားခြင်းနဲ့ အခွင့်အလမ်း ဆိုတဲ့ အဓိပ္ပါယ်နှစ်မျိုးထွက်နေတယ်၊ အကျပ်အတည်းမှာ ဖြစ်နိုင်ခြေနှစ်မျိုး ရှိနိုင်တယ်လို့ ယူဆလို့ရပါတယ်၊ ဒါကြောင့် အကောင်းမြင်သမားက အကျပ်အတည်းမှာ အခွင့်အလမ်းဆိုတာကိုသွားမြင်တယ်၊ အဆိုးမြင်သမား ကတော့ စွန့်စားခြင်းကိုမြင်ပြီး စိတ်ဓါတ်ကျသွားမယ်၊ အကျဉ်းထောင်ထဲမှာ အဖမ်းခံထားရတဲ့ လူနှစ်ယောက်ဟာ သံတိုင်တွေကြားကနေ ပြင်ပကမ္ဘာကို လှမ်းမျှော်ကြည့်တယ်၊ တစ်ယောက်သောသူက ကောင်းကင်မှာ အရောင် တဖိတ်ဖိတ် လက်နေတဲ့ ကြယ်ကလေးတွေကိုမြင်တယ်၊ ကျန်တစ်ယောက် ကတော့ အကျဉ်းထောင်ဝင်းထဲက ညစ်ပတ်ပေကျံနေတဲ့ အမှိုက်ပုံကြီးကို မြင်တယ်၊ အဘွားပြည်ကြီးကနေ မြန်မာပြည်ကိုရောက်တော့ အသက် (၁၄)နှစ်ပဲရှိသေးတယ်၊ အဘွားရဲ့ဖခင်ဟာလက်ထဲမှာ ပိုက်ဆံတစ်ပြားမှမရှိဘဲ မြန်မာပြည်မှာ စီးပွားရှာဖို့ထွက်လာခဲ့တယ်၊ အဘွားတို့ဟာ ပထမဦးဆုံး ဘာသာစကား အခက်အခဲနဲ့ ရင်ဆိုင်ရတယ်၊ အကူအညီပေးမယ့်သူမရှိဘူး၊ နေစရာပေးမယ့်


www.burmeseclassic.com

www.burmeseclassic.com



လူမရှိဘူး၊ အဘွားတို့ ဇရပ်ပေါ်မှာအိပ်ခဲ့ရတယ်၊ မြန်မာ ဘုရင်တွေလက်ထက်မှာ တိုင်းရေးပြည်ရေးကလည်း ရှုပ်ထွေးပြီး မငြိမ်မသက် ဖြစ်နေတယ်၊ စီးပွားရှာလို့ကောင်းတဲ့အချိန် မဟုတ်သေးဘူး၊ ဒါပေမဲ့ အဲဒီအချိန်မှာပဲ အဘွားဆုံးဖြတ်ခဲ့တယ်၊ တစ်နေ့မှာ အချမ်းသာဆုံး သူဌေးမကြီးဖြစ်ရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ပေါ့”

အဘွားကြီး၏စကားကို နားထောင်၍ ချမ်းသာက

“ဆက်ပြောပါဦးအဘွားရယ်၊ အဘွားစကားကို နားထောင်ရတာစိတ်အားတက်ကြွလိုက်တာ”

ဟုပြောလေ၏။ အဘွားကြီးက ဆက်လက်၍

“အဘွား ပြည်ကြီးမှာနေတုန်းက ပုံပြင်လေးတစ်ပုဒ် ကြားဖူးတယ်၊ ပုံပြင်ကတော့ လယ်ပိုင်ရှင်နဲ့ သူရင်းငှားပုံပြင်ပေါ့၊ လယ်ပိုင်ရှင်ဟာ သူ့လယ်ထဲမှာ ပေါင်းပင်တွေများလွန်းတော့ သူရင်းငှားကိုခေါ်ပြီး ပေါင်းသင်ခိုင်းတယ်၊ နောက်တစ်နေ့ သူ့လယ်ထဲကို သွားကြည့်တော့ ပေါင်းပင်တွေကို တွေ့နေတုန်းပဲ၊ ဒါကြောင့်သူရင်းငှားကိုခေါ်ပြီး လယ်ထဲထပ်လွှတ်တယ်၊ ညနေရောက်တော့ သူရင်းငှားက ပေါင်းပင်တွေကို ရှင်းလင်းပြီးပြီလို့ပြောတယ်၊ ဒီလိုနဲ့ လယ်ပိုင်ရှင်ဟာ နောက်တစ်နေ့မှာ လယ်ထဲကိုသွားကြည့်ပြန်တယ်၊ ပေါင်းပင်တွေကတော့ လယ်ထဲမှာရှိနေတုန်းပဲ၊ ဒီတော့မှလယ်ပိုင်ရှင်ဟာ သဘောပေါက်သွားတယ်၊ သူကိုယ်တိုင် လယ်ထဲကိုမဆင်းမချင်း ပေါင်းပင်တွေကို တွေ့နေဦးမှာပဲ၊ လယ်ပိုင်ရှင်ဟာ သူ့လယ်သူစိတ်ဝင်စားတယ်၊ တက်တက်ကြွကြွရှိတယ်၊ သူ့လယ်မြေကိုပြုစုစောင့်ရှောက်ဖို့ စူးစူးစမ်းစမ်း ရှာဖွေ တယ်၊ သူ့လယ်မြေကောင်းဖို့အတွက်ဆိုရင် ဘယ်သူ့မှမခိုင်းဘဲ လုပ်စရာရှာလုပ်နေမှာပဲ၊ သူရင်းငှားကတော့ လုပ်စရာကို ရှာနေမှာမဟုတ်ဘူး၊ ခိုင်းတဲ့လူမရှိရင်လည်း ဘာမှလုပ်မှာမဟုတ်ဘူး၊ သူများလုပ်တဲ့အလုပ်ကို ငါကဘာလုပ်ရမှာလဲလို့ ဆင်ခြင်တွေပေးနေလိမ့်နေမယ်၊ အဲဒီမှာလယ်ပိုင်ရှင်နဲ့ သူ့ရင်းငှားစိတ်ဓာတ်ကွာခြားပုံကို လူကလေးတွေ့လိမ့်မယ်၊ ဒါကြောင့် ဘဝမှာဘာကိုပဲလုပ်လုပ် ပိုင်ရှင်စိတ်ဓာတ်နဲ့ အမြဲလုပ်ကိုင်ရမယ်၊ ဒီလို လူမျိုးတွေဟာဘယ်နေရာပဲဖြစ်ဖြစ် တဖြည်းဖြည်း ရှေ့တန်းကိုရောက် လာလေ့ရှိတယ်လောကမှာ အဆိုးဆုံးကတော့ ဘေးကရပ်ကြည့်နေတဲ့သူတွေပဲ၊ ဒီလိုလူတွေများ



www.burmeseclassic.com

www.burmeseclassic.com



လာသရွေ့ သာယာလှပတဲ့လူ့ဘောင်ကြီး မဖြစ်နိုင်ဘူး၊ ပိုင်ရှင်စိတ်ဓာတ်ရှိတဲ့ သူတွေကတော့ ကိုယ့်အတွက်သာမက အခြားသူတွေ အတွက်ပါ အလုပ်လုပ်နေတာတွေ့ရမယ်”

ဟုပြောလေ၏။ အဘွားကြီးသည် စားပွဲခုံပေါ်ရှိ ကြွေကရားထဲမှ ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်လေ၏။ ပြီးနောက်

“အဘွားအသက်(၁၅) နှစ်အရွယ်မှာ ရတနာပုံနေပြည်တော်က တရုတ်လူမျိုးပိုင် စားသောက်ဆိုင်ကြီးတစ်ဆိုင်မှာ အောက်ခြေသိမ်းအလုပ်ကို လုပ်ကိုင်ခဲ့တယ်၊ အဘွားဟာ ဒီစားသောက်ဆိုင်ကြီးကို ကိုယ်ပိုင်ဆိုင်အလား သဘောထားပြီး အလုပ်ကို အစေခံလာတယ်၊ ပြန်တော့လည်း နောက်အကျဆုံးမှ ပြန်လေ့ရှိတယ်၊ အဘွားက အဲဒီဆိုင်မှာအနိမ့်ဆုံးအလုပ်သမား ဖြစ်ပေမဲ့ စိတ်ထဲမှာ ဒီဆိုင်ကြီးက ငါ့ဆိုင်ကြီးပဲလို့ သဘောထားတယ်၊ ပိုင်ရှင်စိတ်ရှိသူမို့ ခိုင်းစရာမလိုဘူး၊ လုပ်စရာရှိတဲ့ အလုပ်ကို အကွက်မြင်မြင်နဲ့ ကြိုးကြိုးစားစား လုပ်တယ်၊ ဒါကြောင့် ဆိုင်ရှင်ထောင်ကဲကြီးဟာ အဘွားကိုသဘောကျတယ်၊ အခြားအလုပ်သမားတွေကိုလည်းအဘွားကို အတုယူဖို့ပြောတယ်၊ အဘွား အလုပ်လုပ်ပြီး နှစ်နှစ်ပြည့်တဲ့အချိန်မှာ စားသောက်ဆိုင်ကြီးကို အုပ်ချုပ်တဲ့ သူဖြစ်လာတယ်၊ သုံးနှစ်ပြည့်တဲ့ချိန်မှာ စားသောက်ဆိုင်ကထွက်ပြီး မန္တလေးမြို့မှာပဲ ခေါက်ဆွဲဆိုင်လေးတစ်ဆိုင်ဖွင့်တယ်၊ အဘွားရဲ့ဆိုင်လေးဟာ ခနော်ခနဲ့တဲကလေးနဲ့ စခဲ့တာပါ၊ ခေါက်ဆွဲကြော်သမားတွေကို မငှားနိုင်လို့ အဘွားကိုယ်တိုင်ကြော်ခဲ့တယ်၊ စားသောက်ဆိုင်ကြီးမှာ သုံးနှစ်တိတိ လုပ်ကိုင်ရင်း ပညာတွေအကုန်လုံး တတ်အောင် အဘွားသင်ခဲ့တယ်၊ အဲဒီအချိန်မှာ ဗမာစကားကောင်းကောင်း ပြောတတ်နေပြီလေ။ တစ်နေ့ အဘွားခေါက်ဆွဲကြော်ရင်း ခေါင်းထဲကို အတွေးတစ်ခုဝင်လာတယ်၊ အတွေးလို့ဆိုတာထက် မေးခွန်းလေးတွေ ဆိုရင်ပိုမှန်မယ်ထင်တယ်၊ အဲဒါကတော့ -

**ငါ့ဆိုင်ကိုအကောင်းဆုံးကြိုးစားပြီးပြီလား ?**

**လက်ရှိဆိုင်လေးဟာ အကောင်းဆုံးဖြစ်နေပြီလား?**

**ဒီ့ထက်ပိုကောင်းအောင် မလုပ်နိုင်တော့ဘူးလား ?**

**ဒီ့ထက်ပိုကောင်းတဲ့နည်းမရှိတော့ဘူးလား ?**

ဆိုတဲ့မေးခွန်းလေးတွေပဲ၊ ဒီမေးခွန်းလေးတွေဟာ အဘွားဘဝ



www.burmeseclassic.com

www.burmeseclassic.com



သိပ်အရေးပါတယ်၊ အဘွားအခုလို ချမ်းသာလာတာ ဒီမေးခွန်းလေးတွေကြောင့်ပဲ၊ ဒါကြောင့်အဘွားရဲ့အိမ်မှာ မေးခွန်း (၄) ခုကို ရွှေစာလုံးနဲ့ ရေးထိုးထားတယ်၊ အဘွားဟာခေါက်ဆွဲကြော်ရင်း မေးခွန်း(၄) ခုကို မထင်မှတ်ဘဲမေးလိုက်မိတယ်၊ အဲဒီအချိန်ကစပြီး အဘွားရဲ့စီးပွားရေးဟာ ဒီရေအလားတိုးတက်လာတယ်၊ အဘွားဘာလုပ်လုပ် အမြဲအောင်မြင်တော့တာပဲ၊ အဘွားဟာ မေးခွန်းလေးတွေကို အမြဲမေးနေတော့တာကိုး"

အဘွားကြီး၏ စကားကိုနားထောင်၍ ချမ်းသာက စိတ်အားတက်ကြွစွာဖြင့် လက်ကာပြ၍

"နေပါဦးအဘွားရယ်၊ အဘွားမေးခွန်းလေးခုကို ကျွန်တော်ကူးထားချင်လို့ ခဏနေပါဦး"

ဟုတောင်းပန်လေ၏။ ထို့နောက် ဆိုင်ရှင်ထောင်ကဲကြီးထံမှ စာရွက်နှင့်ခဲတံကိုတောင်းယူ၍ တရုတ်သူဌေးမကြီး၏ ထူးဆန်းသော မေးခွန်းလေးခုကို ကူးယူခဲ့လေ၏။

**ငါအကောင်းဆုံးကြိုးစားပြီးပြီလား?**

**လက်ရှိအခြေအနေဟာ အကောင်းဆုံးဖြစ်နေပြီလား?**

**ဒီ့ထက်ပိုကောင်းအောင်မလုပ်နိုင်တော့ဘူးလား?**

**ဒီ့ထက်ပိုကောင်းတဲ့နည်းမရှိတော့ဘူးလား?**

တရုတ်သူဌေးမကြီးက ဆက်လက်၍

"လူကလေးဘဝအကြောင်းကို အဘွားကိုပြောပြပါဦး"

ဟုဆိုသဖြင့် ချမ်းသာက သူ၏ဘဝကို ဘုန်းကြီးကျောင်းသားဘဝမှစ၍ ပြန်လည်ပြောဆိုလေ၏။ အဘွားကြီးသည် ချမ်းသာ၏ဘဝကို သေချာစွာနားထောင်၍

"လူကလေးဟာ ဆရာကောင်းတွေနဲ့တွေ့ခဲ့တာပဲ၊ လူကလေး တစ်နေ့မှာ ကြီးပွားချမ်းသာလာမှာ သေချာတယ်၊ ဒါပေမဲ့ ဒီကနေ့တော့လူကလေး အမှားတစ်ခုလုပ်ခဲ့တယ်"

ဟုဆိုလိုက်ရာ ချမ်းသာက မျက်လုံးပြူးသွားပြီး

"ဘာအမှားလဲ အဘွားရယ်" ဟုမေးမြန်းလေ၏။ အဘွားကြီးက

"လူကလေးကို မြို့ထဲက ကုန်စုံဆိုင်ကြီးတစ်ဆိုင်မှာ အလုပ်ခန့်

www.burmeseclassic.com



လိုက်ပြီဆို၊ လူကလေးက အလုပ်ရပြီဆိုတာနဲ့ ဝမ်းသာအားရဖြစ်ပြီး ပြန်လာခဲ့တယ်၊ တကယ်ဆိုရင် အလုပ်ခန့်ပြီဆိုကတည်းက အဲဒီဆိုင်က အလုပ်တွေကို စိတ်ဝင်တစားနဲ့ ကူညီလုပ်ကိုင်ပေးဖို့သင့်တယ်၊ လူကလေးမှာ ပိုင်ရှင်စိတ်ဓာတ်ရှိတယ်ဆိုရင် ဒီလိုပြန်လာခဲ့မယ်မထင်ဘူး"

ဟုပြောဆိုလေရာ ချမ်းသာခေါင်းညိတ်၍

"ဟုတ်ပါတယ်အဘွား၊ ကျွန်တော် မှားသွားပါတယ်၊ အခုအမှားကို ထောက်ပြတာ ကျေးဇူးတင်ပါတယ်"

ဟုဝန်ခံလေ၏။ ချမ်းသာက ဆက်လက်၍

"ဒါပေမဲ့ ဒီနေ့မှားတဲ့အမှားဟာ အမှားကောင်းပါ၊ ဒီအမှားကြောင့် ကျွန်တော့် အဘွားနဲ့ တွေ့ဆုံခွင့်ရတယ်လေ၊ အဘွားဆီက တန်ဘိုးမဖြတ်နိုင်တဲ့ မေးခွန်း(၄)ခု ကိုရရှိခဲ့တယ်၊ ကျွန်တော့်တဝတစ်လျှောက်လုံး ဒီမေးခွန်းတွေကို အမြဲမေးနေတော့မယ်"

ဟုကတိပေးလိုက်လေ၏။ ချမ်းသာသည် တရုတ်သူဌေးမကြီးနှင့် အတန်ကြာအောင် စကားပြောဆိုပြီးနောက် အဘွားကြီးအားရှိသေစွာ ကန်တော့၍ ပြန်ခဲ့လေ၏။

*******



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာသည် ထိုညက ညနက်သည်အထိ အိပ်စက်၍ မပျော်နိုင်ဘဲ တရုတ်သူဌေးမကြီးပြောသော မေးခွန်းလေးခုကို စဉ်းစားနေမိ၏။ အတန်ကြာအောင် စဉ်းစားပြီးသောအခါ တရုတ်သူဌေးမကြီး၏နည်းနှင့် ဘိန်းစားရှောင်မိန်း၏ နည်းသည် ခပ်ဆင်ဆင်တူကြောင်းတွေ့ရ၏။ ဘိန်းစားရှောင်မိန်းက မိမိအလုပ်ကို တိုးတက်ရန် မပြတ်စဉ်းစားဆင်ခြင်၏။ စဉ်းစားဆင်ခြင်ခြင်းသည် မေးခွန်းများကို မေးနေခြင်းပင်မဟုတ်ပါလား.....။

သူသည် နောက်တစ်နေ့သို့ ရောက်သောအခါ သူဌေးမကြီး၏ စကားအတိုင်း အလုပ်သို့ အစောဆုံးရောက်အောင် လာခဲ့၏။ သူ၏ အလုပ်ရှင်များသည် အိပ်ရာမှနိုးသေးဟန်မရှိပေ။ သူသည် ခြံစည်းရိုး အနီးတွင် ထောင်ထားသော အုန်းလက်တံမြက်စည်းကြီးကို ယူ၍အမှိုက်များကို လှဲကျင်းလေ၏။ အနီးရှိရေစည်အတွင်းမှရေဖြင့် ဆိုင်ပတ်ဝန်းကျင်ကို ဖျန်းလေ၏။ မနက် (၆) နာရီခန့်ရှိသောအခါ ဆိုင်ရှင်အဒေါ်ကြီးသည် ဦးစွာနိုးလာ၏။ ချမ်းသာကို မြင်သောအခါမျက်လုံးပြူးသွားပြီး

"မင်းမဆိုးဘူး၊ ဝီရိယကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုရှိုးမွမ်းလေ၏။ ချမ်းသာက

"ကျွန်တော်ဘာလုပ်ရမလဲခင်ဗျာ"

ဟုမေးမြန်းလေရာ အဒေါ်ကြီးက

"လောလောဆယ်တော့ ဆိုင်ဖွင့်ရမယ်၊ ပစ္စည်းတွေ ခင်းကျင်းရမယ်၊ ဝယ်သူတွေလာရင် ကူရောင်းပေးရမယ်"

ဟုပြောလေ၏။ ချမ်းသာဆိုင်ဖွင့်သောအခါ အဒေါ်ကြီး၏ သမီးနှစ်ယောက် အိပ်ရာမှနိုးလာပြီး ဆိုင်ကိုစတင်ရောင်းချလေ၏။ အဒေါ်ကြီး၏ဆိုင်သည် အပ်မှစ၍ အထည်အလိပ်များအထိ ရောင်းသောဆိုင်ဖြစ်လေရာ ဈေးရောင်းဈေးဝယ်များနှင့်စည်ကားလှ၏။

ချမ်းသာသည် ဆိုင်ရှေ့တွင် မတ်တပ်ရပ်၍ ညီအစ်မနှစ်ယောက်နှင့်အတူ တက်ညီလက်ညီ ရောင်းချလေ၏။ ဈေးဝယ်လာသူ မိန်းမပျိုများသည် ချမ်းသာ၏ ယဉ်ကျေးပျူငှါသော အမူအရာကို သဘောကျနေဟန်ရှိ၏။

ထမင်းစားချိန်သို့ရောက်သောအခါ ဆိုင်ကို အဒေါ်ကြီးက တစ်လှည့်ထိုင်၍ ညီအစ်မနှစ်ယောက်ကို ဦးစွာစားစေ၏။ ညီအစ်မနှစ်ယောက်ပြီးသောအခါ ချမ်းသာကို ထမင်းကျွေးလေ၏။ ချမ်းသာသည် ညနေစောင်းသည်အထိ ကူညီလုပ်ကိုင်ပေးပြီး သတင်းစာရောင်းရန် ဆိုင်မှထွက်ခဲ့၏။ သတင်းစာများကို တစ်နာရီခွဲခန့်အချိန်အတွင်း ကုန်စင်အောင်ရောင်းချပြီးသောအခါ ဆိုင်သို့ပြန်၍ အလုပ်လုပ်ပြန်၏။

အဒေါ်ကြီး၏ သမီးနှစ်ယောက်အနက် အစ်မကြီးဖြစ်သူ မူယာမှာ စိတ်သဘောထားနူးညံ့သိမ်မွေ့ပြီး အေးဆေး၏။ ညီမဖြစ်သူ သူဇာမှာမူ ဆန့်ကျင်ဘက်ဖြစ်၏။ မည်သို့ပင်ဖြစ်စေ သူမတို့နှစ်ယောက် ချမ်းသာကို ခင်မင်ကြ၏။ ချမ်းသာသည် ညသို့ရောက်သောအခါ ဆိုင်ကိုသိမ်းဆည်း ပေးပြီး သူနေထိုင်ရာ ဇရပ်သို့ပြန်ခဲ့၏။ ဤသို့ဖြင့် ချမ်းသာသည် အဒေါ်ကြီး၏ဆိုင်ကို သူပိုင်ဆိုင်အလား သဘောထားကာ ကြိုးကြိုးစားစား ရောင်းချပေးပြီးနောက် တစ်လပြည့်သောနေ့တွင် အဒေါ်ကြီးက

"ချမ်းသာ၊ မင်းကို ငွေ(၁၀) ပေးမယ်၊ ကျေနပ်ရဲ့လား"

ဟုပြောလေရာ ချမ်းသာက ခေါင်းညိတ်၍

"ကျေနပ်ပါတယ်ခင်ဗျာ၊ ကျွန်တော်ကိုရော လုပ်တာကိုင်"



www.burmeseclassic.com

www.burmeseclassic.com



သဘောကျရဲ့လား"

ဟုပြန်လည်မေးမြန်းလေ၏။ အဒေါ်ကြီးက

"သဘောကျပါတယ်၊ မင်းကို ဒီလောက်တော်မယ်မထင်ဘူး၊ ဒါကြောင့် ဒီနေ့ကစပြီး မင်းဇရပ်မှာ မနေနဲ့တော့၊ ညဘက်ကို ဆိုင်မှာပဲ ပစ္စည်းတွေ ရှင်းလင်းပြီးအိပ်ပေါ့၊ ဝါတို့ဆိုင်လည်း အစောင့်ရတာပေါ့၊ မင်းလည်း ဇရပ်မှာ အိပ်ရတဲ့ဒုက္ခက လွတ်သွားတာပေါ့"

ဟုပြောလေ၏။ ချမ်းသာက အဒေါ်ကြီး၏စကားကို ဝမ်းမြောက်ဝမ်းသာဖြင့် လက်ခံခဲ့လေ၏။ အဒေါ်ကြီးသည် သူ၏ အရည်အချင်းကို အသိအမှတ်ပြု၍ အိမ်တွင်ပြောင်းနေရန်ခွင့်ပြုခြင်းဖြစ်၏။

ဤသည်ပင်လျှင် သူ၏ကိုယ်ရည်ကိုယ်သွေး တိုးတက်ကြောင်း အထောက်အထားပင်ဖြစ်၏။ ချမ်းသာသည် လစာအဖြစ်ရရှိသော ငွေတစ်ဆယ်ကျပ်ကို စိတ်ဝင်စားခြင်းမရှိပေ။ သူစိတ်ဝင်စားသည်မှာ အဒေါ်ကြီး၏ ဈေးရောင်းဈေးဝယ်ပညာပင်ဖြစ်၏။ သူသည် သုံးလခန့် လေ့လာပြီးသောအခါ အဒေါ်ကြီး၏ ဆိုင်ကဲ့သို့ ကုန်မျိုးစုံရောင်းချသောဆိုင်တစ်ဆိုင် သူကိုယ်တိုင် ဖွင့်လှစ်နိုင်ကြောင်း ယုံကြည်မှုရလာ၏။ ဤသည်ပင်လျှင် သူ့အတွက်အမြတ်ဖြစ်၏။

သူသည် ဘုန်းကြီးကျောင်းထွက်ဖြစ်သဖြင့် ဗေဒင်အတတ်၊ ဆေးအတတ်ကို ဟိုစပ်စပ် ဒီစပ်စပ်တတ်မြောက်၏။ မူယာနှင့်သူဇာ ညီအစ်မနှစ်ယောက်သည် ဗေဒင်မေးရန် လွန်စွာဝါသနာထုံ၏။

သူဇာသည် ချမ်းသာအား တစ်ပတ်တစ်ကြိမ် ဗေဒင်မေးတတ်၏။ သူမတို့ အဓိကမေးသော အကြောင်းအရာမှာ ချစ်မှုရေးရာများပင်ဖြစ်၏။ ချမ်းသာ ဗေဒင်တွက်ပြီးသည့်အခါတိုင်း သူဇာက

"သိပ်မှန်တာပဲ"

ဟုချီးမွမ်းလေ့ရှိ၏။ မူယာမှာမူ ဣန္ဒြေရှင်ပီပီ ရှက်ပြုံးပြုံး၍သာနေလေ၏။ တစ်နေ့သ၌ ချမ်းသာက သူဇာကို ဗေဒင်တွက်ရင်း နောက်ပြောင်ကျီစယ်လိုသောသဘောဖြင့်

"သူဇာ နောက်နှစ်ထဲမှာ ယောကျ်ားရမယ်"

ဟုဆိုလိုက်ရာ သူဇာကမျက်လုံးပြူးပြူးဟန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား ချမ်းသာ"

ဟုမေးလေ၏။ ချမ်းသာက ခေါင်းညိတ်၍

"ဟဲဟဲ၊ တကယ်ပါသူဇာ၊ ငါကတော့ ဒီအတိုင်းပဲမြင်တယ်"

ဟုဆိုလိုက်ရာ သူဇာကနှုတ်ခမ်းစူ၍

"ဒါပဲနော် ဗေဒင်မမှန်ရင် ဗေဒင်ဆရာပဲ တာဝန်ယူရမယ်"

ဟုမထိခလုတ် ထိခလုတ်ပြောလေရာ ချမ်းသာသည် ရှက်ကိုး ရှက်ကန်း ဖြစ်သွားလေ၏။ သူ၏ ငယ်ချစ်ဟောင်း သီတာကိုလည်း သတိရလိုက်၏။ သီတာနှင့် ခွဲခဲ့ရသည်မှာ ကြာပေပြီ။ ဘယ်တော့များမှ ပြန်လည် ဆုံဆည်းရမည်မသိ။

ချမ်းသာကြွယ်ဝသည့်တစ်နေ့တွင် သီတာနှင့် ပြန်လည်ဆုံဆည်း ရပေမည်။

သူသည် အောက်တန်းစားကောင်တစ်ယောက်မဟုတ်ကြောင်း သက်သေပြရပေမည်။

*******



www.burmeseclassic.com

www.burmeseclassic.com



မူယာနှင့် သူဇာညီအစ်မနှစ်ဦးသည် ချောမောလှပသူများဖြစ်သဖြင့် ချစ်ကြိုက်သူအလွန်ပေါ၏။ သူမတို့ဆိုင်တွင် အကြောင်းမရှိအကြောင်းရှာ၍ ဝင်ထွက်သွားလာသူများအနက် သူဌေးသား မြင့်ဦးနှင့် ဝင်းနိုင်မှာ အဆိုးဆုံး ဖြစ်၏။

မြင့်ဦးသည် ဗိုက်ပူ၏။ အသားမည်း၏။ မျက်လုံးပြူး၏။ စကားပီအောင်လည်း မပြောတတ်ပေ။ ဝင်းနိုင်မှာ အရပ်မြင့်၏။ ကလန်ကလား နိုင်၏။ အသားမည်း၏။ ဟန်ကြီးပန်ကြီးနိုင်၏။ မျက်စိစွေ၏။ ဝမရှိဘဲ ဝိလုပ်တတ်သူဖြစ်၏။

မြင့်ဦးနှင့် ဝင်းနိုင်သည် သူဇာအား အပြိုင်ပိုးပန်းနေသူများဖြစ်၏။ တစ်နေ့သ၌ နောက်ပိုးရှူးနှစ်ယောက်ဆုံသောအခါ ဟန်ကြီးပန်ကြီး နိုင်သော ဝင်းနိုင်က သူ၏ အကျီကော်လာကိုဆွဲဆန့်၍

"လောကမှာ ဘာလုပ်လုပ် ပီပြင်ဖို့အရေးကြီးတယ်၊ ဘယ်လုပ်ငန်း မျိုးပဲ လုပ်လုပ်မပီပြင်ရင် ဘာမှဖြစ်လာမှာ မဟုတ်ဘူး၊ ဒါကြောင့် ညီမလေးတို့ မပီပြင်တဲ့လူတွေကို ဝေးဝေးကရှောင်ရမယ်၊ အထူးသဖြင့် စကားမပီတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်အဆိုးဆုံးပေါ့”

ဟုဆိုလိုက်ရာ မြင့်ဦး၏ မျက်နှာရှုံ့မဲ့သွားပြီး ၄င်းကတစ်ဖန်

“ဒီမှာညီမလေး၊ လောကမှာ လူရယ်လို့ဖြစ်လာရင် လူမှုရေးပြဿနာ၊ စီးပွားရေးပြဿနာ စတဲ့ပြဿနာတွေနဲ့ ရင်ဆိုင်ရမှာပဲ၊ ဒီလိုရင်ဆိုင်တဲ့အခါ အမြင်ကြည်လင်ဖို့လိုတယ်၊ အထူးသဖြင့် အမြင်မတိမ်းစောင်းဖို့အရေးကြီးတယ်၊ အမြင်တိမ်းစောင်းတဲ့သူဟာ ဘယ်နေရာမှ သုံးလို့မရဘူး၊ ဒီနေရာမှာ မျက်စိစွေတဲ့သူတွေဟာ အဆိုးဆုံးပဲ”

ဟုအာပေါင်အာရင်းသန်သန်ဖြင့် ပြန်လည်ချေပလိုက်ပြန်ရာ ဟန်ကြီးပန်ကြီး နိုင်သော ဝင်းနိုင်သည် အောင့်သက်သက်နှင့် ခံလိုက်ရလေ၏။ ဝင်းနိုင်နှင့် မြင့်ဦးသည် ထိုမျှနှင့်မကသေးဘဲ ၄င်းတို့နှစ်ဦးဆုံလျှင် မိဘများ၏ ကြွယ်ဝ ချမ်းသာပုံကို စကားရည်လုပွဲလုပ်သကဲ့သို့ အပြိုင်အဆိုင်ကြွားဝါလေရာ နားထောင်နေသူများအဖို့ ဟာဒယရွှင်ဆေးတိုက်ကျွေးသကဲ့သို့ရှိလေ၏။

အစ်မဖြစ်သူ မူယာအား ပိုးပန်းသူများမှာ ကောလိပ်ကျောင်းသားများနှင့် မြို့အုပ် အရေးပိုင်စသော ပညာတတ်အသိုင်းအဝိုင်းမှ ဖြစ်သဖြင့် မြင့်ဦးနှင့် ဝင်းနိုင်ကဲ့သို့ အိုးနင်းခွက်နင်းမဖြစ်ဘဲ ဣန္ဒြေရလေ၏။

မည်သို့ပင်ဖြစ်စေ အချစ်နှင့်ပတ်သက်လျှင် မည်သူမဆို ရူးသွပ်မြဲဖြစ်သည် ဟူသောစကားရှိသည့်အတိုင်း ကောလိပ်ကျောင်းသားများသည်လည်း ကောလိပ်ကျောင်းတွင်အနေအထိုင် အစားအသောက် အဆင့်အတန်းမြင့်ပုံ၊ ကောလိပ်ကျောင်းပြီးလျှင် မြို့အုပ် အရေးပိုင်စသည့် ရာထူးရာခံများကို ရရှိမည့်အကြောင်း ကြွားဝါသကဲ့သို့ မြို့အုပ် အရေးပိုင်စသော အရာရှိများကလည်း ၄င်းတို့မည်သို့မည်ပုံ မျက်နှာပွင့်ပုံ၊ သမီးရှင်များက သမက်ဖမ်းကြပုံ၊ ရှေ့ဆက်၍ ရာထူးရာခံကြီးများရရှိမည့်အကြောင်းကို မစားရဝခမန်း ကြွားဝါလေ၏။

မူယာနှင့် သူ့ဇာညီအစ်မနှစ်ဦးသည် ကိုလေကြွားများ၏ စကားကို နားထောင်၍ ကွယ်ရာတွင် တဟားဟား ရယ်မောနေတော့၏။

တစ်နေ့သ၌ ချမ်းသာသည် ညနေစောင်းသောအခါ သတင်းစာ ရောင်းရန်အလို့ငှါ ဆိုင်မှထွက်ခဲ့လေ၏။ ဘူတာသို့ရောက်သောအခါ သတင်းစာ ကိုယ်စားလှယ် ဂျူးကြီးနှင့်သတင်းစာများကို ရေတွက်နေစဉ် ကလေးငယ်

www.burmeseclassic.com



တစ်ဦးသည် မီးရထားသံလမ်းပေါ်သို့ ကျသွားသောအရုပ်ကို ကောက်ယူရန် ကြိုးစားနေသည်ကို တွေ့လိုက်ရ၏။

ထိုအချိန်တွင် ဘူတာသို့ဝင်လာသော ရထားတစ်စီး၏ ဟွန်းသံကို ကျယ်လောင်စွာကြားလိုက်ရ၏။ ကလေးငယ်၏အသက်အန္တရာယ်မှာ လွန်စွာ စိုးရိမ်ဖွယ်ရှိသဖြင့် ဘူတာတစ်ခုလုံး ဆူညံပွက်သွားလေ၏။ ချမ်းသာသည် ကလေးငယ်၏ အသက်ကို ကယ်တင်ရန် ဆုံးဖြတ်လိုက်ပြီး သံလမ်းအနီးသို့ လျင်မြန်စွာပြေးသွားလေ၏။ သံလမ်းပေါ်သို့ ရောက်သောအခါ ကလေးငယ်၏ လက်မောင်းအားဆွဲကိုင်၍ ပလက်ဖောင်းပေါ်သို့ ခုန်တက်လိုက်သောအခါ မီးရထားနှင့် ကပ်သီလေးလွဲသွားလေ၏။ ကြည့်ရှုနေသူအပေါင်းသည် ချမ်းသာ၏ စွန့်စားဝံ့သောသတ္တိကို အားပါးတရ ချီးမွမ်းလေ၏။ ကလေးငယ်မှာ ချမ်းသာ၏လက်ထဲတွင် ထိတ်လန့်ဟန်ဖြင့် ငိုယိုနေလေ၏။ ထိုအခါမှ ချမ်းသာက ကလေးငယ်ကိုကြည့်လိုက်သောအခါ ဆံပင်နီကြောင်ကြောင်နှင့် မျက်နှာဖြူကလေး တစ်ဦးဖြစ်မှန်း သိလိုက်ရ၏။ ချမ်းသာ၏အနီးသို့ မျက်နှာဖြူ ဇနီးမောင်နှံနှင့် အသက်ငါးဆယ်ဝန်းကျင် လူကြီးတစ်ယောက် ရောက်လာပြီး ထိုလူကြီးက မြန်မာဘာသာဖြင့်

"လူကလေးကို ကျွန်ုပ်သိပ်ကျေးဇူးတင်တယ်၊ လူကလေးဟာ ကျုပ်မြေးရဲ့ အသက်ကို ကယ်တင်လိုက်တာပဲ၊ ကျုပ်တို့ ဘူတာမှာ ရပ်ပြီးစကားပြောနေတုန်း ကလေးပျောက်သွားတာ သတိမထားမိလိုက်ဘူး။ ကျုပ်ကပျဉ်းမနားမြို့က စိုက်ပျိုးရေးမင်းကြီးပါ၊ လူကလေး အကူအညီလိုရင် အချိန်မရွေးလာခဲ့ပါ"

ဟုကျေးဇူးတင်စကား ပြောလေ၏။ ကလေး၏မိဘနှစ်ပါးဖြစ်သူ မျက်နှာဖြူ လင်မယားကလည်း ချမ်းသာအား ကျေးဇူးတင်ဟန်ဖြင့် ကြည့်ရှုလေ၏။ ကလေးငယ်အား ရထားလမ်းပေါ်မှဆွဲတင်စဉ် ချမ်းသာ၏ အကျီကြယ်သီးများ ပြုတ်ထွက်သွားသဖြင့် သူ၏ရင်ဘတ်သည် ဟောင်းလောင်း ဖြစ်နေ၏။ မျက်နှာဖြူမင်းကြီးသည် ချမ်းသာရင်ဘတ်မှာ စာကိုဖတ်၍

"ဘာအဓိပ္ပါယ်လဲ"

မေးမြန်းလေ၏။ ချမ်းသာက ဆုကြီးပန်ချမ်းသာဆိုသော အဓိပ္ပါယ်ကို ရှင်းပြလေ၏။

www.burmeseclassic.com



"ဆုကြီးပန်ချမ်းသာဆိုပါလား၊ ဝမ်းဒါးဖူး"

ဟုအံ့ဩဖွယ်ကောင်းကြောင်း ပြောဆိုလေ၏။ ချမ်းသာက ခေါင်းညိတ်၍

"ဒါ၊ ဆရာတော်ကြီးထိုးပေးထားတာဗျ၊ ဆုကြီးပန်တဲ့သူဟာ လာဘ်ကြီးဝင်စမြဲပဲတဲ့၊ တစ်နေ့မှာ ကြီးပွားချမ်းသာမယ်လို့ဆိုတယ်"

ဟုဂုဏ်ယူဝံ့ကြွားဟန်ဖြင့် ရှင်းလင်းပြလေရာ မျက်နှာဖြူမင်းကြီးက လွန်စွာသဘောကျဟန်ဖြင့်

"ဆုကြီးပန် ချမ်းသာ၊ ဆုကြီးပန် ချမ်းသာ၊ ဗဲဒီးဂွတ်အိုင်ဒီယာပဲ"

ဟုချီးမွမ်းလေ၏။

*******



www.burmeseclassic.com

www.burmeseclassic.com





ဤသို့ချမ်းသာသည် မူယာနှင့် သူဇာ ညီအစ်မ နှစ်ဦး၏ ကုန်စုံဆိုင်ကြီးတွင် ပျော်ရွှင်စွာလုပ်ကိုင်နေတော့၏။ သူသည် ကုန်စုံဆိုင်တွင် လုပ်ကိုင်ရင်း အရောင်းအဝယ်ပညာကို တတ်မြောက်အောင် ကြိုးစားသင်ယူလေ၏။ ဆိုင်သိမ်းပြီးနောက် ညပိုင်းအချိန်များတွင် တစ်နေ့လျှင် သတင်းစာတစ်စောင် အလကားပေး၍ စာတိုက်စာရေးကြီးတစ်ဦးထံမှ အင်္ဂလိပ်စာကိုလည်း တတ်မြောက်ရန် ကြိုးစားသင်ယူလေ၏။

သူသည် စာရေးကြီးထံမှ ဝတ္ထုစာအုပ်များကို ငှါးရမ်းဖတ်ရှုကြည့်ရင်း စာဖတ်သောအလေ့အကျင့်ရခဲ့လေ၏။ မူယာနှင့် သူဇာညီအစ်မနှစ်ဦးအနက် မူယာသည် အိမ်တွင်းပုန်းလုပ်လေ့ရှိသော်လည်း သူဇာကမူ သူငယ်ချင်း မိန်းမပျိုများအိမ်သို့ အလည်အပတ်ထွက်လေ့ရှိ၏။

သူမ၏ သူငယ်ချင်းတစ်ဦးသည် မြို့စွန်တွင်နေထိုင်သည်ဖြစ်ရာ ချမ်းသာက စက်ဘီး ဖြင့်နင်း၍ ထိုအိမ်သို့ လိုက်လံပို့ဆောင်စေ၏။ ချမ်းသာသည် ဈေးရောင်းသော အလုပ်ကိုသာမက သူဇာအား စက်ဘီးဖြင့် အပို့အကြိုလုပ်သောအလုပ်ကို တာဝန်ယူရ၏။ ထို့ကြောင့် ချမ်းသာနှင့်

www.burmeseclassic.com



သူဇာသည် ပိုမို၍ ရင်းနှီးခဲ့ရလေ၏။ မူယာကမူ ဣန္ဒြေရှင်ဖြစ်သဖြင့် ချမ်းသာနှင့် ရင်းရင်းနှီးနှီး နေထိုင်လေ့မရှိပေ။

သို့သော် ချမ်းသာအား ဆွေမျိုးရင်းချာကဲ့သို့ ခင်မင်ရင်းနှီးဟန်ရှိပေ၏။ မူယာသည် ချမ်းသာနှစ်သက်သည်ဆိုသော မိုးကျလက်ဖက်သုပ်ကို ပုဇွန်ခြောက်၊ ဆီချက်နိုင်နိုင်ထည့်၍ မကြာခဏ သုပ်ပေးလေ့ရှိ၏။

ချမ်းသာသည် ညစဉ်ညတိုင်း ခြံထဲသို့ဆင်း၍ သူ၏ဘဝရှေ့ရေးအတွက် စဉ်းစားဆင်ခြင်နေလေ့ရှိ၏။ တိတ်ဆိတ်ငြိမ်သက်သော ညအခါတွင် အကြံအစည်ကောင်းများ ရလေ့ရှိ၏။ တစ်ညသ၌ ချမ်းသာသည် ထိန်ထိန်သာနေသော လမင်းကြီးကို ငေးမောကြည့်ရှု၍ စဉ်းစားဆင်ခြင်နေစဉ် သူ၏အနောက်သို့ သူဇာရောက်လာပြီး

"ချမ်းသာ"

ဟုတီးတိုးခေါ်လေ၏။ ချမ်းသာသည် မမျှော်လင့်ဘဲ သူဇာကို မြင်ရသဖြင့် ထိတ်လန့်သွားပြီး

"သူဇာ ဘာလာလုပ်တာလဲ"

ဟုမေးမြန်းလေ၏။ သူဇာက

"ငါအိပ်မပျော်လို့ ခြံထဲဆင်းလာတာချမ်းသာ၊ ဘာလဲ နင်က ငါလာတာ မကြိုက်ဘူးလား"

ဟုမေးမြန်းလေ၏။ ချမ်းသာက သက်ပြင်းချ၍

"ကြိုက်ပါတယ်၊ ဒါပေမဲ့ ညနက်သန်းခေါင် နင်နဲ့ငါ နှစ်ယောက်ထဲရှိနေတာ သူများတွေမြင်သွားရင် ဘယ်ကောင်းမလဲ၊ နင်ပြန်ပါ သူဇာရယ်"

ဟုတောင်းပန်လေ၏။ သူဇာက အလိုမကျဟန်ဖြင့်

"ခြံထဲမှာ ဘယ်သူမြင်မှာမို့လို့လဲ"

"အဒေါ်နဲ့ မမကြီးမြင်မှာပေါ့"

"မမြင်ပါဘူးဟယ်၊ နင်ကလည်း ကောက်ညှင်းကမစေးဘဲ ဆန်ကြမ်းက စေးနေပြန်ပြီ"

သူဇာက ပေကပ်ကပ်လုပ်နေ၍ ချမ်းသာက စိတ်မရှည်နိုင်တော့ဘဲ

"နင်မပြန်ရင် ငါပြန်မယ်"

"နေပါဦး ချမ်းသာရယ်၊ နင့်ကို ငါမေးစရာရှိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမေးမလို့လဲ"

"နင့်မှာ ချစ်သူရှိလား"

သူဇာ၏ ထူးဆန်းသော အမေးကြောင့် ချမ်းသာသည် ဖြေဆိုရ ခက်သွားလေ၏။ မျက်လုံးထဲတွင် သီတာမျက်နှာကိုပဲမြင်၏။ ထို့ကြောင့်

"ငယ်ငယ်တုန်းကတော့ ငါ့မှာချစ်သူရှိတယ်၊ ငါ့ချစ်သူက အရေးပိုင်ကြီးသမီး၊ သူတို့က သိပ်ချမ်းသာတယ်၊ ငါက သိပ်ဆင်းရဲတယ်၊ နောက်ပြီး ငါက ဘုန်းကြီးကျောင်းသား၊ ဒါကြောင့် ငါ ချမ်းသာအောင်ကြိုးစားနေတာ သူနဲ့ပြန်ဆုံဖို့ပဲ"

"နင့်ဥစ္စာက စိတ်ကူးယဉ်ဆန်လိုက်တာ၊ နင့်ချစ်သူက နင် ချမ်းသာအောင် ဘယ်စောင့်ပါ့မလဲ၊ နင်မချမ်းသာခင် ချမ်းသာတဲ့ ယောကျ်ားနဲ့ ယူသွားမှာပေါ့"

သူဇာ၏စကားကြောင့် ချမ်းသာသည် တွေဝေသွားလေ၏။ သူသည် ထိုအတွေးမျိုးကို တစ်ကြိမ်တစ်ခါမျှ မစဉ်းစားဖူးပေ၊ သီတာက သူ့ကို စောင့်မျှော်နေမည်လား၊ သူ့အား သတိမှရပါလေစ။

"ငါမသိဘူး သူဇာ၊ နင်ပြောသလို ငါတစ်ခါမှ မတွေးဖူးဘူး"

"ချမ်းသာ"

"ဟင်း"

"ငါ့ကို ကြည့်စမ်း၊ နင့်ချစ်သူနဲ့ ငါ ဘယ်သူလှသလဲ"

ချမ်းသာသည် သူဇာ၏ ထူးဆန်းသောအမေးကြောင့် ဖြေဆိုရ ခက်သွားပြန်၏။ သူမတို့နှစ်ယောက်စလုံး တစ်ယောက် တစ်မျိုးစီလှကြ၏။

ထို့ကြောင့် ချမ်းသာက

"နှစ်ယောက်စလုံး လှတယ်၊ ဘယ်သူမှ မသာဘူး"

ချမ်းသာအဖြေကြောင့် သူဇာက ခိုးခိုးခစ်ခစ်ရယ်မောလိုက်၏။

"နင်က ဒီလိုတော့လည်း ဘယ်ဆိုးလို့လဲ၊ မလှဘူးလို့ပြောရင်တော့ ငါစိတ်ဆိုးမှာပဲ၊ သွားမယ်ချမ်းသာ၊ ဂွတ်နိုက်"

ချမ်းသာသည် ကျောခိုင်းထွက်ခွာသွားသော သူဇာ၏ နောက်ကျောကို ကြည့်၍ သက်ပြင်းချလိုက်မိ၏။ နောက်ညများတွင် သူဇာသည် ခြံထဲသို့ဆင်း၍ ချမ်းသာနှင့် စကားပြောလေ့ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com


ချမ်းသာသည် သူမ ရောက်လာသည့်အခါတိုင်း ရင်တုန်ပန်းတုန် ဖြစ်ရ၏။ ချမ်းသာက

"ပြန်ပါတော့သူဇာရယ်၊ ငါတစ်ယောက်တည်း အေးအေးဆေးဆေး နေပါရစေ"

ဟုဆိုလျှင် သူဇာက

"နင် ငါ့ကို ဘာလို့ ဒီလောက်မောင်းထုတ်နေတာလဲ၊ နင် ငါ့ကို မခင်ချင်လို့လား"

"မဟုတ်ပါဘူး သူဇာရယ်၊ အဒေါ်တို့၊ မမကြီးတို့မြင်ရင် တစ်မျိုး မြင်မှာ စိုးလို့ပါ၊ နောက်ပြီး ငါက ငါ့ချစ်သူကို ဘယ်တော့မှ သစ္စာမဖောက်ဘူး၊ သူကလွဲလို့ ဘယ်မိန်းကလေးကိုမှ မချစ်နိုင်ဘူး"

"သေချာရဲ့လား ချမ်းသာရယ်၊ ငါတော့ မယုံပါဘူး၊ နင်နဲ့ငါ စကားပြောရင် နင်အမူအရာပျက်နေတာ ငါ့အပေါ်မှာ မရိုးသားလို့ပေါ့"

"မဟုတ်ပါဘူး သူဇာရယ်၊ ဘုရားပေးပေး၊ ကျမ်းပေးပေး၊ နင့်ကိုငါ မောင်နှမလိုပဲခင်တာပါ၊ နေပါဦး နင်က ဘာသဘောနဲ့ ငါ့ကို ဒီစကားတွေ လာပြောနေရတာလဲ"

"ဘာလဲ နင်က ငါ နင့်ကိုကြိုက်နေတယ် ထင်လို့လား"

"မထင်ပါဘူး သူဇာရယ်"

"ဘာဖြစ်လို့လဲမသိဘူး ချမ်းသာ၊ ငါ နင်နဲ့ စကားပြောရင် ပျော်တယ်၊ ငါ့ကို မောင်းမထုတ်ပါနဲ့နော်"

ထိုညမှစ၍ သူဇာသည် ချမ်းသာနှင့် စကားပြောရန် ညစဉ်ညတိုင်း ခြံထဲသို့ဆင်းလာ၏။ ချမ်းသာသည် သူဇာအား တားမရသည်နှင့် လွှတ်ထား လိုက်လေ၏။တစ်ညသ၌ ချမ်းသာနှင့် သူဇာသည် စကားဖောင်ဖွဲ့၍ ကောင်းနေစဉ် မမျှော်လင့်ဘဲ မူယာရောက်လာပြီးလျှင်

"သူဇာ၊ နင်ဘာလာလုပ်နေတာလဲ၊ မိုက်လှချည်လား သူဇာရယ်"

ဟုညီမဖြစ်သူအား ကြိမ်းမောင်းလေ၏။ မူယာသည် ချမ်းသာနှင့် သူဇာကို အထင်မှားနေပုံရ၏။ သူမသည် ချမ်းသာအား မကျေမချမ်းကြည့်လျက် ညီမဖြစ်သူ၏ လက်ကိုဆွဲကာ အိမ်ပေါ်သို့ တက်သွားလေ၏။

ချမ်းသာသည် စိတ်မကောင်းခြင်းကြီးစွာဖြင့် ကျန်ရစ်ခဲ့လေ၏။


www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့များတွင် မူယာအား အခြေအနေအမှန်ကို ရှင်းပြရန် ကြိုးစားသော်လည်း မူယာက နားမထောင်ခဲ့ပေ။ ထိုကိစ္စကို သူမ၏ မိခင်ကြီးအား တိုင်ကြားခြင်းရှိပုံမရသေးပေ။

နောက်ညများတွင် သူဇာသည် ခြံထဲသို့ ဆင်းမလာတော့ပေ။ ချမ်းသာသည် ထိုအခါမှပင် လွတ်လပ်စွာ စဉ်းစားတွေးခေါ်ခွင့် ရလာလေ၏။

*******

၁ ၆၁ ၈၁ ၉၀ [redacted]

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီးနောက် တစ်လခန့်ကြာသောအခါ သူဇာသည် ဈေးရောင်းဈေးဝယ် မလုပ်တော့ဘဲ အိမ်တွင်းပုန်းလုပ်၍သာနေ၏။ သူဇာ့မိခင်ကြီးနှင့် အစ်မဖြစ်သူ၏ မျက်နှာမှာလည်း သိသာစွာပျက်ယွင်းနေလေ၏။ သူမတို့ မိသားစုတွင် ပြဿနာတစ်ရပ်ရှိနေပုံ ရ၏။ ချမ်းသာသည် ဖွင့်မေးရန် မသင့်တော်ဟုယူဆသဖြင့် မမေးဘဲနေ၏။

အဒေါ်ကြီးနှင့် မူယာသည် သူ့အားအလိုမကျသော အမူအရာရှိသည်ဟု ထင်မြင်မိလေ၏။ တစ်နေ့သ၌ အဒေါ်ကြီးက ချမ်းသာအား

"ဒီနေ့ည ဆိုင်သိမ်းပြီးရင် မင်းနဲ့ငါ စကားပြောစရာရှိတယ်၊ အိမ်ကိုလာခဲ့ပါ"

ဟုမျက်နှာမသာမယာနှင့် မှာကြားလေ၏။ ချမ်းသာသည် ဘုမသိဘမသိဖြင့် ခေါင်းညိတ်လိုက်လေ၏။ ဤကိစ္စသည် သူဇာနှင့် ပတ်သက်နေမည်ဟု ထင်မြင်မိ၏။ သူသည် သတင်းစာပို့ပြီးသောအခါ မူယာနှင့်အတူ ဆိုင်သိမ်းပြီးနောက် အိမ်ထဲသို့လာခဲ့၏။ ဧည့်ခန်းထဲတွင် သူဇာ့အမေကြီးက အသင့်စောင့်ကြိုနေလေ၏။ ချမ်းသာသည် သူမရှေ့ရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။ ခဏကြာလျှင် မူယာရောက်လာ၏။ အဒေါ်ကြီးက ချောင်းဟန့်၍

"ဖြစ်ပြီးတာတွေကို ငါဘာမှ အပြစ်မပြောချင်တော့ဘူး၊ မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



လူငယ်တွေဟာ အတော်မိုက်တာပဲ။ စဉ်းစားဆင်ခြင်ဉာဏ်လည်း မရှိကြဘူး။ အစတုန်းက မင်းကိုငါ အတော်အထင်ကြီးခဲ့တယ်၊ ခုတော့ အလကားပဲ"

ဟုဆိုလိုက်ရာ ချမ်းသာသည် အူကြောင်ကြောင် ဖြစ်သွားလေ၏။ အဒေါ်ကြီးကဆက်လက်၍

"ငါတို့က မိန်းကလေးရှင်ဆိုတော့ မျက်နှာပူပူနဲ့ ပြောရမှာပဲ၊ မိန်းကလေးဆိုတာ ဆူးပေါ်ဖက်ကျလည်း ဖက်ပဲပေါက်မှာပဲ၊ ဖက်ပေါ်ဆူးကျလည်း ဖက်ပဲပေါက်တဲ့ ဘဝမဟုတ်လား၊ ဒီတော့ ရှေ့ဆက်ပြီး မင်းတာဝန်မင်း ယူဖို့ ကြိုးစားပေတော့"

ဟုဆိုပြန်လေရာ ချမ်းသာသည် နားမရှင်းသည်နှင့်

"အဒေါ်ကြီးပြောတာ ကျွန်တော် နားမလည်ဘူး။ အဒေါ်ကြီး ဘာကို ဆိုတာလဲ"

ဟုမေးမြန်းလေ၏။ ချမ်းသာ၏အမေးကြောင့် အဒေါ်ကြီး၏ မျက်နှာ တင်းမာသွားပြီး

"မင်း မသိချင်ယောင်ဆောင်နေတာလား၊ သိရက်နဲ့ တမင်မေးနေ တာလား၊ ရှေ့မှာ ငါ့သမီးပျိုတစ်ယောက်ရှိလို့ ရိုင်းရိုင်းမပြောချင်လို့နေတာ၊ မင်းက ရိုင်းရိုင်းပြောမှ သိမယ့်ကောင်ဆိုတော့ ရိုင်းရိုင်းပဲ ပြောရတော့မှာပေါ့၊ အခု သူ့ဇာမှာကိုယ်ဝန်ရှိနေပြီ၊ အဲဒီ ပြဿနာကို မင်းဘယ်လိုရှင်းမလဲ"

ဟုလေသံမာမာဖြင့် ပြောလေ၏။ ချမ်းသာသည် သူ၏နားကိုပင် သူမယုံနိုင်ဖြစ်သွားပြီး

"ဟင်၊ သူ့ဇာမှာ ကိုယ်ဝန်ရှိနေပြီဟုတ်လား၊ ဘယ်သူနဲ့ ရတဲ့ ကိုယ်ဝန်လဲ"

ဟုတအံ့တသြ မေးမြန်းလေ၏။ အဒေါ်ကြီးက ချမ်းသာ၏ အမေးကြောင့် လွန်စွာဒေါသထွက်သွားပြီး

"ဘယ်သူနဲ့ရရမှာလဲ၊ မင်းနဲ့ရတဲ့ ကိုယ်ဝန်ပေါ့၊ ငါ့သမီးက မင်းက လွဲပြီး သူစိမ်းယောကျ်ားတွေနဲ့ ဘယ်တုန်းက တွဲဖူးလို့လဲ"

ဟုကြိမ်းမောင်းလေ၏။ ချမ်းသာသည် ခေါင်းတစ်ခုလုံးထူပူသွားပြီး

"ဟာ ကျွန်တော်နဲ့ မဟုတ်ဘူး၊ ကျွန်တော်နဲ့သူ့ဇာက ရိုးရိုးတန်းတန်း မောင်နှမလိုခင်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု အကြောက်အကန် ငြင်းဆိုလေရာ မှူယာကဝင်၍

"ချမ်းသာ နင်ယောကျ်ားမဟုတ်ဘူးလား။ ဘာအခုမှ မုန်လာဥလုပ်ချင်တာလဲ၊ နင်နဲ့သူဇာ ညအချိန်မတော် ငါတို့မသိအောင် ခိုးတွေ့နေတာ ဘာသဘောလဲ"

ဟုမေးမြန်းလေ၏။ ချမ်းသာက ခေါင်းကုတ်၍

"ဘာသဘောမှ မဟုတ်ဘူး၊ သူ့ဘာသာစကားပြောချင်လို့ ဆင်းလာတာ၊ ကျွန်တော်တို့က ရိုးရိုးသားသားခင်တာ"

ဟုငြင်းဆန်လေ၏။ အဒေါ်ကြီးက တစ်ဖန်

"ချမ်းသာ၊ ငါ့သမီးမှာ ဘာအပြစ်ရှိလို့ ငြင်းနေတာလဲ၊ နင် ယောကျ်ားဖြစ်ပြီး ကိုယ့်တာဝန်ကိုယ်မယူချင်ဘူး၊ ငါ့သမီးလေးဟာ နင်နဲ့သာမဖြစ်ရင် ကြိုက်တဲ့သူကို ခေါင်းခေါက်ယူလို့ရတယ်"

ဟုကြိမ်းမောင်းပြန်လေရာ ချမ်းသာသည် စိတ်မရှည်နိုင်တော့ဘဲ

"ဒီမှာ အဒေါ်ကြီး ကိုယ့်သမီး ကိုယ်ပြန်ပြီး ဘယ်သူနဲ့ဖြစ်သလဲဆိုတာ မေးကြည့်ပါဦး၊ ကျွန်တော်ယောကျ်ားပါ၊ ကျွန်တော်နဲ့ဖြစ်ခဲ့ရင် ကျွန်တော်တာဝန် မယူစရာအကြောင်းမရှိဘူး"

ဟုပြောဆိုလေ၏။ အဒေါ်ကြီးက

"ဒီကောင်မကို မေးလို့မရလို့ခက်နေတာပေါ့၊ ဒါပေမဲ့ ငါတို့က နင်နဲ့ဖြစ်တယ်ဆိုတာ ရိပ်မိတယ်ဟဲ့၊ ဒါကြောင့် နင့်တာဝန် နင်ယူလို့ပြောတာ"

ဟု ဒေါသကြီးစွာဖြင့် ပြောဆိုပြန်၏။ ချမ်းသာသည် အဒေါ်ကြီး၏ စကားကြောင့် တွေဝေသွားလေ၏။ သူဇာ့ကို မည်သူစော်ကားသွားလေသည် မသိ။ သူသည် သူဇာအား ညီမလေးတစ်ယောက်ကဲ့သို့ ချစ်ခင်၏။ သူဇာ့ပြဿနာအား ကူညီဖြေရှင်းပေးချင်လှ၏။ သူဇာနှင့်တွေ့ဆုံ၍ မေးမြန်းကြည့်ဦးမည်ဟု ဆုံးဖြတ်လိုက်၏။ ထို့ကြောင့်

"ကျွန်တော် သူဇာနဲ့ တွေ့ပါရစေ၊ သူဇာဘယ်မှာလဲ"

ဟုမေးမြန်းလေရာ အဒေါ်ကြီးက မျက်နှာမဲ့၍

"အိမ်နောက်ဘက်မှာ ရှိတယ်"

ဟုပြောလေ၏။ ချမ်းသာသည် သူဇာရှိရာ စံပယ်ရုံကလေးအနီးသို့ လျှောက်ခဲ့၏။ သူဇာသည် စံပယ်ရုံနဘေးရှိ ခုံတန်းလျားကလေးတွင် ထိုင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com


ချမ်းသာက

"သူဇာရယ်၊ နှမ်း ဘယ်လိုဖြစ်တာလဲ၊ ငါ့ကိုပြောပါဦး၊ နင်နဲ့ငါ့ကို လူကြီးတွေက အထင်မှားကုန်ပြီ"

ဟုပြောလေရာ သူဇာက ခေါင်းကိုခါယမ်း၍

"ငါ့ကို ဘာမှလာမမေးနဲ့ချမ်းသာ၊ ငါမဖြေချင်ဘူး"

ဟုပြောလေ၏။ ချမ်းသာက

"မဟုတ်ဘူးသူဇာ၊ နင့်ကို ငါကူညီချင်လို့ မေးတာပါ၊ နင့်ကို စော်ကားသွားတဲ့ကောင် ဘယ်သူလဲ"

ဟုမေးပြန်၏။

"ငါ့ထိုက်နဲ့ငါပဲ ရှိပါစေတော့ချမ်းသာ၊ ငါ့ကို ဒီကိစ္စတွေလာ မမေးနဲ့ဟာ"

မမေးလို့မဖြစ်ဘူးသူဇာ၊ ဒီအတိုင်းဆို နင့်ကိုငါ ယူရလိမ့်မယ်၊ ငါ့မှာ ချစ်သူရှိတယ်၊ ငါချစ်သူကလွဲရင် ငါဘယ်သူ့ကိုမှ မယူနိုင်ဘူး"

"မယူနိုင်ရင်လည်း မယူဘူးငြင်းလိုက်ပေါ့ဟာ၊ ငါ့ကို နင်ဘာမှ လာမမေးနဲ့၊ နင် လေကုန်ရုံပဲ ရှိမှာပဲ"

"နင်မပြောချင်နေ သူဇာ၊ နင့်ကို စော်ကားသွားတဲ့ကောင်ကို ငါဘာသာ ရအောင်စုံစမ်းမယ်၊ ပြီးရင် သူ့တာဝန် သူယူခိုင်းမယ်"

ချမ်းသာသည် သူဇာအားနောက်ဆုံးစကားပြော၍ ထိုနေရာမှ ချာခနဲ လှည့်ထွက်ခဲ့၏။ သူဇာကို စော်ကားသွားသူအား မရရအောင်ရှာဖွေရပေမည်။ ချမ်းသာသည် သူဇာ့မိခင်ကြီးထံသို့ သွားရောက်၍

"သူဇာ့ပြဿနာအတွက် ဘာမှမပူပါနဲ့အဒေါ်၊ ကျွန်တော် ဒီပြဿနာ ကို မရရအောင် ဖြေရှင်းပေးပါ့မယ်"

ဟုကတိပေးလိုက်လေရာ အဒေါ်ကြီးသည် ကျေနပ်သွားလေ၏။ သူမသည် ချမ်းသာအား အထင်လွဲနေဆဲဖြစ်ပုံရ၏။

"အစကတည်းက ဝန်ခံလိုက်ရင် ပြီးရောပေါ့ချမ်းသာရယ်၊ နင့်ကို ငါတို့က သဘောတူပါတယ်"

ဟုပြောလေ၏။ ချမ်းသာသည် အဒေါ်ကြီးအား ရှင်းပြရန် မကြိုးစား တော့ပေ။

*******


www.burmeseclassic.com

www.burmeseclassic.com



သူသည် ထိုညတစ်ညလုံး အိပ်မပျော်ဘဲ သူဇာ့ပြဿနာကိုသာ စဉ်းစားနေမိ၏။ သူဇာနှင့် ရင်းနှီးကျွမ်းဝင်သော ယောကျ်ားကလေး မိတ်ဆွေမရှိ။

သူမသည် မည်သူနှင့် ငြိစွန်းလေသည်မသိ။ သူဇာ သွားလေ့ရှိသော နေရာမှာ မြို့စွန်က သူငယ်ချင်းတစ်ဦး၏ အိမ်ဖြစ်၏။ ထိုသူငယ်ချင်း အိမ်တွင်လည်း ယောကျ်ားသားမရှိ။ ညီအစ်မသုံးယောက်ရှိသော အိမ်ဖြစ်၏။

မည်သို့ပင်ဖြစ်စေ ထိုအိမ်သို့ သွားရောက်၍ စုံစမ်းမည်ဟု ဆုံးဖြတ်လိုက်၏။ ချမ်းသာသည် နောက်တစ်နေ့နံနက်သို့ ရောက်သောအခါ မြို့စွန်အိမ်သို့ မယောင်မလည်ရောက်ခဲ့လေ၏။

သူဇာသူငယ်ချင်းညီအစ်မများသည် ချမ်းသာအား ကောင်းမွန်စွာ ဧည့်ခံ၍ အလည်မရောက်သည်မှာကြာပြီဖြစ်သော သူဇာအားမေးမြန်းလေ၏။ ချမ်းသာက သူဇာနေထိုင်မကောင်းဖြစ်နေ၍ မလာနိုင်ကြောင်း ကြည့်ကောင်းအောင် ဖြေရလေ၏။ သူသည် ညီအစ်မများနှင့် ရောက်တတ်ရာရာ စကားများကို ပြောဆိုရင်း တစ်ဖက်ခြံသို့ အကြည့်ရောက်သွားသောအခါ အိမ်တံခါးများ



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ထားကြောင်း တွေ့ရလေ၏။ ထိုအိမ်တွင် ယောကျ်ားသားရှိလေမလားမသိ။ ထိုအိမ်တွင် နေထိုင်သူအားမေးမြန်းကြည့်သောအခါ

"စိုက်ပျိုးရေးရုံးက စာရေးကလေး ကိုမောင်မောင်တင် နေသွားတဲ့အိမ်ပေါ့၊ အခုတော့ ကိုမောင်မောင်တင်က မင်းကြီးရဲ့ တောလိုက်စာရေး ရာထူးရလို့ ဒီအိမ်ကို အိမ်ရှင်လက်ကို ပြန်အပ်သွားပြီ"

ဟုဖြေလေရာ ချမ်းသာက သူမတို့ ညီအစ်မများနှင့် ခင်မင်ရင်းနှီးခြင်း ရှိမရှိ စပ်စုကြည့်လေ၏။

"ကိုမောင်မောင်တင်က အပြောကောင်း၊ သဘောကောင်းတဲ့သူဟဲ့၊ တို့ညီအစ်မတွေနဲ့ ခင်တာပေါ့၊ စန္ဒယားလည်းအတီးကောင်းတယ်၊ သူ့စာ တောင် ကိုမောင်မောင်တင်ဆီမှာ စန္ဒယား အတီးသင်ခဲ့သေးတာပဲ"

ဟုပြောလေ၏။ ချမ်းသာသည် သူ့စာနှင့်တိတ်တခိုး ရင်းနှီး ကျွမ်းဝင်နေသူ လူယုတ်မာအား ရိပ်စားမိသွားချေပြီ။ ထို့ကြောင့် စိတ်အားတက်ကြွစွာဖြင့်

"အဲဒီ ကိုမောင်မောင်တင် ဆိုတဲ့သူ ဘယ်ရောက်သွားလဲ"

ဟုမေးမြန်းလေရာ သူမက

"ပျဉ်းမနားမြို့က စိုက်ပျိုးရေးမင်းကြီးရုံးကို ရောက်နေတယ်"

ဟုဖြေလေ၏။ ချမ်းသာသည် မောင်မောင်တင်ဆိုသူ၏သဲလွန်စကို ရပြီဖြစ်သဖြင့် ညီအစ်မများကို နှုတ်ဆက်၍ပြန်ခဲ့လေ၏။

သူသည် နောက်တစ်နေ့ နေ့လယ်တွင် ဆိုင်မှခွင့်ယူ၍ ပျဉ်းမနား မြို့သို့ ခရီးထွက်ခဲ့၏။ ပျဉ်းမနားမြို့သို့ရောက်သောအခါ စိုက်ပျိုးရေး ရုံးသို့သွား၍ မောင်မောင်တင်ကို စုံစမ်းရာ စာရေးတစ်ဦးက

"မောင်မောင်တင်ကို တွေ့ချင်ရင် မြို့စွန်က ဖိုးဝ စားသောက်ဆိုင်မှာ ရှိတယ်"

ဟုဖြေလေ၏။ ထိုဆိုင်သို့ရောက်သောအခါ စားပွဲတစ်လုံးတွင် အရက်သောက်နေသော မောင်မောင်တင်ကို မြင်လေ၏။ မောင်မောင်တင် သည် ဘန်ကောက်လုံချည်၊ ပေတင်းရှူးဖိနပ်၊ အယ်လ်ပတ်ကား တိုက်ပုံ အကျီတို့ကို အကျအနဝတ်ဆင်ထားပြီး အတော်ပင် ဟန်ကြီးပန်ကြီးနိုင်မည့် ပုံစံမျိုးရှိလေ၏။ ချမ်းသာက မောင်မောင်တင် ရှေ့တွင် ဝင်ထိုင်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်တင်က

"ကိုယ့်လူက ခွင့်မတောင်းဘဲ ဘာကိစ္စဝင်ထိုင်တာလဲ"

ဟုလေသံမာမာဖြင့် မေးမြန်းလေရာ ချမ်းသာက သက်ပြင်းချ၍

"ကျုပ်ရှင်းရှင်းပဲပြောမယ်၊ ကျုပ်က သူဇာကိစ္စနဲ့လာခဲ့တာပါ၊ အခု သူဇာ့မှာ မပေါ့မပါးဖြစ်နေပြီ၊ အဲဒါ ကိုမောင်မောင်တင် ကိုယ့်တာဝန်ကိုယ်ယူဖို့ ကောင်းပါတယ်"

ဟုပြောလေ၏။ မောင်မောင်တင်သည် ချမ်းသာ၏ စကားကြောင့် မျက်နှာကွက်ခနဲပျက်သွားပြီး

"ကျုပ်နဲ့သူဇာ ဘာဆိုင်လို့လဲဗျ"

ဟုငြင်းဆန်ရန် ကြိုးစားလေရာ ချမ်းသာက မှုသားသုံး၍

"ဒီကိစ္စတွေကို သူဇာက အားလုံးဖွင့်ပြောပြီးပါပြီ၊ ခင်ဗျား ငြင်းဖို့မကြိုးစားပါနဲ့တော့၊ သူဇာဟာ ခင်ဗျားကလွဲပြီး ဘယ်ယောကျ်ားနဲ့မှ ရင်းနှီးကျွမ်းဝင်တဲ့သူမဟုတ်ပါဘူး"

ဟုပြောလေ၏။ ယောကျ်ားမပီသသော မောင်မောင်တင်က

"အို....ဘာပဲဖြစ်ဖြစ်၊ ကျုပ်ဘယ်မိန်းမကိုမှ မယူချင်သေးဘူး၊ လူပျိုဘဝနဲ့ပဲ လွတ်လွတ်လပ်လပ်နေချင်သေးတယ်"

"ကိုမောင်မောင်တင် ...... ခင်ဗျား နှမချင်းစာနာဖို့ ကောင်းပါတယ်ဗျာ"

"ဒီမှာ ကိုယ့်လူ.... ကျုပ်ရှင်းရှင်းပဲပြောမယ်၊ ဒီအချိန်မှာ ကျုပ်ဘယ်မိန်းမကိုမှ မယူနိုင်ဘူး၊ ကျုပ်က မင်းကြီးရဲ့ တောလိုက် စာရေးဖြစ်နေပြီ၊ ရှေ့ဆက်ပြီး တက်လမ်းတွေ အများကြီးရှိသေးတယ်၊ ဒီတော့ သူဇာကိုပြောလိုက်၊ အဲဒီကိုယ်ဝန်ကို ဖျက်ချလိုက်၊ ကျသလောက်ငွေ ကျုပ်ပေးမယ်"

ချမ်းသာသည် မောင်မောင်တင်၏စကားကို နားထောင်၍ စိတ်မထိန်းနိုင်တော့ဘဲ ထိုင်ရာမှ လျှင်မြန်စွာထ၍ မောင်မောင်တင်၏မျက်နှာကို လက်သီးဖြင့် ထိုးလိုက်ရာ မောင်မောင်တင်သည် ပက်လက်လန်လဲတော့၏။ ဆိုင်ထဲတွင် စားသောက်နေသူ အပေါင်းလည်း ရုတ်ရုတ်သဲသဲ ဖြစ်သွားလေ၏။ ချမ်းသာသည် ထိုမျှနှင့်မကျေနပ်နိုင်သေးဘဲ မောင်မောင်တင်၏ရင်ဘတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ခြေနှင့်နင်း၍

"နှမချင်းမစာနာတဲ့ တကျော့ရှုးကောင်၊ မင်း သူဇာကို ယူကိုယူရမယ်၊ ငါ မရရအောင်လုပ်ပြမယ်၊ ဆုကြီးပန်ချမ်းသာတဲ့ ဘာမှတ်သလဲ"

ဟုကြုံးဝါးကာ ဆိုင်ထဲမှ ထွက်ခဲ့လေတော့၏။

*******



www.burmeseclassic.com

www.burmeseclassic.com



သူသည် မောင်မောင်တင်ထံမှ ထွက်ခွာလာသောအခါ ညမှောင်ရီသန်းစပြု၍ပင် နေလေပြီ။ တစ်ခါက မျက်နှာဖြူစိုက်ပျိုးရေးမင်းကြီး၏ မြေးမလေးအား မီးရထားဘူတာတွင် အသက်ဘေးမှ ကယ်တင်ပေးခဲ့ဖူးကြောင်း အမှတ်ရလေ၏။ မင်းကြီးသည် ပျဉ်းမနားတွင်နေထိုင်ကြောင်း သတိရ၏။

ထိုစိုက်ပျိုးရေးမင်းကြီးသည် မောင်မောင်တင်ဆိုသူ၏ မင်းကြီးပင် ဖြစ်တန်ရာ၏။ မင်းကြီးအား သူ့ဇာတ်စွကို ဖွင့်ပြော၍ အကူအညီတောင်းလျှင် ရနိုင်ပေမည်။

ချမ်းသာသည် မင်းကြီးနေအိမ်ကို စုံစမ်းပြီး ရှာဖွေလေရာမြို့တစ်နေရာရှိ လွန်စွာကြီးမားသော ခြံဝင်းကျယ်ကြီးသို့ ရောက်လေ၏။ မင်းကြီး၏ ခြံစောင့်ကုလားက ချမ်းသာအား ဝင်ခွင့်မပေးလေရာ ချမ်းသာက

"ဒီမှာကိုယ့်လူ...သခင်အားရ ကျွန်ပါးဝမလုပ်နဲ့၊ ကျုပ်က မင်းကြီးရဲ့ ကျေးဇူးရှင်၊ ခြံစောင့်အလုပ်က ပြုတ်သွားချင်သလား ဘာမှတ်သလဲ၊ မင်းကြီးကိုပြောလိုက် ဆုကြီးပန်ချမ်းသာ ရောက်နေတယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ ခြံစောင့်ကုလားလည်း မကျေမချမ်းနှင့် စံအိမ်ကြီးထဲသို့ ဝင်သွားလေ၏။ ခဏအကြာတွင် ခြံဝင်းကြီးတစ်ခုလုံး မီးများလင်းထိန်သွားပြီး ခြံစောင့်ကုလားသည် တံခါးကို အပြေးအလွှားဖွင့်လေ၏။ မျက်နှာဖြူမင်းကြီးသည် ချမ်းသာအား အိမ်တံခါးဝမှ ထွက်ကြို၍

"ဆုကြီးပန်ချမ်းသာ ကျုပ်ဆီကို လာလည်တာ အလွန်ဝမ်းသာပါတယ်"

ဟုနှုတ်ခွန်းဆက်လေ၏။ ထို့နောက် အိမ်ကြီး၏ဧည့်ခန်းထဲသို့ ခေါ်ဆောင်သွားပြီး စားသောက်ဖွယ်ရာများနှင့် ဧည့်ခံလေ၏။ မင်းကြီးက

"ဆုကြီးပန်ချမ်းသာ... ကျုပ်မြေးလေးရဲ့ အသက်ကို ကယ်တင်ပေးခဲ့တာကို အလွန်ကျေးဇူးတင်ပါတယ်၊ အခု မြေးလေး ဘိလပ်ကို ပြန်သွားပြီ၊ လူကလေး ဒီကိုဘာကိစ္စနဲ့ ရောက်လာတာလဲ"

ဟုမေးမြန်းလေ၏။ ချမ်းသာက မောင်မောင်တင်နှင့် သူ့ဇာတ်အကြောင်းကို ခရေစေ့တွင်းကျ ပြောဆိုလိုက်ရာ မင်းကြီးသည် သေချာစွာနားထောင်၍

"မောင်မောင်တင် အလွန်ဆိုးတာပဲ၊ ဒီလိုစိတ်ဓာတ်မျိုးကို ကျုပ်မကြိုက်ဘူး၊ သူ့ကို အရေးယူပေးရမလား"

ဟုမေးလေ၏။ ချမ်းသာက ခေါင်းခါ၍

"ဒီလိုတော့ မလုပ်ပါနဲ့မင်းကြီး၊ ကျွန်တော်တို့ မြန်မာ့လူ့ဘောင်မှာ မိန်းမပျိုတစ်ယောက်ဟာ ဒီလိုကိစ္စမျိုးကြုံလာရင် အလွန်ရှက်စရာကောင်းပါတယ်၊ ဒါကြောင့် သူ့တာဝန်ကို သူယူပေးဖို့ပါပဲ"

ဟုပြောလေရာ မင်းကြီးက ခေါင်းညိတ်၍

"ကျွန်ုပ်နားလည်ပြီ လူကလေး... မနက်ဖြန်မနက် ရုံးကိုလာခဲ့ပါ။ အားလုံးပြေလည် သွားရစေမယ်"

ဟုကတိပေးလေ၏။ ချမ်းသာသည် မင်းကြီးအတန်တန် ဖိတ်ခေါ်သည့်ကြားမှ သူ့အိမ်တွင်မတည်းဘဲ ဘုန်းကြီးကျောင်း တစ်ကျောင်းတွင် ခွင့်တောင်း၍ တည်းခိုခဲ့လေ၏။ နောက်တစ်နေ့ မင်းကြီးရုံးခန်းသို့ ရောက်သောအခါ ရုံးခန်းထဲတွင် မျက်နှာငယ်လေးနှင့် ရပ်နေသော မောင်မောင်တင်ကို တွေ့ရလေ၏။ မောင်မောင်တင်က ချမ်းသာကိုမြင်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို့ကိုခွင့်လွှတ်ပါ ညီလေးရယ်၊ အစ်ကို့အပြစ်တွေကို အစ်ကိုသိပါပြီ၊ အစ်ကို သူ့ဇာကို လက်ထပ်ယူပါမယ်"

ဟုတောင်းပန်လေ၏။ ချမ်းသာကမျက်နှာထားတင်းတင်းဖြင့်

"ခင်ဗျား အတည်ပြောတာနော်"

ဟု မေးမြန်းလေရာ မောင်မောင်တင်က ခေါင်းတဆတ် ဆတ်ညိတ်၍

"သခင်ကြီးရှေ့မှာ မလိမ်ဝံ့ပါဘူးညီလေးရယ်... သခင်ကြီးက ကျုပ်ကို ဆုံးမပြီးပါပြီ၊ သူ့ဇာကိုမယူရင် အလုပ်ကထုတ်ပစ်မယ်၊ အရေးလည်း ယူမယ်တဲ့"

ဟုရိုကျိုးစွာပြောလေ၏။ မောင်မောင်တင်သည် မင်းကြီးကို အလွန်ကြောက်ပုံရ၏။ သူ၏စရိုက်လက္ခဏာမှာ အထက်ကို ဖားပြီး အောက်ကို ဖိတတ်သော လူညံ့လူဖျင်းစရိုက်ရှိပုံရသည်။ မင်းကြီးကဝင်၍

"မောင်းမင်းရဲ့စိတ်ကိုပြင်ပါ... ဒီလိုအောက်တန်းကျတဲ့ စိတ်ဓာတ်မျိုး ကျွန်ုပ်လုံးဝမကြိုက်ဘူး၊ မောင်မင်းကို ခွင့်တစ်လပေးလိုက်မယ်၊ ဆုကြီးပန် ချမ်းသာနဲ့လိုက်သွားပါ"

ဟုအမိန့်ပေးလေ၏။ မောင်မောင်တင်လည်းမင်းကြီးကို ဦးညွှတ်၍ မိန်းကလေးကို လက်ထပ်ယူမည့်အကြောင်း ကတိပေးလေ၏။ ချမ်းသာက မင်းကြီးအား

"ကျွန်ုပ်ကိစ္စကို ကူညီပေးတာ ကျေးဇူးတင်ပါတယ်"

ဟုဆိုလိုက်ရာ မင်းကြီးက

"ဆုကြီးပန်ချမ်းသာ... ကျုပ်မြေးလေးရဲ့ အသက်ကို ကယ်တာ ထက်စာရင် ဒါဟာအသေးအဖွဲ့ပါ၊ နောက်လည်းအကူအညီလိုအပ်တဲ့အခါ ကျွန်ုပ်ဆီကိုလာပါ၊ လူကလေးအတွက် တံခါးဖွင့်ထားပါတယ်"

ဟုပြောလေ၏။

*******



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ချမ်းသာသည် မောင်မောင်တင်ကိုခေါ်၍ မြို့သို့ပြန်ခဲ့လေ၏။ အိမ်သို့ရောက်သောအခါ အဒေါ်ကြီးက

"ဩော်... ချမ်းသာ နင်ပြန်လာသေးသကိုး၊ ငါတို့က နင်ထွက်ပြေးပြီမှတ်တာ"

ဟုဆီးကြိုအပြစ်တင်လေရာ ချမ်းသာ၏ ရင်ထဲတွင် အောင့်ခနဲဖြစ်သွားလေ၏။ မူယာက မောင်မောင်တင်ကိုကြည့်၍

"သူကဘယ်သူတုံ့"

ဟုမေးမြန်းလေ၏။ ချမ်းသာက သက်ပြင်းချ၍

"သူဘယ်သူလဲဆိုတာသိချင်ရင်... သူ့ဇာကိုသာ ခေါ်မေးပေတော့"

ဟုပြောလေ၏။ သူဇာရောက်လာသောအခါ မောင်မောင်တင်ကိုကြည့်၍ လွန်စွာအံ့ဩသွားလေ၏။ ချမ်းသာက

"သူ့နံမည် မောင်မောင်တင်လို့ခေါ်တယ်၊ စိုက်ပျိုးရေးမင်းကြီးရဲ့ စာရေး အလုပ်ကိုလုပ်တယ်၊ သူက သူဇာရဲ့ချစ်သူပဲ"

ဟုဆိုလိုက်ရာ အဒေါ်ကြီးနှင့် မူယာသည် ပါးစပ်အဟောင်းသား



www.burmeseclassic.com

www.burmeseclassic.com


ဖြစ်သွားလေ၏။ ချမ်းသာက ဇာတ်လမ်းအစမှအဆုံး ပြန်လည်ပြောဆိုတော့၏။ ချမ်းသာ၏ စကားအဆုံးတွင် မောင်မောင်တင်က

"ကျွန်တော့်ကို ခွင့်လွှတ်ပါခင်ဗျာ... ကျွန်တော်ဟာ သူများသားပျို သမီးပျိုကိုစော်ကားပြီး ယုတ်မာတဲ့ အမှုကိုပြုမိပါတယ်၊ အခု ကျွန်တော့် အပြစ်တွေကို မြင်လို့ပြန်လာတာပါ၊ သူ့ဇာ့ကို လက်ထပ်ယူပါတော့မယ်"

ဟုအနူးအညွတ်တောင်းပန်လေရာ အဒေါ်ကြီးမိသားစုသည် ကျေနပ် သွားလေ၏။ ချမ်းသာသည် သူတို့အားလုံးကိုကျောခိုင်း၍ သူနေထိုင်ရာ ဆိုင်ကလေး၏ နောက်ခန်းသို့ပြန်ခဲ့၏။ ဤအရပ်မှ ထွက်ခွာရန်လည်း ဆုံးဖြတ် လိုက်၏။

သတင်းစာရောင်းရင်း ငွေအမြောက်အမြား စုဆောင်းမိနေ၏။ ဤမြို့တွင်ဆက်လက်နေထိုင်၍ ကြီးပွားချမ်းသာမည့်လမ်းစ မမြင်ပေ။ သူ့ဘဝတိုးတက်ရေးအတွက် ခရီးဆက်ရပေဦးမည်။ ချမ်းသာက မြို့မှ ထွက်ခွာတော့မည့်အကြောင်းပြောဆိုလေရာ အဒေါ်ကြီးက

"တို့မိသားစုကို မကျေနပ်လို့ မြို့ကထွက်တာလား ချမ်းသာရယ်၊ မင်းကိုအထင်မှားပြီး ပြောမိတာ ခွင့်လွှတ်ပါကွယ်"

ဟုတောင်းပန်လေ၏။ ချမ်းသာက ကပျာကယာ ခေါင်းခါ၍

"မဟုတ်ပါဘူး အဒေါ်ရယ်... ကျွန်တော့်နားလည်ပါတယ်၊ ကျွန်တော်စိတ်မဆိုးပါဘူး၊ အဒေါ်ကြီးတို့က ကျွန်တော်ကျေးဇူးရှင်တွေပဲ၊ မြို့ကထွက်တာက ကြီးပွားချမ်းသာချင်တဲ့ ကျွန်တော့်အတွက် ဒီမြို့မှာ လုပ်စရာမရှိတော့လို့ပါ"

ဟုပြောလေ၏။ ချမ်းသာ အထုပ်အပိုးပြင်နေစဉ် သူ့ဇာရောက်လာပြီး

"ချမ်းသာ နင့်ကို ငါ ကျေးဇူးတင်ပါတယ်၊ နင် ငါ့မင်္ဂလာဆောင်ပြီးမှ သွားပါလားဟယ်"

ဟုတီးတိုးပြောလေ၏။ ချမ်းသာက သက်ပြင်းချ၍

"နင့်မင်္ဂလာဆောင်မှာ ကူလုပ်ပေးဖို့ လူမရှိလို့လား"

ဟုမေးမြန်းလေ၏။ သူမက

"မဟုတ်ပါဘူးဟယ်၊ နင်ရှိနေစေချင်လို့ပါ"

"ငါမလိုအပ်တော့ဘူးလေ ကိုမောင်မောင်တင်ရှိနေပြီပဲ"


www.burmeseclassic.com

www.burmeseclassic.com



"ချမ်းသာ"

"ဟင်"

"နင်၊ ငါ့ကို နားလည်ပါတယ်နော်"

"နားလည်ပါတယ်သူဇာရယ်၊ ပြီးခဲ့တာတွေပြန်မပြောပါနဲ့"

ချမ်းသာသည် နောက်တစ်နေ့မှစ၍ မြို့ကလေးမှ ထွက်ခဲ့လေ၏။ မြို့ကမထွက်မီ သတင်းစာရေးသော ဂျူးကြီးနှင့် မိတ်ဆွေများကို လိုက်လံနှုတ်ဆက်ခဲ့သေး၏။ ဘုန်းကြီးကျောင်းမှထွက်ခဲ့သည်မှာ သုံးနှစ်တင်းတင်းပြည့်ခဲ့လေပြီ။ သူဌေးဖြစ်အောင် ကြိုးစားရပေဦးမည်။ သူဌေးကြီးဖြစ်သော တစ်နေ့တွင် သီတာနှင့် ပြန်လည်ဆုံတွေ့ရပေမည်။သီတာလည်း သူ့ကို သတိရနေမည်လားမသိ...။

ချမ်းသာသည် မြန်မာပြည်အနှံ့ လှည့်လည်၍ ကောင်းနိုးရာရာအလုပ်များကို ကြိုးစားပမ်းစားလုပ်ကိုင်ခဲ့လေ၏။ သူသည်အခါမလပ် မိမိအလုပ်ကိုဆင်ခြင်ကြည့်ခြင်း၊ မိမိကိုယ်မိမိ မေးခွန်းလေးခုကို အမြဲမေး၍ တိုးတက်အောင် ကြိုးစားပမ်းစား လုပ်ကိုင်ခြင်းတို့ကြောင့် တဖြည်းဖြည်း ငွေကြေးဥစ္စာများကို စုဆောင်းမိလာ၏။ သူသည် အလုပ်မျိုးစုံကို လုပ်ကိုင်၍ ဝင်ငွေရှာခဲ့လေ၏။

*******



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ချမ်းသာသည် အင်းစိန်တစ်ဖက်ကမ်း အေးရွာဘက်သို့ ရောက်ခဲ့ပြီး စပါးပွဲစား ကိုစံမြဆိုသူနှင့်ခင်မင်ခဲ့လေ၏။ ကိုစံမြသည် သူ၏ စပါးဝယ်သော တုံကင်းကြီးပေါ်သို့ ချမ်းသာအား ခေါ်ဆောင်သွားလေ၏။ ချမ်းသာသည် ကိုစံမြ မိတ်ဆက်ပေးသဖြင့် စပါးပွဲစားအတော်များများနှင့် ရင်းနှီးခဲ့ရ၏။

ထိုခေတ်က စပါးပွဲစားဆိုသူများသည် ပလေကပ်လုံချည်၊ ပန်းပရူးဖိနပ်၊ ဖော့ဦးထုပ်တို့ဖြင့် လွန်စွာရှိုးထုတ်ကြ၏။ ရွှေရောင်နာရီ ကိုယ်စီဝတ်ဆင်ကြ၏။ ပိုလိုစီးကရက်ကို ဟန်ပါပါခဲတတ်၏။

စပါးပွဲစားများအနက် စတီးဘရားသားကုမ္ပဏီမှ လူများသည် ရှိုးအကောင်းဆုံးဖြစ်၏။ ၎င်းတို့သည် ရွာစဉ်လှည့်၍သွားလာရန်အတွက် ရာလေး၊ ဟာကျူလီ၊ ဟမ်းဘား စသော စက်ဘီးကိုယ်စီဝယ်ထားကြ၏။ စက်ဘီးများ၏ ကိုယ်ထည်၊ ငွေ၊ စမုတ်များကို ပြောင်လက်နေအောင် တိုက်ချွတ်၍စီးကြ၏။

ချမ်းသာသည် စပါးပွဲစားကိုစံမြက ဆွဲထားသဖြင့် သူ၏ တုံကင်း



www.burmeseclassic.com

www.burmeseclassic.com



လှေကြီးတွင် သောင်တင်နေလေ၏။ စပါးပွဲစားကိုစံမြသည် ညနေစောင်းသည်နှင့် ဆံပင်ကိုကော့စမစ်တိတ်နှင့်ဖြီး၍ မျက်နှာကို ပေါဒါလင်စနိုးလူးကာ ရွာထဲသို့ မိန်းမနောက်ပိုးထွက်လေ၏။

ချမ်းသာသည် ကိုစံမြမရှိသည့်အချိန်များတွင် သူ၏အလုပ်များကို ကူညီလုပ်ကိုင်ပေးသဖြင့် ကိုစံမြ၏ ယုံကြည်စိတ်ချခြင်းကို ခံရလေ၏။ သူသည် စပါးပွဲစားအလုပ်ကို နားလည်တတ်ကျွမ်းအောင် လေ့လာခဲ့လေ၏။

တစ်လခန့်ကြာသောအခါ စပါးပွဲစားကိုစံမြသည် ရွာထဲရှိအပျိုချောတစ်ဦးကို ခိုးပြေးလေ၏။ ချမ်းသာသည် ကိုစံမြမရှိသည့် နောက်ပိုင်းတွင် တုံကင်းပိုင်ရှင်သူဌေး၏ ခွင့်ပြုချက်ဖြင့် စပါးပွဲစားအလုပ်ကို လုပ်ကိုင်ခဲ့၏။

စပါးပွဲစားအလုပ်သည် အပြိုင်အဆိုင် အလွန်များ၏။ ထို့ကြောင့် သူ၏အလုပ်တိုးတက်စေရန် အကြိမ်ကြိမ်အဖန်ဖန် ဆင်ခြင်ကြည့်လေ၏။ ရက်ပေါင်းများစွာ ဆင်ခြင်ပြီးသောအခါ စပါးပွဲစားများကို ယှဉ်ပြိုင်နိုင်ရန် အလွန်ကောင်းမွန်သော အကြံအစည်တစ်ခုကို ရလေ၏။ ထိုနေ့မှစ၍ ချမ်းသာသည် စပါးဝယ်သွားတိုင်း လယ်သမားများအတွက် ပဲကြီးလှော်၊ ထန်းလျက်၊ ကရေကရာ၊ ဆီးယိုစသည့် စားသောက်ဖွယ်ရာများကို ယူဆောင်သွားလေ၏။

ရွာဦးကျောင်းဆရာတော်ကိုလည်း လှူဖွယ်ပစ္စည်းများ ကပ်လှူလေ၏။ ရွာသူအပျိုချောများအတွက်လည်း ရန်ကုန်မြို့မှ အလှကုန်ပစ္စည်းအချို့ကို သယ်ယူ၍ လက်ဆောင်ပေးခြင်း၊ ဈေးပေါပေါနှင့် ရောင်းချပေးခြင်းတို့ကို ပြုလုပ်လေ၏။ နေထိုင်မကောင်းဖြစ်နေသူများအတွက်လည်း ကောင်းနိုးရာရာ ဆေးဝါးများကို ဝယ်ယူ၍ အိမ်တိုင်ရာရောက် ပို့ဆောင်ပေးလေ၏။

စပါးရောင်းမည့်သူများကို ချမ်းသာက ဆွေမျိုးသားချင်းကဲ့သို့ သဘောထားသဖြင့် လယ်သမားများကလည်း ချမ်းသာကို လွန်စွာခင်မင်ကြ၏။ သူ့အားစပါးပွဲစားတစ်ယောက်ဟု မမြင်တော့ဘဲ ဘုသားအရင်းခြာကဲ့သို့ သဘောထားလာ၏။ ထို့ကြောင့် အခြားပွဲစားများနှင့် စပါးအပြိုင်ဝယ်ယူရာတွင် ချမ်းသာက စပါးရရုံမက နောင်နှစ်အတွက်ပါ စပါးဝယ်ရန် စာချုပ်ချုပ်နိုင်ခဲ့၏။

အခြားသောပွဲစားများသည် ချမ်းသာမဝယ်ရသေးသော ရွာများသို့ ကြိုတင်သွား၍ စပါးဝယ်လျှင်ပင် လယ်သမားများက ချမ်းသာလာမှ



www.burmeseclassic.com

www.burmeseclassic.com



ရောင်းမည်ဟု ပြောလွှတ်လေ့ရှိ၏။

ဤသို့ဖြင့်ချမ်းသာသည် စပါးပွဲစားဘဝဖြင့် အေးရွာ၊ ဘောလယ် ကျွန်း၊ တော်လတီ၊ တော်လတဲ့၊ ရေပေါ်သောင် စသောရွာများတွင် ပြိုင်ဖက်မရှိ အောင်မြင်ခဲ့လေ၏။

ချမ်းသာသည် စပါးပွဲစားလုပ်ပြီး နှစ်နှစ်ကျော်သောအခါ စပါးပွဲစား ဘဝဖြင့် လူချမ်းသာဖြစ်ရန် လမ်းမရှိဘဲ သူဌေးခိုင်းဖတ်အဖြစ်သာရှိနိုင်ကြောင်း တွက်ဆမိသဖြင့် စပါးပွဲစားအလုပ်မှ ထွက်ခဲ့လေ၏။

သူ၏လုပ်ငန်းများကို နေရာအတည်တကျ နေထိုင်လုပ်ကိုင်ရန် စိတ်ကူးပေါက်ခဲ့၏။ ထို့ကြောင့် လုပ်ငန်းကိုင်ငန်းကောင်းမွန်သော ရန်ကုန်မြို့ကြီး သို့တက်ခဲ့လေ၏။

ရန်ကုန်မြို့သို့ရောက်သောခါ ရွှေတိဂုံဘုရားသို့ တက်ရောက်ဖူးမြော် လေ၏။ ရန်ကုန် မြို့တော်ကြီးသည် စည်ကားလှ၏။ သို့သော် ရန်ကုန်မြို့ထဲတွင် ဒိုတီဝတ်ကုလားလူမျိုး အများအပြားကိုတွေ့ရသဖြင့် ရန်ကုန်မြို့ကြီးတွင် ကုလားများ ကြီးစိုးနေသလောဟု တွေးမိလေ၏။

သူသည်အလုပ်အကိုင် မရှာဖွေမီ နေစရာတစ်ခုကို ရှာဖွေလေရာ ကျောက်မြောင်းရပ်ကွက်၊ ခမ္ဗဝိဟာရလမ်းရှိ သုံးခန်းတွဲအိမ်ခန်းတစ်ခန်းကို ငှါးရမ်းရရှိလေ၏။

သုံးခန်းတွဲအိမ်၏ပိုင်ရှင်မှာ ကျောက်မြောင်းဈေးအနီးတွင်နေထိုင်သော အဖိုးကြီးတစ်ဦးဖြစ်၏။ သူ၏အခန်းဖော်များမှာ စာရေးစာချီမိသားစုတစ်ဦးနှင့် ထီဆိုင်ဖွင့်၍ အသက်မွေးဝမ်းကျောင်းပြုသော မိသားစုတစ်စု ဖြစ်လေ၏။

သူသည် ရန်ကုန်မြို့ထဲတွင် တစ်ပတ်ခန့် လှည့်လည်ကြည့်ရှုပြီး သည်အထိ မည်သည့်အလုပ်ကို လုပ်ကိုင်ရမှန်းမသိ ဖြစ်နေလေ၏။

✖✖✖✖✖✖✖



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ လျှော်တန်းလမ်း(ဆူးလေဘုရားလမ်း) အတိုင်း လမ်းလျှောက်လာပြီးနောက် လမ်းဘေးတွင် ချ၍ ရောင်းနေသော အင်္ဂလိပ်မဂ္ဂဇင်းစာအုပ်များကို စျေးချိုသည်နှင့် တစ်အုပ်လျှင် တစ်ပြားပေး၍ ဝယ်ယူခဲ့လေ၏။

အိမ်သို့ရောက်သောအခါ မဂ္ဂဇင်းစာအုပ်များကို တစ်အုပ်ပြီးတစ်အုပ်ဖတ်လေ၏။ သူသည် သတင်းစာရောင်းစဉ်က စာတိုက်စာရေးကြီး တစ်ဦးထံတွင် အင်္ဂလိပ်စာကို သင်ကြားတတ်မြောက်ခဲ့ပြီး ဖြစ်၏။

မဂ္ဂဇင်းစာအုပ်များကိုလှန်လှောဖတ်ရှုရင်း အင်္ဂလန်နိုင်ငံရှိ စာအုပ်အရောင်းဆိုင်များ၏ စာအုပ်ကတ်တလောက် လုပ်ငန်းကို ဖတ်ရှုမိလေ၏။

သူသည် ထိုလုပ်ငန်းကို လွန်စွာစိတ်ဝင်စားသွားပြီး သေချာစွာဖတ်ရှုကြည့် လေ၏။ ထို့နောက် မြန်မာပြည်တွင် စာအုပ်ကတ်တလောက်နှင့် ရောင်းဝယ်သောလုပ်ငန်းရှိမရှိ စုံစမ်းရန် ရန်ကုန်မြို့ထဲသို့ ထွက်ခဲ့လေ၏။

ရန်ကုန်မြို့လယ်ကောင်ရှိ စာအုပ်အရောင်းဆိုင်ကြီးများကို လှည့်လည်မေးမြန်းလေရာ စာအုပ်ကတ်တလောက်နှင့် ရောင်းဝယ်သော လုပ်ငန်းကို ကြားပင်မကြားဖူးပေ။

မ ယာ ၈၁ ၈၀

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာသည် စာအုပ်ကတ်တလောက်လုပ်ငန်းကို လုပ်ကိုင်၍ ဝင်ငွေရှာရန် ဆုံးဖြတ်လိုက်လေ၏။

သူသည် နောက်တစ်နေ့မှစ၍ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများသို့ သွားရောက်၍ စာအုပ်စာရင်းများကို ပြုစုလေ၏။ နှစ်ပြားတန် ဗလာစာအုပ်နှင့် ခဲတံကို ဝယ်ယူပြီး စာအုပ်အမည်နှင့် စာရေးသူအမည်များကို ရေးကူးလေ၏။

ချမ်းသာ၏ အပြုအမူကို စာအုပ်ဆိုင်ရှင်များက တအံ့တသြကြည့်ရှုလေ၏။ အချို့ကကွယ်ရာတွင် သူ့အား လှောင်ပြောင်လေ၏။

ချမ်းသာသည် စာအုပ်ဆိုင်ကြီးများသို့ လှည့်လည်၍ စာအုပ်စာရင်းများကို ပင်ပန်းကြီးစွာပြုစုရာတွင် အများစိတ်ဝင်စား၍ ရောင်းကောင်းမည်ထင်သော စာအုပ်များကိုသာ ဦးစားပေးပြုစုလေ၏။

ထို့နောက် စာအုပ်ဆိုင်လိပ်စာတပ်ရန်အတွက် လျှော်တန်းလမ်း (ဆူးလေဘုရားလမ်း)ရှိ ဂျူးကြီးတစ်ဦး ပိုင်တိုက်ခန်း၏ လှေကားချောင်လေးကို ဈေးပေါပေါနှင့် ငှားရမ်းခဲ့လေ၏။

ရက်အနည်းငယ်ခန့်ကြာသောအခါ စာအုပ်စာရင်းများ စုံလင်စွာရရှိပြီးနောက် ပုံနှိပ်တိုက်တစ်ဆိုင်သို့ သွားရောက်၍ စာအုပ်ကတ်တလောက် နှစ်ထောင်မျှ ရိုက်လိုကြောင်းပြောဆိုလေရာ ပုံနှိပ်စက်ပိုင်ရှင်က စက္ကူထုတ်ဝယ်ပေးရန် တောင်းဆိုထားလေ၏။

ချမ်းသာသည် (၃၂) လမ်းသို့သွား၍ စက္ကူတစ်ထုပ်လျှင် ၂ ကျပ်ဖြင့် စက္ကူထုပ်(၂၀) ဝယ်ယူရာလေ၏။ ထို့နောက် ပုံနှိပ်စက်ပိုင်ရှင်ကို စရံပေး၍ ကတ်တလောက်များကို ရိုက်နှိပ်စေ၏။ ဤသို့ ရိုက်နှိပ်ရာတွင် ကတ်တလောက် ရှေ့ဖုံးတွင် ရွှေစာလုံးဖြင့်

**ဆုကြီးပန်ချမ်းသာစာအုပ်တိုက်မှ ရရှိနိုင်သော စာအုပ်များစာရင်း**

ဟုလှပသေသပ်စွာ ရိုက်နှိပ်စေခဲ့၏။ တစ်ပတ်ခန့်ကြာသောအခါ စာအုပ်ကတ်တလောက်များကို ရလေ၏။ ထို့နောက် စာအုပ်ကတ်တလောက် များ၏ ရှေ့ဖုံးများတွင် စာအုပ်ဆိုင်များမှ အသင့်ကူးယူထားသော နယ်ရှိ



www.burmeseclassic.com

www.burmeseclassic.com


စာအုပ်ကိုယ်စားလှယ်များနှင့် သတင်းစာမဂ္ဂဇင်း ကိုယ်စားလှယ်များ၏ လိပ်စာများကို ရေးလေ၏။

ပြီးလျှင် စာအုပ်ကတ်တလောက်များကို နယ်သို့စာတိုက်မှတစ်ဆင့် ပို့ရန်စီစဉ်ရလေ၏။ ကတ်တလောက်စာအုပ် တစ်အုပ်လျှင် တစ်ပြားတန် တံဆိပ်ခေါင်းတစ်လုံး ကပ်ရလေ၏။

ဤသို့ တင်ပို့ရာတွင် တစ်ပြိုင်တည်း စာအုပ်နှစ်ထောင်ပို့ရန် မဖြစ်နိုင်သဖြင့် တစ်နေ့လျှင် အနည်းငယ်သာ တင်ပို့ရလေ၏။

သူသည်နေ့စဉ် အချိန်မှန်မှန် စာတိုက်သို့သွား၍ ကတ်တလောက်များအား ကိုယ်စားလှယ်များထံသို့ စိတ်ရှည်လက်ရှည် ပို့လေ၏။

ကတ်တလောက်များ ကုန်သွားသောအခါ ငှားရမ်းထားသော လှေကားချောင်လေးတွင် နေ့စဉ်အမှာစာ သွားစောင့်လေ၏။

သို့သော် တစ်လခန့်ကြာသည်အထိ နယ်မှ အမှာစာများ ရောက်မလာသဖြင့် စိတ်ပျက်လက်ပျက် ဖြစ်သွားလေ၏။ သူသည် ကတ်တလောက်များ ရိုက်နှိပ်ခနှင့် အခန်းငှားခများအတွက် ငွေများစွာ ကုန်ကျသွားလေ၏။

အများသူငါ မလုပ်သောအလုပ်ကို အဆန်းထွင်၍ လုပ်ကိုင်ခြင်းသည် မှားပြီလောဟု တွေးတောမိပြန်၏။ ထိုစဉ် သူ၏နားထဲသို့ သူ့ဆွေမကြီး ဒေါ်ခင်ကြည်၏ စကားများကိုကြားယောင်လာလေ၏။

"လူကလေး ဘယ်တော့မှ စိတ်မလျှော့နဲ့....မအောင်မြင်ရင် တစ်ကြိမ်ပြီးတစ်ကြိမ်ဆက်လုပ်၊ နှစ်ကြိမ်မအောင်မြင်ရင်သုံးကြိမ်လုပ်၊ သုံးကြိမ်မအောင်မြင်ရင် လေးကြိမ်လုပ်၊ ဘယ်တော့မှမရပ်နဲ့၊ တစ်ကြိမ်ပြီး တစ်ကြိမ်ဆက်လုပ်"

ချမ်းသာသည် ဒေါ်ခင်ကြည်၏စကားကို ကြားယောင်မိပြီးနောက် စိတ်အားသတ္တိများ ဝင်ရောက်လာ၏။ အကောင်းမြင်စိတ်များလည်း ဝင်ရောက်လာပြီး

"မကြာမီ ငါ့ဆီကို စာအုပ်အော်ဒါတွေရောက်လာမှာပါ"

ဟုတွေးမိလေ၏။ ထိုအချိန်တွင် သူ၏ထံသို့ မဂိုလမ်း (ရွှေဘုံသာလမ်း) ရှိ ရွှေတောင်ကြီးဆေးတိုက်မှ လူတစ်ယောက်ရောက်ရှိလာပြီး မြန်မာဆေးအမျိုးမျိုးတို့၏ ဆေးအညွှန်းများကို အင်္ဂလိပ်ဘာသာပြန်၍

www.burmeseclassic.com



ရွှေတောင်ကြီးဆေးတိုက်၏ ဆေးကတ်တလောက် စာအုပ်စီစဉ်ပေးပါရန် အပ်နှံလေ၏။

ဆေးကတ်တလောက်စာအုပ်အတွက် ငွေ ၅၀/- ပေးသွားလေရာ ထိုငွေသည် ချမ်းသာအတွက် ရန်ကုန်မြို့တွင် ပထမဆုံးဝင်သော ဝင်ငွေဖြစ်လေ၏။

သူသည် လှေကားချောင်လေးတွင် ထိုင်၍ ဆေးကတ်တလောက် ပြုစုရင်း နယ်မှ အမှာစာများကို စောင့်မျှော်လေရာ မကြာမီ စာအုပ်အမှာစာများ စတင်ရောက်ရှိလာလေ၏။

ချမ်းသာသည် တစ်စောင်စ နှစ်စောင်စ စတင်ဝင်ရောက်လာသော အမှာစာများကိုကြည့်၍ လွန်စွာပျော်ရွှင်နေလေ၏။ ထို့နောက်တွင်မူ နေ့စဉ် ရက်ဆက် စာအုပ်အော်ဒါများအတွက် အမှာစာများရောက်ရှိလာလေ၏။

နယ်မှမှာသော စာအုပ်များမှာ သူ့ထံတွင် တစ်အုပ်မျှ မရှိသဖြင့် ဆူးလေဘုရားလမ်းရှိ စာအုပ်ဆိုင်ကြီးများမှ ဝယ်ယူ၍ ဗွီပီပီပြုလုပ်ကာ တင်ပို့လေ၏။

ရက်ပိုင်းအတွင်း အမှာစာများ အမြောက်အမြား ဝင်ရောက်လာသဖြင့် ချမ်းသာသည် စာအုပ်အော်ဒါများအတွက် နေ့စဉ် ဗွီပီပီ အထုပ်များထုပ်၍ စာတိုက်သို့ ပြေးရလေ၏။ ရန်ကုန်မြို့ရှိ စာအုပ်တိုက်ကြီးများသည် ၎င်းတို့ထံမှ စာအုပ် အမြောက်အမြား ဝယ်ယူသဖြင့် ချမ်းသာကို လွန်စွာ သဘောကျလေ၏။ သူသည် စာအုပ်ဆိုင်ကြီးများကြားတွင်လည်း မျက်နှာပွင့်နေလေ၏။ သူ၏ ကွယ်ရာတွင်

"စာအုပ်တစ်အုပ်မှမရှိဘဲ စာအုပ်တိုက်ထောင်တဲ့ ဆုကြီးပန်ချမ်းသာ ဆိုတဲ့ကောင်ပေါ့"

ဟုပြောဆိုကြကုန်၏။ ချမ်းသာသည် စာအုပ်ကိုယ်စားလှယ် သဘောမျိုးနှင့် ထိုက်သင့်သော အမြတ်အစွန်းရရှိသော်လည်း ကိုယ်ပိုင်စာအုပ် များမဟုတ်ဘဲ တစ်ဆင့်ယူပြီး ရောင်းချရသောကြောင့် အမြတ်အစွန်း နည်းနေသေး၏။

ထို့ကြောင့် သူငှါးရမ်းထားသော ဂျူးကြီး၏လှေကားချောင်နှင့် တစ်ခန်းကျော်တွင်ရှိသော တိုက်ခန်းတစ်ခန်းကို ငှါးရမ်း၍



www.burmeseclassic.com

www.burmeseclassic.com



## ဆုကြီးပန်ချမ်းသာစာအုပ်တိုက်

ဟူဆိုင်းဘုတ်ချိတ်ဆွဲခဲ့လေ၏။

ဤသို့ဖြင့် ချမ်းသာသည် စာအုပ်တိုက်လုပ်ငန်းမှ တစ်နေ့ထက်တစ်နေ့ ဝင်ငွေတိုးလာလေ၏။ သူသည်ဆုကြီးပန် ချမ်းသာစာအုပ်တိုက်အား မြန်မာ့အလင်းသတင်းစာ၊ သူကြီးဂေဇက်သတင်းစာ၊ ဆယ်သန်းဂျာနယ်၊ တိုးတက်ရေးမဂ္ဂဇင်း စသည်တို့တွင် ကြော်ငြာများထည့်သွင်းခဲ့လေ၏။

သူသည် စာရေးဆရာ၊ အယ်ဒီတာ၊ ပန်းချီဆရာ စသည့် အနုပညာသမားများနှင့်လည်း ခင်မင်ခဲ့လေ၏။ သူ၏စာအုပ်တိုက်သို့ ဆရာကြီးပီမိုးနင်း၊ ရွှေဥဒေါင်း၊ ဂျာနယ်ကျော် ဦးချစ်မောင်၊ ပန်းချီဦးအုန်းလွင်၊ ကာတွန်းဦးဘဂျမ်း၊ ကာတွန်းဦးဟိန်စွန်း စသည့် အနုပညာရှင်ကြီးများ ဝင်ထွက်သွားလာခဲ့လေ၏။

သူသည် စာရေးဆရာများနှင့် ပေါင်းသင်း၍ ကောင်းနိုးရာရာ စာအုပ်များကို ရွေးချယ်၍ ထုတ်ဝေခဲ့ပြန်၏။

ဤသို့ဖြင့် ထိုက်သင့်သော အမြတ်အစွန်းများ ရခဲ့ပြန်၏။ သူသည် ဘုန်းကြီးကျောင်းမှ ထွက်ခဲ့သည်မှာ ခြောက်နှစ်တင်းတင်းရှိလေပြီ။ ထိုအချိန်ကာလအတွင်း ငွေအမြောက်အမြားလည်း စုဆောင်းမိနေလေပြီ။

သူသည် အလုပ်များကို ကြိုးစားပမ်းစားလုပ်ကိုင်ရင်း ငယ်ချစ်ဦးသီတာကို မကြာခဏ သတိရလေ၏။ သူ၏ ဇာတိရပ်မြေမြို့ကလေးသို့ သွား၍ သီတာအား တိတ်တခိုးသွားကြည့်ချင်လှ၏။

သို့သော် သူဌေးကြီးမဖြစ်မချင်း၊ မွေးရပ်မြို့ကလေးကို မပြန်ဟူသော ဆုံးဖြတ်ချက်ကြောင့် ခက်နေလေ၏။

တစ်နေ့သ၌ ချမ်းသာထံသို့ ခရစ်ယာန်ဘုန်းတော်ကြီး တစ်ပါး ရောက်ရှိလာပြီးလျှင် ၄င်းတို့ရိုက်နှိပ်ပြီးသော ခရစ်ယာန်ကျမ်းစာအုပ်များကို ဖြန့်ချိပေးရန် အပ်နှံလေ၏။

ချမ်းသာသည် ခရစ်ယာန်ကျမ်းစာအုပ်များကို လက်ခံ၍ မြန်မာ့အလင်း၊ သူကြီးဂေဇက်၊ သံတော်ဆင့် စသောသတင်းစာကြီးများတွင် ငွေကြေးအမြောက်အများသုံး၍ ခမ်းနားစွာကြော်ငြာ ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်များဖြန့်ချိပြီးသောအခါ ခရစ်ယာန်ကျမ်းစာအုပ်များ အမြောက်အမြား ရောင်းချရသဖြင့် ခရစ်ယာန်ဘုန်းတော်ကြီးသည် ချမ်းသာအား လွန်စွာ ကျေးဇူးတင်လေ၏။

ထို့ကြောင့် သူ၏နေအိမ်သို့ ထမင်းဖိတ်ကျွေးလေ၏။ ထမင်းဝိုင်းသို့ ချမ်းသာနှင့်အတူ လာရောက်စားသောက်သော အဆောက်အဦ ကန်ထရိုက်တာ တစ်ဦးနှင့် ခင်မင်ခဲ့လေ၏။

ထိုနေ့မှစ၍ ချမ်းသာသည် ကန်ထရိုက်လုပ်ငန်းကို စိတ်ဝင်စားသဖြင့် ကန်ထရိုက်တာ ဦးချစ်လှိုင်ထံသို့ သွားရောက်၍ ကန်ထရိုက်လုပ်ငန်းကို လေ့လာလေ၏။ ဦးချစ်လှိုင်သည် စိတ်ရင်းစေတနာကောင်းသူ တစ်ယောက် ဖြစ်လေရာ ချမ်းသာအား လုပ်ငန်းလုပ်ဟန်များကို သင်ပြပေးလေ၏။ ယုံကြည်စိတ်ချရသော လက်သမားခေါင်းဆောင်များနှင့်လည်း မိတ်ဆက်ပေးလေ၏။ ဦးချစ်လှိုင်က

"မောင်ချမ်းသာ ကန်ထရိုက်လုပ်ငန်းကို လုပ်ချင်ရင် လုပ်ပါ၊ ကန်ထရိုက်လုပ်ငန်းမှာ ရေရှည်တည်တံ့ချင်ရင်တော့ နာမည်ဟာ အရေးကြီးပါတယ်၊ နာမည်ရဖို့အတွက်လည်း စေတနာကောင်းဖို့ လိုပါတယ်၊ သူ့အကျိုးနဲ့ကိုယ့် အကျိုးကို မျှအောင်ကြည့်တတ်ဖို့အရေးကြီးပါတယ်၊ လုပ်ငန်းကျွမ်းကျင်ဖို့ ယုံကြည်စိတ်ချရတဲ့ လူယုံတွေရှိဖို့လည်း လိုပါတယ်"

ဟုစေတနာကောင်းနှင့် သင်ကြားပေးလေ၏။

*******



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ချမ်းသာသည် ပုဇွန်တောင်ဘက်တွင် နေထိုင်သော ဆေးဆရာကြီးတစ်ဦး၏ ပျဉ်ထောင်အိမ်ကလေးကို ကန်ထရိုက်တာအဖြစ် လက်ခံပြီး စတင်ဆောက်လုပ်ခဲ့လေ၏။

ထိုလုပ်ငန်းမှ အမြတ်အစွန်းနည်းပါးခဲ့သော်လည်း လုပ်ငန်းအတွေ့အကြုံများစွာရခဲ့လေ၏။ သူသည် အတွေ့အကြုံရရှိစေရန် လုပ်ငန်းငယ်လေးများကို တစ်ခုပြီးတစ်ခု ဆက်လုပ်လေ၏။ စာအုပ်ဆိုင်လုပ်ငန်းကို ယုံကြည်စိတ်ချရသော အရောင်းစာရေးများကို ငှါးရမ်း၍ လုပ်ကိုင်စေခဲ့၏။

နောက်ပိုင်းတွင်မူ ကန်ထရိုက်လုပ်ငန်းတစ်ဘက်၊ စာအုပ်ဆိုင်က တစ်ဘက် ဖြစ်နေသဖြင့် စာအုပ်ဆိုင်ကို ပိတ်လိုက်လေ၏။

သူသည် ထိုအချိန်မှစ၍ ကန်ထရိုက်လောကသို့ ခြေစုံပစ်ဝင်ခဲ့၏။ သူသည် ကန်ထရိုက်လုပ်ငန်းများကို လုပ်ကိုင်သော်လည်း ငွေကြေးအင်အားနည်းပါးနေသေးသဖြင့် လုပ်ငန်းငယ်လေးများကိုသာ လုပ်ကိုင်နေရ၏။ လုပ်ငန်းကြီးများသို့ အနားမကပ်နိုင်သေးဘဲရှိလေ၏။

တစ်နေ့သ၌ ချမ်းသာ ငှါးရမ်းနေထိုင်သော သုံးခန်းတွဲ အိမ်ခန်းပိုင်ရှင်



www.burmeseclassic.com

www.burmeseclassic.com


အပျိုကြီးသည် အိမ်လခတောင်းရာမှ ချမ်းသာနှင့် ရင်းနှီးခင်မင်ခဲ့၏။ အပျိုကြီးက သူမစုဆောင်းထားသော ငွေပိုငွေလျှံများရှိကြောင်း ထိုက်သင့်သော အတိုးရရှိလျှင် ချေးနိုင်ကြောင်း ပြောလေ၏။ ချမ်းသာသည် အပျိုကြီးအား သူ၏လုပ်ငန်းအနေအထားကို ရှင်းလင်း၍ ငွေချေးရန် ဆွဲဆောင်ကြည့်သောအခါ သူမက

"မောင်ချမ်းသာကို မမယုံပါတယ်...ဒါကြောင့် လိုသလောက်ငွေကို ထုတ်ချေးပါ့မယ်၊ မမအိမ်ကိုသာ လာခဲ့ပါ"

ဟုပြောလေ၏။ အပျိုကြီးသည် ကျောက်မြောင်းဈေးအရှေ့ရှိ လွန်စွာကြီးမားသောခြံကျယ်ကြီးတွင် နေထိုင်သူဖြစ်၏။ သူမသည် မိဘများထံမှ အမွေအနှစ်များစွာကို ရရှိထားသဖြင့် အေးချမ်းစွာ နေထိုင်နိုင်၏။

ဤသို့ဖြင့် ချမ်းသာသည် အပျိုကြီးထံမှ လိုအပ်သောငွေများကို အတိုးဖြင့် ချေးငှါး၍ ကန်ထရိုက်လုပ်ငန်းကို ချဲ့ထွင်လုပ်ကိုင်နိုင်ခဲ့၏။ အပျိုကြီးနှင့် ချမ်းသာသည်လည်း မကြာခဏမြင်ပါများလာပြီး နောက်အပျိုကြီးသည် ချမ်းသာအပေါ် မရိုးမသားစိတ်များ ဝင်ရောက်လာလေ၏။

သူမကို အပျိုကြီးဟုဆိုသော်လည်း အသက်က (၄၀) ခန့်သာရှိပြီး လွန်စွာချောမောလှပသူဖြစ်၏။ သူမ၏မျက်လုံးများမှာ ဝိုင်းစက်ပြီး ကြည်လင်နေ၏။ ကိုယ်လုံးကိုယ်ပေါက် အလွန်လှပပြီး သူမကို မြင်လျှင် သမင်လည်ပြန် မကြည့်သော ယောကျ်ား ရှားလှ၏။

အပျိုကြီးသည် ချမ်းသာကို သူမ၏အိမ်သို့ မကြာခဏ ခေါ်၍ စားသောက်ဖွယ်ရာများနှင့် ကျွေးမွေးဧည့်ခံလေ၏။ ထို့နောက် တမေ့တမော စကားပြောပြီးမှ အိမ်သို့ပြန်စေ၏။

ချမ်းသာသည် သူမကို မလွန်ဆန်နိုင်သဖြင့် အလုပ်ပျက် အကိုင်ပျက် ဖြစ်ရ၏။ သူ၏လုပ်ငန်းတစ်ခုလုံးကို အပျိုကြီး၏ငွေများနှင့် လည်ပတ်နေရသော ကြောင့် ဖြစ်၏။

အပျိုကြီးသည် ချမ်းသာကို ဈေးဝယ်ထွက်လျှင်လည်း အဖော်ခေါ်၏။ ပြဇာတ်ကြည့်သည့်အခါလည်း ချမ်းသာကို အတူလိုက်စေ၏။ ပြဇာတ်ပြီးလျှင် ရန်ကုန်မြို့ထဲသို့ လှည့်လည်၍ ကောင်းနိုးရာရာဆိုင်များတွင် စားသောက်ကြ၏။ ကြာသောအခါ ပတ်ဝန်းကျင်ကပင် အပျိုကြီးနှင့် ချမ်းသာ တိတ်တိတ်ပုန်းညားနေသည်ဟု ပြောဆိုလေတော့၏။ ချမ်းသာအား အပျိုကြီးထံမှ ညှင်း


www.burmeseclassic.com

www.burmeseclassic.com



စားသောက်နေသူဟု ထင်မြင်နေလေ၏။

မည်သို့ပင်ဖြစ်စေ ချမ်းသာသည် အဖိုးကြီးနှင့် ဆက်ဆံရေး မပျက်ပြွင်းစေရန် ထိန်းသိမ်းထားပြီး သူ၏လုပ်ငန်း တိုးတက်စေရန် ကြိုးစားခဲ့လေ၏။

သို့သော် ဒိန်းတလိန်းနတ်ဖမ်းစားနေသော အဖိုးကြီးသည် ထိုမျှနှင့် မတင်းတိမ်နိုင်သေးဘဲ ရှေ့သို့ ခြေတစ်လှမ်းတက်ရန် ကြိုးစားလာလေတော့၏။

*******



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ အပိုျကြီးသည် ချမ်းသာအား ဘိုဆန်ဆန်ဒင်နာ ကျွေးမည်ဟု အကြောင်းပြကာ အိမ်သို့ဖိတ်ကြားလေ၏။ ဘိုစာများကို အပိုျကြီးနှင့် တစ်အိမ်ကျော်တွင် နေထိုင်သော ဘိုကပြား လင်မယား၏ ကုလားထမင်းချက်က လာရောက်ချက်ပြုတ်ပေးလေ၏။

ဘိုစာအားလုံး အသင့်ပြင်ပြီးသောအခါ အပိုျကြီးက ကုလားထမင်းချက်အား အိမ်သို့ပြန်လွှတ်လေ၏။ သူ့မအိမ်တွင် နေထိုင်သော အစေခံမိန်းကလေးများအား အစေခံတန်းလျားသို့ ပြန်စေ၏။

ပြီးနောက်တွင်မူ ချမ်းသာအား သူမကိုယ်တိုင် ကျွေးမွေးပြုစုလေ၏။ ချမ်းသာသည် ပေါ့ရွှတ်ရွှတ်အရသာရှိသော ဘိုစာများကိုစားရလေ၏။ ညစာကို ဘိုဆန်ဆန် ကျွေးမွေးသည်ဖြစ်ရာ အပိုျကြီးက ဝိုင်အရက်များကို ကလပ်ထဲသို့ ငှဲ့ပေးလေ၏။ ချမ်းသာက လက်ကာ၍

"ဒါတော့ သည်းခံပါမမ....ကျွန်တော် အရက်လုံးဝ မသောက်တတ်ဘူး"

ဟုငြင်းဆန်လေရာ အပိုျကြီးက



www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းတော့သောက်ပါမောင်လေးရယ်... မမကိုခင်ရင် သောက်ရမယ်...နော်မောင်လေး"

ဟုညို့ငင်သော မျက်လုံးရွဲကြီးဖြင့် ကြည့်၍ပြောလေရာ ချမ်းသာ သည် မစွမ်းသာရှိလေ၏။ ထိုညက အပျိုကြီးသည် အနက်ရောင် ပိုးထည်ကို ဆက်အောက်ဆင်တူဝတ်ထားပြီး အလှဆုံး ပြင်ဆင်ထားလေ၏။

တစ်အိမ်လုံးရှိ မီးများကို ခပ်မှိန်မှိန်ထွန်းထားပြီး စားပွဲပေါ်တွင် ဖယောင်းတိုင်များကို စိုက်ထူထားသဖြင့် အပျိုကြီးကိုကြည့်ရသည်မှာ ချမ်းသာ၏အမြင်တွင် ထူးခြားနေ၏။

အပျိုကြီးသည် အလှကြီးလှနေသည်ထင်ရ၏။ အပျိုကြီးသည် ချမ်းသာ၏ခွက်ထဲသို့ ဝိုင်အရက်များ ထည့်ပေးပြန်၏။ ချမ်းသာက ငြင်းဆန် သော်လည်း သူမကအတင်းသောက်စေ၏။ ခဏကြာလျှင် ချမ်းသာသည် နားယစ်ရီဝေစ ပြုလာ၏။ အပျိုကြီးသည် ထိုင်ခုံကို ချမ်းသာ၏အနီးသို့ တိုးကပ်၍ ထိုင်၏။ သူမ၏ကိုယ်မှ လွှင့်ပျံ့မွှေးပျံ့သော အနံ့များကို ရလေ၏။ အပျိုကြီးက လေသံတိုးတိုးဖြင့်

"မောင်လေး မူးနေပြီလား"

ဟုမေးမြန်းလေ၏။ ချမ်းသာက

"ဟုတ်တယ်မမ....ကျွန်တော်ပြန်ချင်ပြီ"

"မပြန်ပါနဲ့ဦးကွယ်....မောင်လေးကို ပြောစရာရှိတယ်"

"ဘာပြောမလို့လဲ"

အပျိုကြီးသည် ပြောစရာရှိသည်ဆိုသော်လည်း မပြောဘဲ တစ်ခဏမျှ ငြိမ်သက်စွာနေ၏။ ပြီးမှ

"ပြောရမှာ မမ ရှက်လိုက်တာ... ဒီလိုလေ မောင်လေး၊ မောင်လေးမမကို ပေးစရာရှိတဲ့ငွေကို ပေးမနေနဲ့တော့"

ဟု မျက်လုံးချင်းဆုံအောင် အဓိပ္ပာယ်ပါပါကြည့်၍ ပြောလိုက်ရာ ချမ်းသာသည် အပျိုကြီး၏ မထင်မှတ်သော စကားကြောင့် ထိတ်လန့်သွားပြီး

"အို...ဒါတော့မဖြစ်နိုင်ဘူးမမ၊ ကျွန်တော့်မှာ ချစ်သူရှိတယ်၊ ကျွန်တော့်ချစ်သူကို သစ္စာမဖောက်နိုင်ဘူး၊ ကျွန်တော်အခုလို ကြိုးစားပမ်းစား အလုပ်လုပ်နေတာ သူနဲ့ပြန်တွေ့ဖို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုငြင်းဆန်လေ၏။ အပျိုကြီးသည် ချမ်းသာ၏စကားကြောင့် မျက်နှာတင်းမာသွားပြီး

"နေပါဦး....မောင်လေးမှာ ဘယ်တုန်းက ချစ်သူရှိနေတာလဲ...မမကိုလည်း မပြောဖူးပါလား"

ဟုတအံ့တသြ မေးမြန်းလေ၏။ ချမ်းသာက ငယ်ချစ်ဦးသီတာနှင့် တွေ့ဆုံခဲ့ပုံအကြောင်းကို အတိုချုံး၍ ပြောပြလေ၏။ အပျိုကြီးက အစအဆုံး နားထောင်၍

"စိတ်ကူးယဉ်လိုက်တာ မောင်လေးရာ....ကလေးဘဝကချစ်သူက အခုလောက်ဆို မောင်လေးကို မေ့တောင်မေ့နေလောက်ပြီ၊ လက်တွေ့ကျကျ စဉ်းစားစမ်းပါကွယ်"

ဟုနားချလေ၏။ ချမ်းသာက ခေါင်းခါ၍

"ဘာပဲဖြစ်ဖြစ် ...ကျွန်တော့်ချစ်သူကို ကျွန်တော် သစ္စာမဖောက်နိုင်ဘူး၊ ချမ်းသာလာတဲ့ တစ်နေ့မှာ သူ့ကို မရရအောင်ရှာရမယ်"

ဟုပြောလေရာ အပျိုကြီးက သက်ပြင်းချ၍

"မင်းဟာ အတော်ခေါင်းမာတဲ့ကောင်လေးပါလား၊ ဒီမှာကောင်လေး... မမပြောတဲ့ကိစ္စကို မင်းစဉ်းစားပါ၊ မင်းကို စဉ်းစားဖို့ တစ်လအချိန်ပေးမယ်၊ ဒါမှမဟုတ် ဒီနေ့ညပဲ အဖြေ ပေးမယ်ဆိုရင်တော့ မင်းအိမ်ကို မပြန်နဲ့တော့၊ မမအိမ်မှာပဲ အိပ်လိုက်"

ဟုညို့ငင်သော အပြုံးနှင့် ကြည့်လျက် ပြောလေ၏။ သူမက ဆက်လက်၍

"တစ်လပြည့်လို့မှ မမပြောတဲ့စကားကို နားမထောင်ရင်တော့ မင်းနဲ့မမ လမ်းခွဲရလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းနဲ့နီးနီးကပ်ကပ်နေရင် မမစိတ်မကောင်းဖြစ်မှာစိုးလို့"

ဟုဆိုလေ၏။ အပျိုကြီးသည် ချမ်းသာအား အကြပ်ကိုင်လေပြီ။ ဆုကြီးပန်ချမ်းသာကို ခြိမ်းခြောက်ရပါမည်လား။ ချမ်းသာသည် ထိုင်ရာမှ ဆတ်ခနဲထ၍ အကျီရင်ဘတ်ကိုဟကာ အပျိုကြီးမျက်နှာကို စေ့စေ့ကြည့်လျက်

"ဒါမှာမမ.... ဆုကြီးပန်ချမ်းသာတဲ့၊ ပြောပြီးသားစကားကို ဘယ်တော့မှ ပြန်မပြင်ဘူး၊ တစ်လလည်း စဉ်းစားစရာမလိုဘူး၊ အခုပဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်မယ်၊ မမပြောတဲ့ကိစ္စ လုံးဝမဖြစ်နိုင်ဘူး"

ဟုပြတ်သားစွာပြောလိုက်လေ၏။ ချမ်းသာသည် အဖိုးကြီးကို ကျောခိုင်းထွက်ခွာလာသောအခါ သူမသည် ရှက်ခြင်း၊ ဝမ်းနည်းခြင်း၊ ယူကြုံးမရဖြစ်ခြင်း၊ နာကြည်းခြင်း စသော ဝေဒနာမျိုးစုံကို ခံစားလျက် ရှိုက်ကြီးတငင်ငင် ငိုယိုပြီး ကျန်ခဲ့လေ၏။

*******

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာသည် အပျိုကြီးနှင့် လမ်းခွဲထွက်ခဲ့ပြီးနောက် အပျိုကြီး၏ ငွေများကို တစ်လအတွင်းပြန်ဆပ်နိုင်ရန် နည်းလမ်းကို မပြတ်စဉ်းစားဆင်ခြင်လေရာ နောက်ဆုံးတွင် သူ၏လုပ်ငန်းကို အကျိုးတူပူးပေါင်းလုပ်ကိုင်နိုင်မည့် သူကို ရှာဖွေရန် စဉ်းစားမိလေ၏။

သူပိုင်ငွေများအားလုံး ကန်ထရိုက်လုပ်ငန်းထဲသို့ ရောက်နေသဖြင့် ချမ်းသာအတွက် အခက်ကြုံနေလေ၏။

တစ်ညသည၌ ကန်ထရိုက်လုပ်ငန်းမှ ပြန်လာပြီး ကျောက်မြောင်းဈေး အနီးသို့ ရောက်သောအခါ တွန်းလှည်းတစ်စီးဖြင့် ထီရောင်းနေသော သူ၏ အိမ်နီးချင်း ထီဆိုင်ပိုင်ရှင် လင်မယား ရန်ဖြစ်နေသည်ကို မြင်ရလေ၏။ ချမ်းသာက ၎င်းတို့အနီးသို့သွား၍

“ဘာဖြစ်နေတာလဲဗျာ…လင်မယားအချင်းချင်း၊ သင့်သင့်မြတ်မြတ် ဖြစ်အောင် နေစမ်းပါ”

ဟုဖျန်ဖြေလေရာ မိန်းမဖြစ်သူက

“ဘာမှမဖြစ်ပါဘူးချမ်းသာရယ်…. ငါကထီလက်မှတ်လေး



www.burmeseclassic.com

www.burmeseclassic.com



နှစ်စောင်ကျန်လို့ ဆိုင်ပိတ်တော့မယ်လို့ပြောတာနဲ့ စကားများပြီး ရန်ဖြစ်တာလေ"

ဟုပြောလေ၏။ ချမ်းသာက သူမ၏စကားကို နားထောင်၍

"ဒါများ ရန်ဖြစ်ရတယ်လို့ဗျာ....ကဲ အစ်မတို့လင်မယား ဆိုင်ပိတ်လို့ရအောင် ကျန်တဲ့ထီလက်မှတ်နှစ်စောင်ကို ကျွန်တော်ဝယ်လိုက်မယ်၊ ကျွန်တော့်တစ်သက်မှာ ထီတော့တစ်ခါမှ မထိုးဖူးဘူးဗျ"

ဟုပြောကာ ထီလက်မှတ်နှစ်စောင်ကို ဝယ်ယူလိုက်လေ၏။ ထိုအချိန်တွင် ထီဆိုင်ရှေ့သို့ မိန်းမကြီးတစ်ယောက်ရောက်လာပြီးလျှင်

"ဆိုင်ပိတ်သွားပြီလား...ထီထိုးချင်လို့ပါ"

ဟုဆိုလိုက်ရာ ထီဆိုင်ပိုင်ရှင်မိန်းမက

"အခုပဲ ထီလက်မှတ်နှစ်စောင်ကျန်လို့ ဟောဒီက မောင်လေးက ဝယ်လိုက်ပြီရှင့်၊ ရောင်းဖို့မရှိတော့ဘူး"

ဟုဆိုလိုက်ရာ အဒေါ်ကြီးသည် စိတ်ပျက်သွားဟန်ရှိပြီး

"ဒုက္ခပါပဲ....အဒေါ်ကို ဗေဒင်ဆရာက စနေနေ့ ည (၈) နာရီမှာ အနီရောင်ဆင်တူဝတ်ပြီး အရှေ့အရပ်မှာရှိတဲ့ ထီဆိုင်မှာ ထီထိုးရမယ်ဆိုလို့ လာခဲ့တာ"

ဟုညည်းညူလေ၏။ ချမ်းသာက အဒေါ်ကြီးကို ကြည့်၍ ကရုဏာသက်သွားပြီးလျှင်

"ဒီလိုဆိုရင် ကျွန်တော်ထိုးထားတဲ့ ထီနှစ်စောင်ထဲက ကြိုက်တဲ့အစောင်ကို ယူလိုက်ပါ၊ နှစ်စောင်စလုံးယူချင်ရင်လည်း ယူသွားပါ"

ဟုခွင့်ပြုလိုက်လေရာ အဒေါ်ကြီးသည် ဝမ်းသာအားရဖြစ်သွားပြီး

"ကျေးဇူးတင်ပါတယ် မောင်ရင်ရယ်....ထီတစ်စောင်ပဲ ယူပါမယ်"

ဟုဆိုကာ ချမ်းသာထံမှ ထီတစ်စောင်ကို ဝယ်ယူသွားလေ၏။ ထီဖွင့်ပြီး နှစ်ရက်ခန့်အကြာတွင် တစ်ဖက်ခန်းတွင် နေထိုင်သော ထီဆိုင်ပိုင်ရှင်လင်မယားသည် ချမ်းသာထံသို့ ရေးကြီးသုတ်ပြာရောက်လာပြီးလျှင်

"ချမ်းသာ....ချမ်းသာ၊ ဟိုတစ်ညက နင်ဝယ်သွားတဲ့ ထီနှစ်စောင်က တစ်စောင်က သိန်းဆုကြီးပေါက်နေပြီ"

ဟုဆိုလိုက်ရာ ချမ်းသာသည် မျက်လုံးပြူးသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



"သေချာရဲ့လားဗျာ...ထီနှစ်စောင်ထဲက တစ်စောင်ကို အဒေါ်ကြီး ရောင်းလိုက်တာဗျ၊ ဒါဆိုရင် ကျွန်တော်နဲ့အဒေါ်ကြီး တစ်ယောက် ယောက် ထီပေါက်ပြီနဲ့တူတယ်"

ဟုပြောလေ၏။ ထီဆိုင်ပိုင်ရှင် ယောက်ျားက

"မင်းဝယ်သွားတဲ့ထီလက်မှတ်ရော ...ထီလက်မှတ်နဲ့ပေါက်စဉ်ကို ကြည့်ရင် ဘယ်သူပေါက်မပေါက် သိရမှာပေါ့"

ဟု အလောတကြီးမေးလေ၏။ သူသည်ထိုညက ထီလက်မှတ်ကို အံဆွဲအတွင်းသို့ အမှတ်တမဲ့ ထားလိုက်မိ၏။ ချမ်းသာသည် အံဆွဲကိုဖွင့်၍ ထီလက်မှတ်ကို ကမန်းကတန်းရှာဖွေလေရာ ထီလက်မှတ်ကိုမတွေ့တော့ပေ။ ချမ်းသာက ခေါင်းကုတ်၍

"ဒုက္ခပဲဗျာ....ထီလက်မှတ်ရှာမတွေ့တော့ဘူး"

ဟုညည်းညူလေ၏။ ထိုအခါ ထီဆိုင်ပိုင်ရှင်လင်မယားသည် ချမ်းသာ၏အိမ်သို့ဝင်၍ တစ်အိမ်လုံးကို မွေလှန်ရှာကြလေ၏။ သို့သော် ထီလက်မှတ်မှာ ပျောက်ချက်သား ကောင်းနေလေ၏။ ချမ်းသာက

"အဒေါ်ကြီးနဲ့ကျုပ်၊ တစ်ယောက်ယောက် ထီပေါက်တာတော့ သေချာတယ်ဗျ၊ အဲဒီညက အဒေါ်ကြီးကလည်း သူ့လိပ်စာပေးမသွားတော့ ဘယ်သူပေါက်မှန်းမသိဘူး"

ဟုပြောလေ၏။ ချမ်းသာသည် သူ၏အဖြစ်ကိုတွေး၍ နေမထိ ထိုင်မသာ ဖြစ်နေလေ၏။ သူ၏အဖြစ်သည် အတော်ပင် အောင့်သီး အောင့်သက်နိုင်၏။ သူသည် ထီပေါက် မပေါက်မသေချာသေး။ အဒေါ်ကြီးနှင့် သူ တစ်ယောက်ယောက် ထီပေါက်သည်မှာ သေချာ၏။ သူထီပေါက်သည် ဆိုလျှင် ထီလက်မှတ်က ပျောက်နေသေး၏။

*******



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာသည် ထီလက်မှတ်နှင့်ပတ်သက်၍ ခေါင်းအေးအေးနှင့် စဉ်းစားကြည့်သောအခါ ခေါင်းရင်းခန်းတွင် နေထိုင်သော ကလေးငယ်နှစ်ဦးကို သတိရလိုက်၏။

ကျွန်ခဲ့သောနှစ်ရက်က ခေါင်းရင်းခန်းမှကလေးငယ်များသည် သူ၏ အခန်းတွင် လာ၍ဆော့ကစားကြ၏။ ကလေးများသည် စက္ကူလေယာဉ်ပျံလုပ်၍ ဆော့ကစားကြ၏။ ထိုကလေးများသည် အံဆွဲကို ဖွင့်၍ ထီလက်မှတ်ကို လေယာဉ်ပျံလုပ်၍ ဆော့ကစားခြင်းဖြစ်တန်ရာ၏။ ချမ်းသာသည် ထိုအဖြစ်ကို ထီဆိုင်ပိုင်ရှင်လင်မယားအား ပြောပြလေရာ ၄င်းတို့က

"ချမ်းသာရယ်.... ထီလက်မှတ်ပြုံသွားရင်တော့ ဒုက္ခပါပဲ၊ ငွေ တစ်သိန်း ဆိုတဲ့ငွေက နည်းတာမဟုတ်ဘူး၊ ခေါင်းရင်းအိမ်ကလင်မယားက လည်း စိတ်ခတ်ကောင်းတာမဟုတ်ဘူး၊ သိန်းဆုကြီးပေါက်နေမှန်းသိရင် ထီလက်မှတ်ကို ပြန်ပေးမှာ မဟုတ်ဘူး"

ဟုညည်းညူလေ၏။ ချမ်းသာက ခေါင်းညိတ်၍

"သေချာတာပေါ့ဗျာ... ဒါပေမဲ့ ကျွန်တော့်နည်းကျွန်တော့်ဟာနဲ့ လှည့်ပတ်ပြီး မေးမြန်းကြည့်ပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ ထို့နောက်တွင်မှ ချမ်းသာသည် ခေါင်းရင်းအိမ်သို့သွား၍

"မနေ့က အစ်မတို့ကလေးတွေ ကျွန်တော့်အခန်းမှာ စက္ကူလေယာဉ်ပျံလုပ်တမ်း ကစားကြပါတယ်၊ စက္ကူလေယာဉ်ပျံလုပ်ရင်း ကျွန်တော်မှတ်ထားတဲ့ လက်သမားတွေရဲ့ အကြွေးစာရင်း ပါသွားတယ်"

ဟုပြောလေ၏။ အိမ်ရှင်လင်မယားက ၎င်းတို့ကလေးများ ဆော့ကစားထားသော စက္ကူလေယာဉ်ပျံများကို အိမ်ထဲ၌ ရှာဖွေပေးလေ၏။ သို့သော် သူ၏ထိလက်မှတ်ကို မမြင်သဖြင့် ချမ်းသာသည် အလွန်စိတ်ပျက်သွားလေ၏။ သူသည် အကြံရခက်နေစဉ် ကလေးမိခင်က

"ဩော်....မနက်က သမီးကျောင်းမသွားခင် လွယ်အိတ်ထဲကို စက္ကူလေယာဉ်ပျံကလေး ထည့်သွားတာ မြင်လိုက်တယ်၊ ကျောင်းကပြန်လာမှ မေးကြည့်ပေးမယ်"

ဟုအေးဆေးစွာ ပြောလေ၏။ ချမ်းသာသည် ကလေးကျောင်းက ပြန်လာသည်အထိ စိတ်ရှည်လက်ရှည်မစောင့်နိုင်သဖြင့် ကလေးမိဘများ မသိအောင် မလွှကုန်းလမ်းတွင်ရှိသော ဆရာကြီးဦးဖိုးချစ်ကျောင်းသို့ လိုက်ခဲ့လေ၏။ ကျောင်းသို့ရောက်သောအခါ ဆရာကြီးဦးဖိုးချစ်ကို ခွင့်တောင်း၍ ကလေးနှင့်တွေ့လေ၏။ ကလေးက

"သမီးလွယ်အိတ်ထဲကို လေယာဉ်ပျံနှစ်စီးယူလာတယ်၊ တစ်စီးကို လမ်းမှာလွှတ်ပစ်လိုက်ပြီ။ တစ်စီးကိုတော့ ကျောင်းမှာ လွှတ်ရင်း ဘယ်ပျောက်သွားလဲမသိဘူး"

ဟုပြောလေရာ ချမ်းသာသည် ခေါင်းနားပန်းကြီးသွားလေ၏။ သူ၏ ထိလက်မှတ်ပျောက်ဆုံးသွားပြီထင်၏။ ပတ်ဝန်းကျင်ကို မျက်စိကစား ကြည့်ရာ စက္ကူလေယာဉ်ပျံ အရိပ်အယောင်မျှပင် မမြင်ရပေ။ ထိုအခါ အနားသို့ ရောက်လာသော ဆရာကြီးဦးဖိုးချစ်က

"ကျောင်းသားတွေ တံမြက်စည်းလှဲသေးတယ်၊ အမှိုက်တောင်းထဲမှာ ရှာကြည့်ပါဦး"

ဟုအကြံပေးလေရာ ချမ်းသာသည် အမှိုက်တောင်းကြီးအနီးသို့ပြေး၍ အမှိုက်များကို လှန်လှောရှာဖွေလေ၏။ ထိုအခါ အမှိုက်တောင်း၏ အောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com


တစ်နေရာတွင် ပြားကပ်နေသော လေယာဉ်ပျံကလေးသည် ထီလက်မှတ်ကလေးဖြစ်နေ၏။ ချမ်းသာက ပျော်ရွှင်စွာဖြင့်

"တွေ့ပြီ...တွေ့ပြီ"

ဟုအော်ဟစ်လိုက်လေ၏။ ထီလက်မှတ်ကလေးသည် မပြဲမစုတ်ဘဲ ခေါက်ရိုးကျိုးရုံသာရှိ၏။

သူသည် ထီလက်မှတ်ကလေးကိုကိုင်၍ ဆရာကြီး ဦးဖိုးချစ်ကျောင်းမှ အိမ်သို့အပြေးပြန်ခဲ့လေ၏။ ထို့နောက် ထီဆိုင်ပိုင်ရှင် လင်မယားထံမှ ထီပေါက်စဉ်ကိုယူ၍ တိုက်ကြည့်လိုက်သောအခါ ချမ်းသာ၏ ထီလက်မှတ်သည် ထီတစ်သိန်းဆုပေါက်နေကြောင်း တွေ့ရလေ၏။ ချမ်းသာသည် ပျော်ရွှင်လွန်းသဖြင့် "ဟေး" ခနဲအော်ဟစ်လိုက်လေ၏။

သူသည် ကန်ထရိုက်လုပ်ငန်းများကို အောင်မြင်စွာ ဆက်လက်လုပ်ကိုင်နိုင်ရန် ငွေကြေးများရရှိလေပြီ။ အပို့ကြီးအားပေးဆပ်နိုင်ရန် ငွေများပြေလည်သွားရုံမက ပိုလျှံ၍ပင်နေလေ၏။

ဤလုပ်ငန်းကြီးကို သူတစ်ဦးတည်းပိုင်အဖြစ် ဆက်လက်လုပ်ကိုင်နိုင်လေပြီ။ သူမျှော်မှန်းထားသော သူဌေးကြီးဆုကြီးပန်ချမ်းသာဘဝသို့ တက်လှမ်းရပေတော့မည်။

* * * * * * * *


www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာသည် မမျှော်လင့်ဘဲ ထီတစ်သိန်းဆုကြီးပေါက်သဖြင့် အပို့ကြီး၏ငွေများကို ပြန်ဆပ်နိုင်ခဲ့၏။ သူ၏ ဆုကြီးပန်ချမ်းသာ ကန်ထရိုက်လုပ်ငန်းကို တိုးချဲ့၍ ဆက်လက်လုပ်ကိုင်ခဲ့ရာ တဖြည်းဖြည်း ကြီးပွားအောင်မြင်ခဲ့လေ၏။

အိမ်ငယ်ကလေးများကို ဆောက်လုပ်နေသော ကန်ထရိုက်တာ အငယ်စားလေးဘဝမှ ဈေးများ၊ အဆောက်အဦကြီးများ ဆောက်သော အကြီးစားကန်ထရိုက်တာဘဝသို့ ကူးပြောင်းခဲ့လေ၏။ သူသည် ကျောက်မြောင်းရပ်ကွက်ထဲတွင် အိမ်ငှားမနေတော့ဘဲ ကန်တော်ကြီး ဖိုးစိန်လမ်းရှိ အိမ်နှင့်ခြံကြီးကို ဝယ်ခဲ့လေ၏။

အိမ်ကြီးကို ဝယ်ယူပြီးသောအခါ ရိုးကုမ္ပဏီမှ အကောင်းဆုံး ပရိဘောဂများကိုဝယ်ယူ၍ အလှဆင်ခဲ့လေ၏။ အစေခံများကိုလည်း ငှားရမ်းခဲ့လေ၏။ အလုပ်အကိုင်အတွက် သွားလာရန် ကားတစ်စီးကိုလည်း ဝယ်ယူခဲ့လေ၏။ သူ၏အိမ်ကြီးကို အလည်အပတ်ရောက်သူတိုင်း ကန်ထရိုက်တာ ဦးချမ်းသာရဲ့ အိမ်ကြီးက ခမ်းနားလှပါတယ်ဟု ချီးမွမ်းကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာအတွက် အရာအားလုံးပြီးပြည့်စုံခဲ့၏။ သူဌေးကြီး ဆုကြီးပန်ချမ်းသာဘဝသို့ ရောက်ရှိခဲ့လေပြီ။ ဘုန်းကြီးကျောင်းမှ ထွက်လာခဲ့သည်မှာလည်း (၈) နှစ်ပြည့်ရန် ရက်အနည်းငယ်သာလိုတော့၏။ (၈) နှစ်တင်းတင်းပြည့်သောနေ့တွင် သူ၏ဇာတိရပ်မြေမြို့ကလေးသို့ပြန်၍ သီတာနှင့်တွေ့ဆုံရပေမည်။

သူသည် လူညံ့ လူဖျင်းမဟုတ်မှန်း သီတာတို့အမျိုးအဆွေများကို သက်သေပြရပေမည်။ သူသည် မြို့ကလေးသို့ ပြန်မည့်နေ့တွင် ရင်ခုန်နှုန်းများမြန်နေမိ၏။ ထိုညတစ်ညလုံး အိပ်၍မပျော်ဘဲ မနက်အစောကြီး အိပ်ရာမှနိုးနေ၏။ သီတာနှင့် တွေ့လျှင် မည်မျှပျော်စရာကောင်းလေမည်မသိ။ သူသည် ဒရိုင်ဘာအား ကားကို ဆီရေဖြည့်စေပြီး မြို့လေးသို့ ပြန်ခဲ့၏။ ညနေစောင်းသောအခါ ဇာတိရပ်မြေသို့ ပြန်လည်ရောက်ရှိခဲ့လေ၏။

သူ၏ဒရိုင်ဘာမောင်းနှင်သော အော်စတင်ကားလေးသည် ဘုန်းကြီးကျောင်းရှေ့သို့ရောက်သောအခါ ကားကိုရပ်စေ၏။

ချမ်းသာသည် ကားပေါ်မှဆင်းကာ ဘုန်းကြီးကျောင်းဝင်းကြီးနောက်သို့ လျှောက်ခဲ့၏။ ခရေပင်ကြီးရှေ့သို့ ရောက် သောအခါ ခရေပင်ကြီးအောက်တွင် သီတာနှင့် တွေ့ဆုံခဲ့ပုံများကို ပြန်လည်မြင်ယောင်လာ၏။ ထို့နောက်သီတာနှင့် စက်ဘီးစီးသင်ခဲ့ပုံ၊ သီတာ့အစ်ကိုဘကြိုင်က သူ့အားမတူမတန်သလို ဆက်ဆံခဲ့ပုံ၊ အောက်တန်းစားကောင်ဟု၊ လက်ညှိုးငေါက်ငေါက်ထိုး၍ စွပ်စွဲခဲ့ပုံများကို ပြန်လည် မြင်ယောင်လာ၏။

ဤခရေပင်ကြီးအောက်တွင် သီတာနှင့်စတင်တွေ့ဆုံခဲ့၏။ ခရေပင်ကြီးအောက်တွင်ပင် သီတာနှင့် လမ်းခွဲထွက်ခဲ့ရ၏။ ချမ်းသာ၏ ဘဝတစ်ခုလုံးပြောင်းလဲခြင်းများကို ခရေပင်ကြီးက အစအဆုံး သိနေသကဲ့သို့ရှိလေ၏။ ချမ်းသာသည် ခရေပန်းကြွေလေးများကို ကောက်၍ မွှေးလိုက်၏။

ခရေပန်းရနံ့က မပြောင်းလဲဘဲ မွှေးပျံ့နေဆဲရှိ၏။ သီတာ၏ မေတ္တာကရော သူ့အပေါ်တွင် မပြောင်းလဲပဲရှိနေမည် လားမသိ။ သီတာသူ့ကို မြင်လျှင် ဖော်မပြနိုင်လောက်အောင် ဝမ်းသာမည်မှာ သေချာ၏။

ဆုကြီးပန်ချမ်းသာသည် အောက်တန်းစား ကောင်တစ်ယောက် မဟုတ်တော့။ သူ့တွင် စည်းစိမ်ဥစ္စာများနှင့် ပြီးပြည့်စုံသော ဘဝသို့ ရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



ပေပြီ။ (၈) နှစ်အတွင်း သူဖြစ်ချင်သည်များကို အားလုံးဖြစ်ခဲ့၏။ ထိုစဉ် သူ၏နောက်မှ အသံကို ကြားလိုက်ရသည်။

"ချမ်းသာ....မင်း..မင်း၊ ချမ်းသာမဟုတ်လား"

ချမ်းသာလှည့်ကြည့်လိုက်သောအခါ ကပ္ပိယကြီးကို မြင်လိုက်ရ၏။ ချမ်းသာက ကပ္ပိယကြီးဟု ကျယ်လောင်စွာ အော်ဟစ်၍ ပြေးဖက်လိုက်၏။ ကပ္ပိယကြီးက တဟားဟားရယ်မော၍

"ဟားဟားဟား...ဝမ်းသာလိုက်တာ ချမ်းသာရယ်၊ ဆုကြီးပန် ချမ်းသာဆိုတဲ့ နာမည်နဲ့လိုက်အောင် ချမ်းသာလာပြီမဟုတ်လား"

ဟုချီးမွမ်းလေ၏။ ထို့နောက် ကပ္ပိယကြီးက ချမ်းသာ၏ပခုံးကိုဖက်၍ ကျောင်းဘက်သို့လှည့်ကာ

"ချမ်းသာပြန်လာပြီဟေ့...ချမ်းသာပြန်လာပြီ"

ဟုကျယ်လောင်စွာ အော်ဟစ်လေ၏။ ကပ္ပိယကြီး၏အသံကြောင့် ဘုန်းကြီးကျောင်းဝင်းအတွင်းမှ ဦးပဥ္စင်းများ၊ ကိုရင်များ၊ ကျောင်းသားများ ထွက်ကြည့်ကြ၏။ ချမ်းသာကိုမြင်သောအခါ သူ၏သူငယ်ချင်း ကျောင်းသားများက ချမ်းသာကို ဝမ်းသာအားရ ဆီးကြိုနှုတ်ဆက်လေ၏။ ချမ်းသာက အားလုံးကို ကောင်းမွန်စွာ နှုတ်ဆက်၍

"ဆရာတော်ကြီး ကျန်းမာရဲ့လား"

ဟုမေးမြန်းလေရာ ကပ္ပိယကြီးက

"ကျန်းမာပါတယ်ကွာ...ဆရာတော်ကြီးကို သွားဖူးလိုက်ဦး"

ဟုပြောလေ၏။ ဘုန်းကြီးကျောင်းသားများသည် လှပသော ချမ်းသာ၏ ဓိမ်ခံကားကို တအံ့တဩ ကြည့်ရှုကြ၏။

ချမ်းသာသည် သူ၏ကားထဲမှ လှူဖွယ်ဝတ္ထုများကို ယူဆောင်၍ ဆရာတော်ကြီးအခန်းသို့ဝင်ခဲ့၏။ ဆရာတော်ကြီးအခန်းသို့မဝင်မီ ချမ်းသာက ကပ္ပိယကြီးဘက်သို့ လှည့်၍

"သီတာနဲ့တွေ့သေးလား ကပ္ပိယကြီး..သူ ကျွန်တော့်ကို သတိရ သေးရဲ့လား"

ဟုမေးမြန်းလေရာ ကပ္ပိယကြီးက

"ငါပြီးတော့ပြောပါ့မယ်...ဆရာတော်ကြီးကို ဖူးလိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ ချမ်းသာက အခန်းထဲသို့ ရောက်သောအခါ ဆရာတော်ကြီးကကျိန်းစက်ရာမှ ထထိုင်၍

"ဆုကြီးပန်ချမ်းသာ ပြန်လာပြီ...ဆုကြီးပန်တဲ့သူက လာဘ်ကြီး ဝင်စမြဲပဲကွ၊ လူချမ်းသာတစ်ယောက်ဖြစ်ခဲ့ပြီလား"

ဟုမေးမြန်းလေရာ ချမ်းသာက ဆရာတော်ကြီးအား လက်အုပ်ချီ၍

"တင့်ပါဘုရား...တပည့်တော် လူချမ်းသာတစ်ယောက် ဖြစ်ခဲ့ပါပြီ"

ဟုလျှောက်တင်လေ၏။ ထို့နောက် ဆရာတော်ကြီးအား ကပ်လှူရန် ရည်စူး၍ ဝယ်ယူလာသော လှူဖွယ်ပစ္စည်းများကို ကပ်လှူလေ၏။ ဆရာတော်ကြီးက လှူဖွယ်ပစ္စည်းများကိုလက်ခံယူ၍

"လူချမ်းသာအောင် လုပ်ဖို့က လွယ်တယ် ချမ်းသာ...စိတ်ချမ်းသာ အောင် လုပ်ဖို့ခက်တယ်၊ ရယူပိုင်ဆိုင်ချင်စိတ်များပြီး ကြိုးစားပမ်းစားလုပ်ရင် လူချမ်းသာတယ်၊ စိတ်ချမ်းသာဖို့ အတွက်ကတော့ အဲဒါတွေနဲ့ ဆန့်ကျင် ဘက်ပဲ၊ ဘဝမှာနေထိုင်တဲ့သူဟာ ရုပ်ရောစိတ်ရောချမ်းသာဖို့ခက်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရုပ်ချမ်းသာချင်တဲ့သူဟာ ရေဆန်မှာ ကူးခတ်ရတယ်၊ စိတ်ချမ်းသာချင်တဲ့သူဟာ ရေစုန်မှာ မျှောလိုက်ရတယ်၊ ရေဆန်မှာ ကူးခတ်တဲ့ သူဟာ ဘယ်လိုလုပ် ရေစုန်မှာမျှောလိုက်နိုင်မှာလဲ၊ အဲဒီနှစ်ခုက ဆန့်ကျင် ဘက်ပဲ၊ ဆန့်ကျင်ဘက်နှစ်ခုကို ပေါင်းစပ်ဖို့ခက်တယ်၊ ဒါကြောင့် တစ်ခုခုကို ရွေးတာ အကောင်းဆုံးပဲ"

ဟုမိန့်ကြားလေ၏။ ချမ်းသာသည် ဆရာတော်ကြီးအနီးမှ တွေဝေစွာဖြင့် ထွက်ခဲ့လေ၏။ ဆရာတော်ကြီးအခန်းမှ ပြန်ထွက်လာသောအခါ ချမ်းသာက

"သီတာ့အကြောင်း ပြောပါဦးဗျ...သိချင်လှပြီ"

ဟု ကပ္ပိယကြီးကိုမေးမြန်းလေရာ ကပ္ပိယကြီးက သက်ပြင်းချ၍

"သီတာတို့ မိသားစု လွန်ခဲ့တဲ့ (၅) နှစ်လောက်ကပဲ ဒီအိမ်ကြီးကို ရောင်းပြီး ပြောင်းရွှေ့သွားကြတယ်ကွ၊ ဘယ်ကိုပြောင်းတယ်ဆိုတာ ငါ့ကိုတော့ ပြောမသွားဘူး"

ဟုပြောလေ၏။ ချမ်းသာသည် ကပ္ပိယကြီး၏စကားကြောင့် ရင်ထဲတွင် လစ်ဟာသွားလေ၏။ သီတာတို့ မည်သည့်အရပ်သို့ ပြောင်းရွှေ့သွား



www.burmeseclassic.com

www.burmeseclassic.com



လေသည်မသိ။ မည်သို့ပင်ဖြစ်စေ သီတာကို မြန်မာပြည်အနှံ့ မရရအောင် ရှာဖွေရပေမည်။

အဆုံးတစ်နေ့ သီတာနှင့်သူ ပြန်လည်ဆုံတွေ့မည်ဟု ရင်ထဲတွင် ယုံကြည်နေလိုက်၏။ ထိုနေ့ညက ချမ်းသာ၏အနီးတွင် ကပ္ပိယကြီးနှင့်အတူ ဦးပဉ္စင်းများ၊ ကိုရင်များ၊ ကျောင်းသားများ ဝိုင်း၍ ချမ်းသာ၏ ဘဝ နောက်ကြောင်း ကို နားထောင်နေကြလေ၏။

ချမ်းသာက ရှစ်နှစ်တာကာလအတွင်း သူကြုံတွေ့ခဲ့သော ဘဝကြေးမုံ ဇာတ်လမ်းစုံကို စီကာပတ်ကုံးပြောပြလေ၏။

နားထောင်သူအပေါင်းသည် ချမ်းသာ၏ ဘဝနောက်ကြောင်းကို စုတ်တသပ်သပ်နှင့် နားထောင်ခဲ့လေ၏။ သူသည် နောက်တစ်နေ့သို့ ရောက်သောအခါ ဆရာတော်ကြီးကိုဝတ်ပြု၍ ရန်ကုန်မြို့သို့ ပြန်ခဲ့လေ၏။ ချမ်းသာအား တစ်ကျောင်းလုံးရှိ ဦးပဉ္စင်းများ၊ ကိုရင်များ၊ ကျောင်းသားများက ကျောင်းပြင်ဘက်သို့ လိုက်ပို့ကြ၏။ ဆရာတော်ကြီးသည် ကျောင်းပြတင်းပေါက်မှ တဖြည်းဖြည်းဝေးသွားသော ချမ်းသာ၏ကားကိုကြည့်၍

"ဆုကြီးပန်ချမ်းသာ ... ဆုကြီးပန်ချမ်းသာ ချမ်းသာလာပြီ ဆိုတော့ မင်း ဘာများလုပ်စရာ ကျန်တော့မှာလဲ"

ဟုရေရွတ်လိုက်လေ၏။ သူသည် အပြန်လမ်းတစ်လျှောက်လုံး ငယ်စဉ်ကာလ သီတာနှင့် တွေ့ဆုံခဲ့ပုံများကို ပြန်လည်တွေးတော၍လာမိ၏။ သီတာကို မတွေ့တွေ့အောင်ရှာရပေဦးမည်။

*******



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာသည် ရန်ကုန်သို့ပြန်ရောက်သောအခါ ဆုကြီးပန်ချမ်းသာ ကန်ထရိုက်လုပ်ငန်းကို ကြိုးစားပမ်းစား လုပ်ဆောင်စေရာ ရန်ကုန်ကန်ထရိုက် လောကတွင် အထူး အောင်မြင်ခဲ့လေ၏။

သူ၏ ဆုကြီးပန်ချမ်းသာ ကန်ထရိုက်ရုံးခန်းကို ဘားလမ်းတွင် ဖွင့်လှစ်ထား၏။

တစ်နေ့သ၌ ချမ်းသာသည် သူ၏မိတ်ဆွေများနှင့်အတူ ဂရင်း ဟိုတယ်၌ ညစာစားသောက်နေစဉ် သီးသန့်ခန်းတစ်ခန်းတွင် စားသောက် ဖွယ်ရာများ စားသောက်ပြီး ငွေမရှင်းနိုင်သော လူတစ်ဦးကို တွေ့ရလေ၏။

စားပွဲထိုးများက ထိုလူ၏ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော အဝတ် အစားများကို ချွတ်ယူရန် ကြံစည်နေသဖြင့် ချမ်းသာက ကရုဏာသက် သွားပြီး ထိုလူစားထားသမျှကို စိုက်ရှင်းလေ၏။ ထိုသူက

"ကျေးဇူးတင်လိုက်တာ ညီလေးရယ် ... အစ်ကိုလည်း ဆာဆာနဲ့ စားသောက်ပြီး ငွေရှင်းခါနီးရောက်မှ ပိုက်ဆံ အိတ်ပျောက်လို့ ဒုက္ခရောက်ရ တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ ချမ်းသာက

"အစ်ကိုက ဘယ်သွားမှာလဲ"

ဟုမေးမြန်းလေရာ ထိုသူက

"အစ်ကိုက မော်လမြိုင်ကပါ၊ ရန်ကုန်ကို ဒီနေ့မှရောက်တာ၊ ရန်ကုန်ကို ရောက်တာလဲ အလုပ်ရှာဖို့ပါ"

ဟုပြောလေ၏။ ချမ်းသာက

"အစ်ကို့ နောက်ကြောင်းကို ပြောပြပါဦး"

ဟုမေးမြန်းလေ၏။ ထိုသူက သက်ပြင်းချ၍

"အစ်ကို့နာမည်က ဝင်းသန်းလို့ခေါ်ပါတယ်၊ မော်လမြိုင်မှာနေတုန်းက ကြယ်သုံးပွင့်ဖိနပ်လုပ်ငန်းမှာ လုပ်ကိုင်ပါတယ်၊ ကြယ်သုံးပွင့်ဖိနပ် အခုလို အောင်မြင်ခဲ့တာ အစ်ကိုလုပ်ခဲ့လို့ပါပဲ၊ ကြယ်သုံးပွင့်ဖိနပ်တွေ စတင်တည်ထောင်စဉ်ကတည်းက အစ်ကိုဟာ ကြိုးစားပမ်းစား အလုပ်လုပ်ခဲ့တာပါ။ အစ်ကိုဟာ ဖိနပ်လုပ်ငန်းကို အစောဆုံးလာပြီး နောက်အကျဆုံး ပြန်ခဲ့တယ်၊ ဖိနပ်လုပ်ငန်းကို အစ်ကိုပိုင် ဆိုင်အလား ကြိုးစားပမ်းစားလုပ်ကိုင်ခဲ့တယ်၊ အစ်ကို့ဘဝရဲ့ အကြီးမားဆုံးရည်ရွယ်ချက်က ကြီးပွားအောင်မြင်ဖို့ပဲ၊ ဒါကြောင့် ကိုယ့်အရည်အချင်းကို နေ့စဉ်နေ့တိုင်း ဆန်းစစ်ကြည့်တယ်၊ ကိုယ့်ဘဝကို ကောင်းသထက်ကောင်းအောင် တည်ဆောက်ခဲ့တယ်၊ ဘယ်လိုအခက်အခဲမျိုးပဲကြုံကြုံ ၊ အစ်ကိုဟာ ဖွဲမလျှော့ဘူး၊ အအောင်မြင်ရင် တစ်ကြိမ်ပြီးတစ်ကြိမ် ဆက်လုပ်တယ်၊ ဘယ်အလုပ်ပဲလုပ်လုပ် မကောင်းမြင်စိတ်ထားပြီး ကြိုးစားပမ်းစားအလုပ်လုပ်တယ်၊ အဆိုးမြင်လာပြီဆိုရင် လူတစ်ယောက်ဟာ ကျဆုံးဖို့နီးလာပြီလေ၊အစ်ကိုဟာ ဖွဲလုံ့လဝီရိယလည်း အင်မတန်ကြီးတယ်၊ ဒါကြောင့် ကြယ်သုံးပွင့် ဖိနပ်လုပ်ငန်းကြီးဟာ အောင်မြင်ခဲ့တာပေါ့"

ဟုပြောလေရာ ချမ်းသာက ထိုသူလက်ကို ဝမ်းသာ အားရဆွဲကိုင်နှုတ်ဆက်၍

"ဒီလိုစိတ်ဓာတ်မျိုးရှိတဲ့သူနဲ့ ဆုံရတာ ဝမ်းသာလိုက်တာဗျာ၊ အစ်ကို့စိတ်ဓာတ်က ကျွန်တော်နဲ့ အံကိုက်ပဲ၊ အစ်ကို ဘာလို့ ဒီလိုဘဝမျိုး ရောက်ရတာလဲ ပြောပါဦး"

ဟုမေးမြန်းလေ၏။ ထိုသူက ခေါင်းညိတ်၍



www.burmeseclassic.com

www.burmeseclassic.com



"ညီလေးသိချင်ရင်တော့ ပြောရတာပေါ့ကွာ၊ အစ်ကို့ရဲ့ ကြီးစားမှု တွေကို ဖိနပ်ပိုင်ရှင် သူဌေးရဲ့သမက်ကသိတော့ မနာလိုဘူး၊ ဒါကြောင့် အစ်ကိုနဲ့ ပိုင်ရှင်သူဌေးရဲ့ ကြားမှာ အမျိုးမျိုး ကုန်းချောတော့တာပေါ့ကွာ၊ နောက်ဆုံးတော့ ဖိနပ်လုပ်ငန်းကငွေတွေကို သူဌေးသမက်က အလွဲသုံးစားလုပ်ပြီး အစ်ကို့ ခေါင်းပေါ်ပုံချတော့တာပေါ့၊ ဒီလိုနဲ့ အစ်ကိုလည်း အလုပ်ပြုတ်ခဲ့တယ်၊ အစ်ကို့မှာ မိန်းမနဲ့ကလေးရှိတယ်ညီလေးရာ၊ သူတို့အတွက် အစ်ကို အလုပ်ရှာ ရအောင် ရန်ကုန်မြို့ကို တက်လာခဲ့တာပဲ"

ဟုရှင်းလင်းပြလေ၏။ ချမ်းသာက ထိုသူ၏စိတ်ဓာတ်နှင့် သဘော တရားများကို လွန်စွာကြိုက်နှစ်သက်နေပြီဖြစ်၏။ ထိုသူ၏ စိတ်သဘော ထားသည် သူနှင့်အလွန်တူ၏။ ကြီးပွားချမ်းသာလိုသော ရည်ရွယ်ချက်ကိုလည်း သဘောကျ၏။ ဤလူသည် လူ့အဘိုးတန်ဖြစ်၏။ ဤလူမျိုးကို သူ၏ လုပ်ငန်းတွင် အသုံးချချင်၏။ ချမ်းသာက

"ဒါဆိုရင် ဒီလိုလုပ်ပါလား ကိုဝင်းသန်း၊ ကျွန်တော်က ရန်ကုန်မြို့မှာ ကန်ထရိုက်လုပ်ငန်း လုပ်ကိုင်ပါတယ်၊ ဆုကြီးပန်ချမ်းသာ ကန်ထရိုက်လုပ်ငန်း ဆိုရင် ရန်ကုန်ကန်ထရိုက်လောကမှာ မသိတဲ့သူမရှိဘူး၊ ကျွန်တော့်အလုပ်မှာ ကိုဝင်းသန်းကို မန်နေဂျာခန့်ချင်ပါတယ်။ ကိုဝင်းသန်း လုပ်နိုင် မလုပ်နိုင် ပြောပါ၊ လစာလည်း ကောင်းကောင်းပေးပါ့မယ်"

ဟုပြောဆိုလေရာ ကိုဝင်းသန်းက အားရဝမ်းသာဖြင့် ပြုံးရယ်လိုက်ပြီး

"အစ်ကိုလုပ်နိုင်တယ်ညီလေး...ညီလေးနဲ့တွေ့တာ အစ်ကို့ကို ဘုရားမ တာပဲ"

ဟုပြောလေ၏။ ချမ်းသာသည် သူ၏လုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန် ဉာဏ်လက်ရုံး ကောင်းကောင်းလိုနေသဖြင့် အရည်အချင်းရှိသော ကိုဝင်းသန်း ကိုရလိုက်သောကြောင့် ကျေနပ်သွားလေ၏။

*******



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာသည် ထိုနေ့မှစ၍ ကိုဝင်းသန်းကို မန်နေဂျာခန့်ကာ ကန်ထရိုက်လုပ်ငန်းများကို လုပ်ကိုင်စေခဲ့၏။ ကိုဝင်းသန်းသည် ချမ်းသာ ကျေနပ်လောက်အောင် ကြိုးကြိုးစားစား လုပ်ကိုင်ပြသဖြင့် ချမ်းသာသည် ကိုဝင်းသန်းအား မြှောက်စားထားလေ၏။

ကိုဝင်းသန်းနေထိုင်နိုင်ရန် ကျောက်မြောင်းဘက်တွင် အိမ်တစ်လုံး ငှားရမ်းပေးထားပြီး သွားလာ၍ လွယ်ကူစေရန် ကားတစ်စီးကိုလည်း စီစဉ်ပေးလေ၏။

မန်နေဂျာကိုဝင်းသန်းသည် ချမ်းသာ၏ စောင်မကြည့်ရှုမှုကြောင့် နေ့ချင်းညချင်းကြီးပွားသွားလေ၏။ ချမ်းသာသည် သူ၏လုပ်ငန်းများကို ကိုဝင်းသန်းနှင့် လွှဲအပ်၍ မြန်မာပြည်အနှံ့သို့ မကြာခဏ ခရီးထွက်၍ ငယ်ချစ်ဦး သီတာကို ရှာဖွေလေ့ရှိ၏။ သို့သော် မည်သို့ပင် ရှာဖွေစေကာမူ သီတာတို့ မိသားစု၏ အရိပ်အယောင်ပင် မမြင်ရပေ။

တစ်နေ့သ၌ ချမ်းသာထံသို့ သူ၏ကန်ထရိုက်လုပ်ငန်းတွင် လုပ်ကိုင်နေသူ ဦးတောကျော် ရောက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဆရာလေးကို မန်နေဂျာဝင်းသန်းနဲ့ပတ်သက်ပြီး သတိပေးချင်တယ်။ ဒီကောင် အခု ခြေလှမ်းတွေ အတော်ပျက်နေပြီ၊ အရက်၊ ဖဲ၊ မိန်းမလဲ မကင်းတော့ဘူး"

ဟုပြောလေ၏။ ချမ်းသာသည် ကိုဝင်းသန်းကို အထင်ကြီးသူဖြစ်လေရာ ဦးတောကျော်၏စကားကို အရေးမမူခဲ့ပေ။ တစ်လခန့် ကြာသောအခါ အင်းစိန်မြို့၌ ဆုကြီးပန်ချမ်းသာကန်ထရိုက်လုပ်ငန်းမှ ဆောက်လုပ်သော ဈေးရုံကြီးကို ရန်ကုန်မြို့နယ်စည်ပင်သာယာအဖွဲ့မှ စစ်ဆေးပြီး စံချိန်စံညွှန်းများနှင့် မကိုက်ညီဟုဆိုကာ ချမ်းသာတို့ လုပ်ငန်းအား တရားစွဲရန်ပြင်ဆင်လေ၏။

ထိုရက်ပိုင်းအတွင်းမှာပင် အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ စသော ဆောက်လုပ်ရေး ပစ္စည်းဆိုင်များမှ ကြွေးတောင်းစာများ ရောက်လာလေရာ ချမ်းသာသည် လွန်စွာအံ့ဩသွားလေ၏။ သူသည် မည်သည့်အခါမျှ အကြွေးယူလေ့မရှိ။

မန်နေဂျာကိုဝင်းသန်းမှာမူ မော်လမြိုင်မြို့ရှိ သူ၏မိသားစုထံသို့ ရောက်နေလေ၏။ ဆုကြီးပန်ချမ်းသာ ဆောက်လုပ်ရေးလုပ်ငန်းမှ ငွေစာရင်းများကို စစ်ဆေးကြည့်သောအခါ ငွေများစွာ ပျောက်ဆုံးနေကြောင်း တွေ့ရလေ၏။

ထိုကိစ္စကို သေချာစုံစမ်းကြည့်သောအခါ မန်နေဂျာ ကိုဝင်းသန်းသည် တရုတ်တန်းရှိ လေးကောင်ဂျင်၊ အနီထောင်၊ စသောဝိုင်းများတွင် ငွေများစွာကို ရှုံးနိမ့်ပစ်ကြောင်း သိရလေ၏။ မန်နေဂျာဝင်းသန်းသည် မိန်းမ၊ အရက်၊ ဖဲတို့နှင့် မကင်းကြောင်းလည်း ထင်ရှားပေါ်လွင်လာ၏။

ချမ်းသာသည် လူယုတ်မာသန်းဝင်းကို လွန်စွာ ဒေါသဖြစ်သွားလေ၏။ သူ့အား လူယုံသတ်ခြင်းခံလိုက်ရချေပြီ။ သူယုံကြည်စွာ ခန့်အပ်ထားသော ညာလက်ရုံးက သူ့အား ဒုက္ခပေးသွားလေပြီ။ လူယုတ်မာဝင်းသန်း ပြောခဲ့သော စကားများကို ကြားယောင်လာ၏။ ချမ်းသာသည် လူတို့၏ သဘာဝကို နားမလည်နိုင်အောင်ဖြစ်ရ၏။

သူသည်ဝင်းသန်းအား ရည်မှန်းချက်၊ ရည်ရွယ်ချက်ကြီးသူ စွဲလုံ့လဝီရိယရှိသူ၊ မိမိ ကိုယ်မိမိ တိုးတက်ရန် အမြဲတစေ ကြိုးပမ်းနေသူဟူ၍ လွန်စွာအထင်ကြီးခဲ့၏။

ဝင်းသန်း၏ရည်မှန်းချက်များသည် သူ၏ရည်မှန်းချက်များနှင့်



www.burmeseclassic.com

www.burmeseclassic.com



တူသည် ထင်ခဲ့၏။ သူနှင့် စိတ်သဘောချင်းတူညီသူကို သူနှစ်သက်ခဲ့ခြင်း ဖြစ်၏။

သို့သော် ဝင်းသန်းသည် အပြောသမားသက်သက်သာဖြစ်ခဲ့၏။ လောကတွင် ထိုကဲ့သို့ အပြောသမားများ လွန်စွာများပြားကြောင်း အတွေ့အကြုံ နုနယ်သေးရှာသော ချမ်းသာမသိနိုင်သေးပေ။

များစွာသော လူတို့သည် ကြီးပွားချမ်းသာလိုသော သဘောကို တွင်တွင်ကြီးပြောဆိုကြ၏။ ၎င်းတို့သည် သူဌေးကြီးဖြစ်ချင်ကြ၏။ ထိပ်ဆုံးတန်းသို့ရောက်ချင်ကြ၏။ သူတစ်ပါး၏ရှေ့တွင် နေချင်ကြ၏။ သို့သော် ၎င်းတို့ စကားများသည် လေထဲတွင် လွင့်ပျံသွား၏။

လက်တွေ့လုပ်ကိုင်နိုင်ခြင်းမရှိကြ။ မည်သို့ပင်ဖြစ်စေ ချမ်းသာသည် လူယုတ်မာ ဝင်းသန်းအား သံကြိုးရိုက်ခေါ်ပြီးရောက်မလာသဖြင့် မော်လမြိုင်သို့ ကိုယ်တိုင်လိုက်သွားရန်စီစဉ်ရလေ၏။

*******



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာသည် မော်လမြိုင်မြို့သို့ရောက်သောအခါ ဝင်းသန်းနေထိုင်သော ရပ်ကွက်ကိုရှာဖွေရလေ၏။ ဆင်းရဲသား ရပ်ကွက်တစ်ခုတွင် ခက်ခဲစွာ ရှာဖွေသောအခါ ဝင်းသန်းနေထိုင်ရာလမ်းသို့ ရောက်လေ၏။

ဝင်းသန်းတို့ လမ်းမထိပ်တွင် လွန်စွာစုတ်ချာသော အရက်ဆိုင်လေး တစ်ဆိုင်ရှိ၏။ ထိုအရက်ဆိုင်ထဲမှ ထွက်လာသူတစ်ဦးကို မေးမြန်း ကြည့်သောအခါ ထိုသူက အာလေးလျှာလေးဖြင့်

"ဝင်းသန်းမိန်းမက ကျုပ်နှမဗျ...ဝင်းသန်းအိမ်ကို ကျုပ်သိတယ်၊ ကျုပ်လိုက်ပို့ပေးမယ်"

ဟုဆိုကာ ရှေ့မှ ယိုင်ထိုးယိုင်ထိုးဖြင့် သွားလေ၏။

ချမ်းသာသည် ထိုသူ၏နောက်မှ လိုက်ခဲ့လေ၏။ အတန်ကြာအောင် သွားပြီးသောအခါ အိမ်ဆိုင်လေးတစ်ဆိုင်နှင့် တွဲဖက်ဖွင့်ထားသော တဲအိမ်ငယ် လေးရှေ့သို့ ရောက်လေ၏။ အရက်သမားက လှည့်၍

"အဲဒါ ဝင်းသန်းတို့အိမ်ပဲ၊ ကျုပ်ကို အရက်ဖိုးပေးခဲ့ပါဦး"

ဟုဆိုသဖြင့် ချမ်းသာက အရက်ဖိုးပိုက်ဆံ တစ်မူးပေးလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com


အိမ်ဆိုင်လေးအတွင်း စျေးရောင်းမည့်သူ မတွေ့ရပေ။ ချမ်းသာသည် ခြံတံခါးကိုဖွင့်၍ ခြံထဲသို့ဝင်ခဲ့၏။

လူပယုတ်မာဝင်းသန်း ရှိမှရှိပါလေစ။ သူသည် အိမ်ငယ်လေး၏ တစ်ဘက်တွင် ရှေင်နေသော အမျိုးသမီးတစ်ဦး၏နောက်ကျောကိုမြင်ရ၏။ ချမ်းသာက အသံပြုလိုက်၏။

"ကိုဝင်းသန်းရှိပါသလား"

ချမ်းသာ၏အသံကြောင့် အမျိုးသမီးငယ်က နောက်သို့လှည့်ကြည့်၏။ ချမ်းသာသည် အမျိုးသမီးနှင့် မျက်လုံးချင်းဆုံသောအခါ ရင်တစ်ခုလုံး တလှပ်လှပ်တုန်ယင်သွား၏။ သူသည် ကိုယ့်မျက်လုံးကိုပင် မယုံနိုင်ဖြစ်သွားရ၏။ နှုတ်မှလည်း

"သီတာ...သီတာပါလား"

ဟုရေရွတ်လိုက်လေ၏။ အမျိုးသမီးသည် သူ့ကိုကြည့်၍

"ချမ်းသာ...ချမ်းသာမဟုတ်လားဟင်"

ဟုတအံ့တသြရေရွတ်လေ၏။ အရေးပိုင်ကြီး၏သမီးသည် အဘယ့်ကြောင့် ဤမျှဆင်းရဲသွားလေသည်မသိ။ ချမ်းသာက

"သီတာ...သီတာရယ်၊ ငါကတော့ နင့်ကိုရှာလိုက်ရတာ၊ နင့်နဲ့ငါ တစ်နေ့ပြန်ဆုံမယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ငါသူဌေးကြီးဖြစ်အောင် ကြိုးစား လိုက်ရတာ၊ ငါချမ်းသာလို့ မြို့ကိုပြန်ပြီးနင့်ကိုရှာတော့၊ နင်မရှိတော့ဘူး လို့သိရတယ်၊ ဒါတောင် ငါနင့်ကို မြန်မာပြည်အနှံ့ လိုက်ရှာပါသေးတယ်၊ လက်စသတ်တော့ နင်က ဒီမှာရောက်နေတာကိုး၊ နင်တို့ဘယ်လိုဖြစ်သွား တာလဲသီတာရယ်"

ဟုမချိတင်ကဲဖြစ်ဟန်ဖြင့် မေးလိုက်လေ၏။ သီတာသည် ချမ်းသာ၏စကားကို မျက်လုံးအဝိုင်းသားနဲ့ နားထောင်နေရာမှ အင့်ခနဲ ရှိုက်ငိုလိုက်ပြီး

"အလာကောင်းပေမယ့် အခါနှောင်းသွားပြီ ချမ်းသာရယ်၊ နင်သိပ် နောက်ကျသွားပြီ"

"ဟင် ...ငါဘာလို့နောက်ကျရတာလဲ"

"ငါ့မှာ ကာမပိုင်ယောကျ်ားရှိနေပြီ...ကိုဝင်းသန်းက ငါ့ယောကျ်ားပဲ"


www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုလိုက်ရာ ချမ်းသာ၏ခေါင်းထဲတွင် အိုးထိန်းစက်ကဲ့သို့ ချာချာလည်သွားလေ၏။ သူ၏ရည်ရွယ်ချက်၊ ရည်မှန်းချက်များလည်း ရေစုန်မျောသလို ဖြစ်သွားလေ၏။

ချမ်းသာက

"သီတာရယ်...နင် ငါ့ကို စောင့်ဖို့ကောင်းပါတယ်၊ ငါ့ဘဝ တစ်လျှောက်လုံး နင့်အတွက်ကြိုးစားလိုက်ရတာ၊ နင်နဲ့ပြန်ဆုံမယ်ဆိုတဲ့ အိပ်မက် လေးနဲ့ ငါပျော်ရွှင်နေခဲ့တာ၊ လက်စသတ်တော့ ငါ့အလုပ်က မန်နေဂျာ ဝင်းသန်းဟာ နင့်ယောကျ်ားဖြစ်နေတာကိုး"

ဟူသောစကားကို တတွတ်တွတ်ရေရွတ်နေလေ၏။ သီတာက ငိုရှိုက်ရင်း

"ငါ နင့်ကိုစောင့်ပါသေးတယ် ချမ်းသာရယ်...ဒယ်ဒီ ရုတ်တရက်ဆုံး သွားပြီးနောက်ပိုင်း ငါတို့စီးပွားရေး တဖြည်းဖြည်းကျဆင်းခဲ့တယ်၊ မာမီကလည်း ဖဲဝိုင်းမှာပဲ အချိန်တွေကုန်နေခဲ့ပြီး ကြွေးတွေပတ်လည်ဝိုင်းခဲ့တယ်၊ နောက်ဆုံးမှာ မာမီကလည်း ဒီစိတ်နဲ့ပဲ လုံးပါးပါးပြီး သေဆုံးခဲ့ရတယ်၊ မာမီဆုံးခါနီးမှာ ကိုဝင်းသန်းနဲ့ငါ့ကို အတင်းပေးစားခဲ့တာပဲ၊ ကိုဝင်းသန်းဟာ အစတုန်းကတော့ ရိုးသားကြိုးစားတဲ့ လူတစ်ယောက်ပါ၊ အခုတော့ အကျင့်စာရိတ္တမကောင်းလို့ မော်လမြိုင်က သူ့အလုပ်ရှင်သူဌေးက အလုပ်ထုတ်ပစ် လိုက်တယ်၊ ဒီလိုနဲ့ ရန်ကုန်မှာ အလုပ်ရှာမယ်ဆိုပြီးထွက်သွားခဲ့တာပဲ၊ အခုလည်း ရန်ကုန်မှာ ပြဿနာတက်ပြန်ပြီနဲ့တူတယ်၊ လက်စသတ်တော့ သူ့အလုပ်ရှင် သူဌေးဆိုတာ နင်ဖြစ်နေတာကိုး၊ ကိုဝင်းသန်းက ယောကျ်ားတစ်ယောက် ဖြစ်ပြီး ဘာမှအားမကိုးရဘူး၊ ငါ့ဝမ်းစာငါ ရှာဖွေစားသောက်နေရတယ်ချမ်းသာ သူဟာ မော်လမြိုင်ကို ခဏပြန်လာပြီး ဘယ်ရောက်သွားလဲ မသိဘူးချမ်းသာ"

ဟုပြောလေ၏။ ချမ်းသာသည် သီတာ့အဖြစ်ကို ကြည့်၍ မချိတင်ကဲ ဖြစ်လွန်းသဖြင့်

"သီတာရယ်...နင်ဒီလောက်ဆင်းရဲနေတာ နင့်ဆွေမျိုး အသိုင်းအဝိုင်း တွေက ပြန်မကြည့်ဘူးလား"

ဟုမေးမြန်းလေရာ သီတာက မဲ့ပြုံးလေးပြုံး၍

"လောကဓံဆိုတာ သိပ်ကြောက်ဖို့ကောင်းတယ်ချမ်းသာ၊ ငါ့ဆွေမျိုး



www.burmeseclassic.com

www.burmeseclassic.com



တွေလည်း ငါနဲ့ဘာထူးလို့လဲ၊ နင့်ကိုအောက်တန်းစားကောင်လို့ လက်ညှိုးငေါက်ငေါက်ထိုးပြီး စွပ်စွဲခဲ့တဲ့ ငါ့အစ်ကိုဘကြိုင်ဟာ ငါနဲ့ တစ်ရပ်ကွက်တည်းမှာပဲနေတယ်၊ သူလည်း ယစ်ထုပ်ကြီးလုံးလုံးဖြစ်နေပြီ"

ချမ်းသာသည် သူ့အား သီတာတို့နေအိမ်သို့ လိုက်ပြသောအရက်သမား၏ မျက်နှာကို ပြန်လည်မြင်ယောင်၍ ထိတ်လန့်သွားလေ၏။

"ဘုရား...ဘုရား၊ လောကစံဆိုတာ အင်မတန် ကြောက်ဖို့ကောင်းပါလား၊လောကမှာ ရေရာတယ်ဆိုတာ ဘာမှမရှိပါလား"

ဟုရေရွတ်လိုက်လေ၏။ ထို့နောက်တွင်မှ ချမ်းသာက

"ငါအစတုန်းက မော်လမြိုင်ကိုလိုက်လာတာ ကိုဝင်းသန်းကို တရားစွဲချင်လို့ပါ၊ ဒါပေမဲ့ ကိုဝင်းသန်းဟာ နင့်ယောကျ်ားဖြစ်နေလို့ သူ့ကိုငါတရားမစွဲတော့ပါဘူး၊ ခွင့်လွှတ်လိုက်ပါပြီ သီတာရယ်...ငါ့ရင်ထဲမှာတစ်မျိုးကြီးပဲ၊ ငါပြန်တော့မယ်၊ ငါပြန်ပါရစေ၊ နင့်ဘဝအတွက် ဘာမှမစိုးရိမ်ပါနဲ့၊ နင့်ကိုငါ ပြန်ကြည့်ပါရစေ၊ ငါရှာတာတွေအားလုံးဟာ နင့်အတွက်ပါ၊ နင်နဲ့ငါ ပြန်ဆုံဖို့အတွက် ငါရှာခဲ့တာပါ၊ အခုတော့ ဆုကြီးပန်ချမ်းသာဘဝမှာ ဘာတစ်ခုမှ အဓိပ္ပါယ်မရှိတော့ပါဘူး"

ဟုပြောဆို၍ ခေါင်းငိုက်စိုက်ချကာ ခြံထဲမှ ထွက်ခွာရန် ပြင်လိုက်၏။ သီတာက

"ချမ်းသာရယ်...ခဏနေပါဦး"

ဟုဆိုကာ အိမ်ထဲသို့ အပြေးဝင်သွား၏။ သူမပြန်ထွက်လာသောအခါ လက်ထဲတွင် တစ်စုံတစ်ခုပါလာ၏။ ချမ်းသာက လှမ်းယူလိုက်သောအခါ ငယ်စဉ်က သူရေးဆွဲပေးခဲ့သော သီတာ၏ ပုံတူပန်းချီကားလေးဖြစ်နေ၏။ သီတာက မျက်ရည်ဝိုင်းသော မျက်လုံးများနှင့် ကြည့်လျက်

"ငါ ဒီပန်းချီကားလေးကို တစ်သက်လုံး သိမ်းထားခဲ့ပါတယ် ချမ်းသာရယ်၊ ဒီလောက်ဆို ငါ့ကိုနားလည်ပါတော့"

ဟုပြောလေ၏။

"သီတာရယ်"

ချမ်းသာသည် သီတာ့ရှေ့မှ ခေါင်းငိုက်စိုက်ချ၍ ပြန်ခဲ့လေ၏။ သူနှင့်အတူ သီတာ၏ ကိုယ်ပွားပုံတူပန်းချီကားပါလာ၏။ သူ့ဘဝတွင်



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ရာ လစ်ဟာသွားသလို ခံစားရ၏။ ထိုတစ်စုံတစ်ရာသည် သူ့ဘဝ၏ အစိတ်အပိုင်းကြီးတစ်ခုလုံးလည်းဖြစ်နေပြန်၏။ သူသည် သီတာနှင့်ပြန်လည် တွေ့ဆုံလိုဈောဖြင့် စည်းစိမ်ဥစ္စာများကို ရှာဖွေခဲ့၏။ သီတာနှင့်ဝေးရပြီဟု သေချာသောအခါ ထိုအရာများသည် အဓိပ္ပါယ်မဲ့သလို ဖြစ်သွားရ၏။ သူ၏ဘဝသည် ရှင်လျက်နှင့် သေသူတစ်ဦးကဲ့သို့ ခံစားလိုက်ရ၏။

*******

၉ ၀၁ ၈၁ ၆၀ [redacted]

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာသည် မော်လမြိုင်မှ မုတ္တမတစ်ဖက်ကမ်းသို့ ကူးမည့် သင်္ဘောပေါ်တွင်ထိုင်၍ အဓိပ္ပါယ်မဲ့သော ဘဝအကြောင်းကို တွေးတောနေခိုက် သူ၏ အနောက်မှ

"ဟားဟားဟား...ဆုကြီးပန်ချမ်းသာ၊ သူဌေးကြီးဖြစ်မှ သူဌေးကြီး ဖြစ်တဲ့ ဘဝကိုပြန်ပြီး နောင်တရနေပြီနဲ့တူတယ်၊ မင်းအဖြစ်က ဘာနဲ့တူသလဲ ဆိုတော့ တောင်အမြင့်ကြီးရဲ့ ထိပ်ဖျားကို တက်ကြည့်ချင်တဲ့ ကလေး တစ်ယောက်နဲ့တူတယ်၊ တောင်ကြီးကို ပင်ပင်ပန်းပန်းနဲ့တက်ပြီး တောင်ထိပ် လည်းရောက်ရော ဘာမှလည်း မဟုတ်ပါလားဆိုတဲ့ ခံစားမှုမျိုးကို ခံစားရပြီ ထင်တယ်၊ ဒါကြောင့်လည်း အလွန်ချမ်းသာလာတဲ့သူဌေးကြီးတချို့ဟာ သူဌေးကြီးဖြစ်မှ လုပ်စရာ မရှိသလို ဖြစ်သွားတယ်ကွ"

ဟူသောအသံကိုကြားရ၍ လှည့်ကြည့်လိုက်သောအခါ တရုတ် ဘိန်းစား ရှောင်မိန်းဖြစ်နေလေ၏။ ချမ်းသာက ခေါင်းညိတ်၍

"ခင်ဗျားပြောတာ သိပ်ဟုတ်တာပဲဗျာ... ကျွန်တော့်မှာ ဘာလုပ် စရာမှ မရှိတော့ဘူး၊ စည်းစိမ်ဥစ္စာတွေရှိနေပြီ၊ ဒါပေမဲ့ ကျွန်တော့်ဘဝဟာ



www.burmeseclassic.com

www.burmeseclassic.com



ဘာ အခိပ္ပါယ်မှ မရှိတော့ဘူး”

ဟုရေရွတ်လိုက်လေ၏။ ချမ်းသာက ဆက်လက်၍

“ကျွန်တော့်မှာ ပျော်စရာလဲ မရှိတော့ဘူး၊ စိတ်လှုပ်ရှားစရာလဲ မရှိ တော့ဘူး၊ ဘဝမှာ တစ်ခုခုလိုနေသလိုပဲ”

ဟုရေရွတ်လိုက်လေ၏။ ချမ်းသာ၏စကားကို ရှောင်မိန်းက နားထောင်၍

“လူဟာ မျှော်လင့်ချက်နဲ့ အသက်ရှင်နေတာကွ၊ မျှော်လင့်ချက် ကုန်ဆုံးတာနဲ့ ဘဝဟာ ဗလာသက်သက်ဖြစ်သွားရတယ်၊ မျှော်လင့်ချက်ဆိုတာ စိတ်ချမ်းသာမှု တစ်မျိုးပဲကွာ၊ စားဝတ်နေရေး၊ ပြည့်စုံတဲ့သူတစ်ယောက်ဟာ အစားအသောက်အတွက်လည်း မပူရတော့ဘူး၊ အဝတ်အစားတွေလည်း အလျှံပယ်ပဲ၊ နေဖို့ထိုင်ဖို့ ခေတ်မီတဲ့ တိုက်တစ်လုံးလည်းရှိနေပြီ၊ မိမ်ခံကား ကောင်းကောင်းလည်း ရှိတယ်၊ ဒီလို အားလုံးပြည့်စုံသွားတဲ့ ဒုက္ခလောက် ကြီးမားတဲ့ဒုက္ခ လောကမှာ မရှိဘူး၊ ဒီလိုအားလုံးပြည့်စုံသွားတဲ့လူမျိုးဟာ စိတ်ချမ်းသာမှု ပျောက်ဆုံးသွားတော့တာပဲ၊ တကယ်တော့ လူဟာ မရသေးတာကို ရမယ် ဆိုတဲ့ မျှော်လင့်ချက်နဲ့ အသက်ရှင်နေတာကွ၊ မျှော်လင့်ချက် မရှိရင် ဘဝဟာ ဗလာဖြစ်သွားပြီ၊ မင်းအဖြစ်ဟာ ဒီအဖြစ်နဲ့ ခပ်ဆင်ဆင် တူတယ်ကွ၊ အမြင့်ဆုံးကိုရောက်တဲ့သူဟာ အနိမ့်ဆုံးကို စုန်ဆင်းချင် တဲ့သဘော ပဲ၊ လူ့သဘာဝဆိုတာ ဒါပါပဲကွာ၊ လူ့အလို နတ်မလိုက်နိုင်ဘူး ဆိုတဲ့ စကားလဲ ရှိနေတာပဲ”

ဟုပြောလေရာ ချမ်းသာသည် ရှောင်မိန်း၏စကားများကို နားထောင် ၍ ခေါင်းထဲတွင် လင်းခနဲလက်ခနဲဖြစ်သွားပြီး

“ဒါဆိုရင် ဘဝမှာ ဘယ်လိုနေထိုင်ရမှာလဲ”

ဟုမေးမြန်းလေ၏။ ရှောင်မိန်းက

“ဘဝမှာ နေထိုင်တဲ့သူဟာ ဘဝနဲ့လိုက်လျောညီထွေနေထိုင်ဖို့ အရေးကြီးတယ်၊ ဘဝနဲ့တစ်သားတည်းဖြစ်ဖို့ လိုတယ်၊ ဘဝဆိုတာ တိုက်ခိုက်ဖို့ မဟုတ်ဘူး၊ ရုန်းကန်ဖို့မဟုတ်ဘူး၊ ဆန့်ကျင်ဖို့လည်းမဟုတ်ဘူး၊ ဘဝနဲ့ တသားတည်းဖြစ်ဖို့၊ ဘဝထဲမှာ မျောလိုက်သွားဖို့လိုတယ်၊ မျောလိုက် သွားဖို့နည်းလမ်းကိုတော့ ကိုယ့်ဘာသာကိုယ် ဆင်ခြင်ကြည့်ကွ၊ အမျိုးဟာ

www.burmeseclassic.com



သင်ပေးလို့မရဘူး၊ ဆရာဟာ ငါမဟုတ်ဘူး၊ မင်းရဲ့ ခန္ဓာကိုယ်ထဲမှာ ရှိတယ်"

ဟုပြောကာ ချမ်းသာအားကျောခိုင်း၍ ထွက်ခွာသွားလေတော့၏။

ချမ်းသာသည် တရုတ်ဘိန်းစား ရှောင်မိန်း၏ နောက်ကျောကို ကြည့်၍

"ဘာဝနဲ့တစ်သားတည်းဖြစ်ဖို့လိုတယ်၊ ဘယ်လိုဖြစ်မှာလဲ"

ဟုတီးတိုးရေရွတ်ကာ ကျန်ရစ်ခဲ့လေ၏။

********

[redacted] ၄ ဟာ ၈၁ ၈၀

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာသည် သူ၏ခမ်းနားကြီးကျယ်သော အိမ်ကြီးသို့ ရောက်သောအခါ မည်သည့် အလုပ်ကိုမျှ မလုပ်တော့ဘဲ တစ်နေကုန်ထိုင်၍ တွေးတောဆင်ခြင်နေမိ၏။ သူ၏ လုပ်လက်စလုပ်ငန်းများကို ယုံကြည်စိတ်ချရသော တပည့်တပန်းများနှင့် လွှဲအပ်ထားလိုက်၏။

သူသည် မိမိကိုယ်မိမိ စိတ်ဓာတ်ကျသွားသလော ဟု သုံးသပ်ကြည့်၏။ အမှန်စစ်စစ် စိတ်ဓာတ်ကျခြင်းမဟုတ်၊ ရည်မှန်းချက်မဲ့သွားခြင်းသာဖြစ်၏။ မျှော်လင့်ချက်မဲ့သွားခြင်းသာဖြစ်၏။

ဤကမ္ဘာလောကကြီးတွင် ရည်မှန်းချက်မဲ့ နေထိုင်သူများ မြောက်မြားစွာရှိ၏။ ၎င်းတို့သည် ချမ်းသာကဲ့သို့ တွေးတောဆင်ခြင်မည်မဟုတ်၊ ဤကဲ့သို့ တွေးတောဆင်ခြင်သူလည်း ရှာမှရှားလိမ့်မည်ဖြစ်၏။

သူသည်အောက်တန်းစားကောင်ဟု စွပ်စွဲခံခဲ့ရ၏။ အောက်တန်းစားကောင် ဟူသောစကားကို မခံချင်စိတ်ဖြင့် ကြိုးစားရန်းကန်ခဲ့၏။ ချမ်းသာကြွယ်ဝအောင် ကြိုးစားခဲ့၏။ ချမ်းသာ ကြွယ်ဝသောအခါ သိတာကို ရှာဖွေခဲ့၏။ သိတာကို ရှာဖွေခဲ့ခြင်းသည် သူ၏ အတ္တမာန ဖွံ့ဖြိုးမှုအတွက်



www.burmeseclassic.com

www.burmeseclassic.com


ကြိုးစားရုန်းကန်ခဲ့ခြင်းသာဖြစ်၏။

ယခု သူ့အနားတွင် သီတာမရှိတော့...သူ၏ အတ္တမာန ဖွံ့ဖြိုးမှုများလည်း အဆုံးသတ်သွားပြီဖြစ်၏။ အတ္တမာနများ သေဆုံးသွားသည့်နှယ် သူ၏ ဘဝရည်မှန်းချက်များလည်းပျောက်ဆုံးသွား၏။ တနည်းအားဖြင့်ဆိုလျှင် သူ၏အသက်ဓာတ်သည် အတ္တမာနများပင်ဖြစ်၏။ အတ္တမာနများ မရှိတော့သောအခါ အသက်ဓာတ်ပျောက်ဆုံးသွား၏။

ယခုတော့ ချမ်းသာဘာလုပ်ရမည်မသိ။

သူသည် လေးနက်စွာ စဉ်းစားဆင်ခြင်ကြည့်ရင်း အဖြေရှာမရသည်နှင့် ခြံဝင်းထဲသို့ထွက်ခဲ့၏။ ခြံဝင်းတစ်နေရာတွင် ရေစီးနေသောစမ်းချောင်းလေးရှိ၏။ စမ်းချောင်းလေးပေါ်တွင် သစ်သားတံတားတစ်ခုထိုးထား၏။ ချမ်းသာသည် တံတားဆီသို့ ဖြည်းညှင်းစွာလျှောက်ခဲ့လေ၏။ သူသည် တံတားဘေးတွင်ရပ်၍ စီးဆင်းနေသော ရေအလျင်ကို ကြည့်ရှုနေမိ၏။

ထိုအခါ ရေထဲတွင် အတားအဆီးမဲ့မျောပါသွားသော သစ်ရွက်လေးများကို မြင်၏။ ဘဝဆိုတာ တိုက်ခိုက်ဖို့ မဟုတ်ဘူး၊ ရုန်းကန်ဖို့ မဟုတ်ဘူး၊ ဆန့်ကျင်ဖို့လည်း မဟုတ်ဘူး၊ ဘဝနဲ့တစ်သားတည်းဖြစ်ဖို့၊ ဘဝထဲမှာ မျောလိုက်သွားဖို့လိုတယ် ဟူသော ရှောင်မိန်း၏စကားကို ပြန်လည်ကြားယောင်လာ၏။

သူသည် မျောပါသွားသော သစ်ရွက်လေးကို ကြည့်၍ သူ၏ ဘဝကို ရေစီးထဲသို့ မျောဝင်ကြည့်၏။ ရေစီးသည် သူ့အား သယ်ဆောင်သွားလေ၏။ သူသည် အတားအဆီးမရှိ ရေစီးထဲသို့ မျောချင်ရာမျောပါသွား၏။ ထိုအခါ သူသည်တိုက်ခိုက်ခြင်းမရှိ၊ ရုန်းကန်ခြင်းမရှိ၊ ဆန့်ကျင်ခြင်းလည်းမရှိတော့၊ ရေစီးနှင့် တစ်သားတည်းဖြစ်သွားလေ၏။

သူ၏ဘဝသည် ရေစီးနှင့်အတူ မျောပါသွားလေ၏။ သူ၏ဘဝသည် ကောင်းကင်တွင် လွင့်မျောနေသော တိမ်တိုက်များနှင့် တူညီသွား၏။ ထိုအခါ သူ၏ခန္ဓာကိုယ်ထဲတွင် လင်းခနဲ လက်ခနဲဖြစ်သွားပြီး တစ်စုံတစ်ရာကို နားလည်သဘောပေါက်သလိုရှိသွား၏။

သူသည် တစ်ကိုယ်လုံးတသိမ့်သိမ့်တုန်အောင် ကျေနပ်ပီတိဖြစ်



www.burmeseclassic.com

www.burmeseclassic.com


သွား၏။ လောကနှင့် တစ်သားတည်းနေထိုင်ရန် နည်းလမ်းကို သူနားလည်သဘောပေါက်သွား၏။

အမှန်စင်စစ် ဘဝဟူသည် လျှောက်ရန်လမ်းမရှိ၊ လျှောက်ခြင်းသာရှိ၏။ လူပေါင်းများစွာတို့သည် ဘဝတွင် လျှောက်ရန် လမ်းရှိသည်ဟု ထင်ရ၏။ ဘဝလမ်းများသည် ကောင်းကင်ရှိ ငှက်များ သွားလာသကဲ့သို့ပင် အရာထင်ခြင်းမရှိ။ ဘဝတွင် နေထိုင်သူသည် ဘဝနှင့် တစ်သားတည်းကျအောင် နေဖို့လိုသည်။ ဘဝဟူသည် ရန်းကန်တိုက်ခိုက် ဖို့မဟုတ်။ ဘဝတွင်အလိုက် သင့် မျောပါတတ်ဖို့ လို၏။

ရေဆန်တွင် ကူးခတ်နေသူသည် မကြာမီ လက်ပန်းကျလာလိမ့်မည်။ ထိုအခါ ရေစီးက သူ့အားသယ်ဆောင်သွားလိမ့်မည်။ ရေစုန်တွင် မျောပါတတ်ဖို့လိုသည်။

သူသည် ရေစုန်တွင် မျောပါတတ်သောသဘောကို နားလည်သဘောပေါက်သွားချိန်၌ သူပိုင်ဆိုင်သော စည်းစိမ်ဥစ္စာများသည် အကျိုးမဲ့ဖြစ်သွားလေ၏။ သူသည် မည်သည့်အရာကိုမျှ သိမ်းပိုက်ထားခြင်းမရှိတော့။

တစ်နည်းအားဖြင့် သူသည်..... ဆုပ်ကိုင်ထားခြင်း မရှိတော့။

သူသည်..... တိမ်လိုလွင့်နေသူတစ်ဦး ဖြစ်သွား၏။

အစဉ်သဖြင့်... လွတ်လပ်သော လူသားတစ်ဦးလည်း ဖြစ်သွား၏။

BURMESE CLASSIC

*******


www.burmeseclassic.com

www.burmeseclassic.com



အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် တစ်လခန့်အကြာတွင် ဆုကြီးပန်ချမ်းသာ ကန်ထရိုက်လုပ်ငန်းကြီးကို ဖျက်သိမ်းလိုက်ပြီး သူဌေးကြီး ဆုကြီးပန်ချမ်းသာသည် သူပိုင်ဆိုင်သော စည်းစိမ်ဥစ္စာများကို မြန်မာနိုင်ငံ အရပ်ရပ်ရှိ ဆေးရုံများ၊ ပရဟိတလုပ်ငန်းများသို့ ခွဲဝေလှူဒါန်းလိုက်ကြောင်း သူရိယ၊ သံတော်ဆင့်၊ မြန်မာ့အလင်း စသော သတင်းစာကြီးများတွင် စိတ်ဝင်စားဖွယ် သတင်းတစ်ပုဒ်နေဖြင့် ဖတ်ရှုရလေ၏။

သတင်းစာများတွင် မပါဝင်သော အကြောင်းမှာ မော်လမြိုင်မြို့တွင် နေထိုင်သော ဆုကြီးပန်ချမ်းသာ၏ငယ်ချစ်ဟောင်းသီတာအား အမွေ မြောက်မြားစွာ ပေးခဲ့ကြောင်း သတင်းပင်ဖြစ်၏။

ဆုကြီးပန်ချမ်းသာသည် ထိုနေ့မှာပင် သူ၏ခမ်းနားကြီးကျယ်သော အိမ်ကြီးမှ အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် ဆင်းခဲ့လေ၏။ သူ၏ဆံပင်များ၊ မုတ်ဆိတ်မွေးများကို ရိတ်ပယ်ခြင်းမပြုတော့ပေ။ သူသည် တိမ်လိုလွင့်နေသူ တစ်ဦး ဖြစ်ခဲ့၏။ သူ၏စိတ်အကြည်ဓာတ်ကလေးသည် လေနှင့်အတူသွား၍ လေနှင့်အတူလာ၏။ သူသည် သိမ်းပိုက်ခြင်း ကင်းသူတစ်ဦး ဖြစ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com


ထို့ကြောင့် သူ၏မျက်နှာသည် ထာဝစဉ် ငြိမ်းချမ်းနေ၏။

သူ့အားဘုန်းကြီးများ၊ ရသေ့များ၊ လူပြိန်တော်များက အလုအယက် တရားပြကြ၏။ သူသည် အားလုံး၏ တရားများကို ငြိမ်သက်စွာ နာယူ၏။ သူကိုယ်တိုင်ကမူ တရားပြရန် တောင်းပန်သူများရှိစေကာမူ တရားပြခြင်းမရှိ။ သူက

"သင်တို့ရဲ့ ဆရာအစစ်ဟာ သင်တို့ရဲ့ ခန္ဓာကိုယ်ထဲမှာပဲရှိပါတယ်၊ အဲဒီ အရာကို သင်တို့ကို ပြောပြရင်လည်း အစစ်အမှန်ကို သိမှာမဟုတ်ဘူး။ ဒါကြောင့် တရားပြလို့ရမှာမဟုတ်ဘူး၊ ရင်ထဲက ဆရာအစစ်ကို တွေ့အောင် ရှာကြပါ။ တကယ်တော့ စကားလုံးတွေဟာ အစစ်အမှန်နဲ့ ဝေးလွန်းပါတယ်၊ တစ်ခါတလေ လွဲချော်သွားတာတောင်ရှိနိုင်ပါတယ်"

ဟုပြောလေ၏။

*******

www.burmeseclassic.com



တစ်နေ့သ၌ ချမ်းသာသည် မြို့ကလေးတစ်မြို့၏ မြို့စွန်ရှိ အရိပ်ကောင်းစွာရရှိသော ညောင်ပင်ကြီးအောက်တွင် ငြိမ်းချမ်းစွာ နေထိုင်နေစဉ် သူ၏အနီးသို့ ကလေးငယ်တစ်ဦးရောက်လာပြီး သတင်းစာစက္ကူ အဟောင်းဖြင့်ထုပ်ထားသော ဘီန်းမုန့်များကို ကပ်လှူလေ၏။

သူသည် ကလေးငယ်ကို ကောင်းမွန်စွာ ဆုတောင်းပေးလိုက်ပြီး ဘီန်းမုန့်များကို စားသောက်လေ၏။ ဘီန်းမုန့်များကုန်စင်သွားသောအခါ သတင်းစာစက္ကူကို လွှင့်ပစ်ရန် ကြံလိုက်စဉ် သူ၏မျက်လုံးများက သတင်းစာ စက္ကူပေါ်သို့ အကြည့်ရောက်သွားလေ၏။

သတင်းစာသည် လွန်ခဲ့သောနှစ်များစွာက သတင်းစာဖြစ်၏။ သတင်းစာထဲတွင် ဆုကြီးပန်ချမ်းသာကန်ထရိုက်လုပ်ငန်းကြီး ဖျက်သိမ်းလိုက်ပြီး သူဌေးကြီးဆုကြီးပန်ချမ်းသာက စည်းစိမ်ဉစ္စာများကို စွန့်လွှတ်၍ မြန်မာနိုင်ငံ အရပ်ရပ်ရှိဆေးရုံများ၊ ပရဟိတလုပ်ငန်းများကို ခွဲဝေလှူဒါန်းလိုက်ကြောင်း ရေးသားထား၏။

ချမ်းသာအိမ်ပေါ်မှ ဆင်းလာသောနေ့က ထုတ်ဝေသော သတင်းစာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ချမ်းသာသည် ထိုသတင်းစာကို မမျှော်လင့်ဘဲဖတ်ရှုမိရင်း ကပ်လျက် သတင်းတစ်ပုဒ်ကို မျက်လုံးရောက်သွားပြန်၏။ ထိုသတင်းမှာ မော်လမြိုင်တွင် နေထိုင်သော ဝင်းသန်းဆိုသူသည် အရက်များကို အလွန်အကျွံ သောက်သုံး၍ မုတ္တမဆိပ်ကမ်းတွင် ဆိုပ်ခံဘောတံတားပေါ်မှ ပြုတ်ကျသေဆုံးသွားကြောင်း သတင်းပင် ဖြစ်လေ၏။

ချမ်းသာသည် ထိုသတင်းနှင့် ပတ်သက်၍ မည်သို့မျှ မခံစားရဘဲ
"သဗ္ဗေသတ္တာ ကမ္မသကာ"
ဟုတီးတိုးရေရွတ်လိုက်လေတော့၏။

မင်းမြတ်သူရ

၉ ၁၁ ၀၁ ၀၀

www.burmeseclassic.com